# တောင်ပေါ်မှာ ဘာဆွဲဆောင်မှုရှိပါသလဲ?

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၅ - ၀၇၂၅ အီး။

1 ၁။ ကျွန်တော်တို့အားလုံး ခေါင်းငုံ့ ဆု တောင်း ကြပါစို့။ ခမည်းတော်ဘုရားသခင်ဒီနေ့ညကျွန်တော်တို့ လှိုက်လှဲစွာနဲ့ ဆုတောင်းလိုပါတယ်။ ကိုယ်တော်ရှင် ဒီနေ့ဒီရက်မှာလူတွေအတွက် အမှုပြုတာကို မြင်ပြီးတော့ ကျွန်တော်တို့အားလုံးကိုယ်တော်ရှင့်ထံတော်ပါးကို တိုးဝင်ချဉ်းကပ်ပြီးတော့ ဆုတောင်း ကြပါတယ်။ကိုယ်တော်ရှင် ကျွန်တော်တို့ကို ယုံကြည်ခြင်း သက်သက်သာပေးပါ။ နှုတ်ကပတ်တော်ဟာသမ္မာတရား ဖြစ်တယ်ဆိုတာ ယုံကြည်နိုင်ဘို့ မစတော်မူပါ။ ကျွန်တော်တို့ကိုဖေါ်ပြထားတဲ့ ရေးသားထားတဲ့ နှုတ်ကပတ်တော်ကို ကျွန်တော်တို့ တွေ့မြင်နိုင်အောင်မစတော်မူပါ။ ဒီအရာတွေကို ချပေးသနားတော်မူပါအဖ၊

ယနေ့ည ကျွန်တော်တို့ ကိုယ်တော်ရှင်ကိုကျေးဇူးတင်လိုတဲ့အရာကတော့ သမ္မာကျမ်းစာနဲ့ပတ်သက်လို့ ကျွန်တော်တို့ နည်းရရှိတဲ့အတွက်ဘဲဖြစ်ပါတယ်။ ဒီနေ့ည ကျွန်တော်တို့ ဆုတောင်းပါတယ်။ ဆုတောင်းဘို့ရန်အတွက်တန်းစီပြီးတော့ ကျွန်တော်တို့ စောင့်ဆိုင်းပါတယ်။ ကိုယ်တော်ရှင်ပြည့်စွန်တဲ့အရာကတော့ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ် တော်ဟာသမ္မာတရားဖြစ်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တို့ သိစေရန် မစတော်မူပါ။

အသင်းတော်တွေအားလုံးအသင်းသားတွေအားလုံးအတွက် ကျွန်တော်တို့ စုပေါင်းပြီးတော့ ဆုတောင်းကြပါတယ်။တနိုင်ငံလုံးမှာရှိတဲ့ မိုက်ကရိုဖုန်းကလေးတွေ အားလုံးမှတစ်ဆင့် ဆုတောင်းပေးခြင်းဘဲဖြစ်ပါတယ်။ အနောက်ဖက် ကမ်းခြေကနေပြီး တော့ အရီဇိုးနားတောင်တန်းပေါ်ရှိ နောက်ပြီးတော့တစ်ကဆက်လွင်ပြင်အထိ၊ နောက်ပြီး တော့ အရှေ့ဖက်ကမ်းခြေအထိတစ်နိုင်ငံလုံးဖြတ်ကျော်ပြီးတော့ ကိုယ်တော်ရှင် သူတို့စုဝေး၊ဆုတောင်းနေတဲ့အချိန်မှာ နားညောင်းတော်မူပါ။ အချိန်နာရီပေါင်းများစွာ ကွာဝေးသော်လည်း ကျွန်တော်တို့ အချိန်မီရောက်လာပါတယ်။ သို့သော်လည်း ကိုယ်တော်ရှင် ကျွန်တော်တို့အတူတကွ ဒီည တယူနစ်ထဲ ယုံကြည်သူအားလုံး မေရှိယကြွလာတော်မူခြင်းကို စောင့်မျှော်လျှက်ရှိပါတယ်။ ကျွန်တော်တို့ ဆုတောင်းပါတယ်။ ကောင်းကင်ဘုံရှင် အဖခမည်း တော်ကိုယ်တော်ရှင်ဟာ ကိုယ်တော်ရှင်ရဲ့ အသင်းတော်အတွက် ကိုယ်တော်ရှင်ရဲ့ သားတော်ကိုစေလွှတ်တော်မူပါ။ သခင်ယေရှု နာမတော်မြတ်၌ ဆုတောင်းပါတယ်။ အာမင်။

2 ၂။ ခင်ဗျားတို့ထိုင်နိုင်ပါပြီ။ ခရစ်ယာန်တွေအားလုံး ဒီနေ့ရောက်ရှိလာတဲ့သူတွေ အားလုံးကိုကြိုဆိုနုတ်ဆက်လိုက်ပါတယ်။ ကျွန်တော်တို့ စိတ်မကောင်း ဖြစ်မိတာကတော့နေရာထိုင်ခင်းတွေ အကုန်လုံး ပြည့်ကျပ်နေပြီးတော့ အသက်ရှုဖို့တောင် အခက်အခဲရှိနေပါတယ်။ လေအေးပေးစက်တွေ အားလုံးလည်းထိရောက်မှု မရှိတော့ပါဘူး။ လူကအရမ်းများနေပါတယ်။ သာမာန်ဘုရားကျောင်းမှာ လူပြည့်နေတယ်ဆိုကတော့ သည်လေအေးပေး စက်တွေကခင်ဗျားတို့ကို အေးခဲသွားစေနိုင်ပါတယ်။ ဒါပေမဲ့လည်း လူတိုင်းတော့ ယပ်တောင်လေးတွေကိုင်ပြီး ယပ်ခတ်နေကြပါတယ်။ ဒီလေအေးပေးစက်ကတော့ အမြင့်ဆုံးအတတ်နိုင်ဆုံး လေကိုအများဆုံးမှုတ်ထုတ်နေပါတယ်။

ကျွန်တော်တို့ဟိုးအရှေ့ဘက်ကမ်းခြေကနေပြီးတော့ အနောက်ဘက်ကမ်းခြေအထိ ကျွန်တော်တို့နုတ်ဆက်စကားပြောပါတယ်။ ခရစ်တော်၌ မိတ်ဆွေ၊ ညီအစ်ကိုမောင်နှ တွေ အကုန်လုံး၊ နားထောင်နေတဲ့သူအားလုံးကိုနုတ်ဆက်ပါတယ်။ စန်ဂျိူး မှာရှိတဲ့ ညီအစ်ကိုတွေအားလုံးကိုနုတ်ဆက်ပါတယ်။ ဘရာသာ ဘော်ဒါ နဲ့သူ့အဖွဲ့ဝင်တွေကိုလည်းနုတ်ဆက်ပါတယ်။ အဲ့ဒီတောင်ပေါ်မှာရှိတဲ့ လူတွေအားလုံးကို ကျွန်တော်တို့ ကြိုဆိုနုတ်ဆက်ပါတယ်။ ဖရိစ်စကော့ အရီဇိုးနား မှာရှိတဲ့ ဘရာသာ လီယိုမာစီယာနဲ့သူ့ရဲ့အပေါင်းအဖေါ်တွေအားလုံးကို ကြိုဆိုနုတ်ဆက်ပါတယ်။ သူတို့ကတော့ကိုယ်ရှင်ကြွလာတော်မူမယ်ဆို တာကို စောင့်မျှော်လျက်ရှိပါတယ်။ ကျွန်တော်တို့တူလ်စန်မှာ ရှိတဲ့လူတွေကိုလည်း နုတ် ဆက်လိုက်ပါတယ်။ ဒီည သူတို့အားလုံးစုဝေးနေကြမယ်လို့ ယုံကြည်ပါတယ်။ ကိုယ်တော်ရှင် ဒုတိယအကြိမ် ကြွလာတော်မူတော့မယ်ဆိုတာ စောင့်စားလျှက်ရှိပါတယ်။ တက္ကဆက် ပြည်နယ်မှာရှိတဲ့ ဟက်စန်ကိုလည်းကျွန်တော်တို့ အဲဒီမှာ စောင့်စားနေတဲ့သူတွေကိုလည်း နုတ်ဆက်ပါတယ်။ရှီကာဂိုမှာရှိတဲ့လူတွေ ကိုယ်တော်ရှင် ကြွလာတော်မူမယ် ဆိုတာ မျှော်လင့်တဲ့သူတွေအားလုံးကို နုတ်ဆက်လိုက်ပါတယ်။ အရှေ့ဖက်ကမ်းခြေ၊ နယူးယောက်၊ ကနက်တိကက်နဲ့အဲဒီမှာရှိတဲ့ အဖွဲ့အစည်းကြီးကြီးမားမားကိုလည်း နုတ်ဆက်ပါတယ်။ သူတို့ဟာ ကိုယ်တော်ရှင် ကြွလာတော်မူခြင်းကိုစောင့်မျှော်လျှက်ရှိပါတယ်။ သူတို့အားလုံးထိုင်နိုင်ဘို့အတွက် ကျွန်တော်တို့နေရာ မစီစဉ်ပေးနိုင်ပါဘူး။ တယ်လီဖုန်းအားဖြင့်ဘဲကျွန်တော်တို့က နှုတ်ကပတ်တော်ကို သူတို့ထံကိုရောက်အောင် ဟောပြောခြင်းဘဲ ဖြစ်ပါတယ်။ ဘရာသာဂျူနီယာဂျက်ဆင်ကို ကျွန်တော်တို့ နှုတ်ဆက်လိုက်ပါတယ်။ သူနဲ့တကွသူ့အဖွဲ့ဝင်တွေလည်း ပါပါတယ်။ ကလပ်စ်ဒေးက လာကြခြင်းဘဲ ဖြစ်ပါတယ်။ ဘရာသာ ရယ်ဒယ်ကို လည်းနှုတ်ဆက်လိုက်ပါတယ်။ သူကတော့ သူ့အဖွဲ့ဝင်တွေနဲ့အတူ ရှိနေပါတယ်။ သူလည်းကိုယ်တော်ရှင် ကြွလာတော်မူခြင်းကို မျှော်လင့်လျှက်ရှိပါတယ်။ သူကတော့ အပေါ်ထပ်(၆၂) မှာ ရှိပါတယ်။ ဒီအိမ်ဘုရားကျောင်းလေး တဲတော်လေးမှာ ကျွန်တော်တို့ ဒီနေ့ညစုဝေးလျှက် ကိုယ်တော်ရှင် ကြွလာခြင်းကို မျှော်လင့် လျှက်ရှိပါတယ်။

3 ၃။ ခင်ဗျားတို့အတော်များများကတော့ ဒီမနက် ဝတ်ပြုစည်းဝေးမှာ ရှိကြမှာ မဟုတ် ပါဘူး။ ဒါပေမဲ့လည်းကျွန်တော်အားလုံးတစ်ယောက်စီကို ယုံကြည်ပါတယ်။ အားလုံးမှာ တိတ်ခွေတွေတော့ ရှိကြမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ယုံကြည်တာကတော့ အတည့်မတ်ဆုံးသတင်းစကားကတော့ အသင်းတော်ကို ရပ်မှာဘဲဖြစ်ပါ တယ်။ အဲဒီအချိန်ကတော့ဘယ်အချိန်ရောက်ပြီလဲ ဆရာတို့ ဆိုတဲ့ တရားဟောချက်ဘဲဖြစ် ပါတယ်။သန့်ရှင်းသောဝိညာဉ်တော် ကျွန်တော့်အပေါ်သက်ရောက်တယ်လို့ ကျွန်တော် ခံစားမိပါတယ်။ ကျွန်တော် ဘာလုပ်လဲဆိုတာကိုလည်း ခံစားမိပါတယ်။ ကြာခဲ့ပြီ ဖြစ်ပါ တယ်။ ဒါပေမဲ့လည်းအဲဒီလို ဝိညာဉ်တော်လမ်းပြတယ်လို့ ကျွန်တော်ခံစားရပါတယ်။ ကိုယ်တော်ရှင်ဟာသူ့ရဲ့နှုတ်ကပတ် တော်အားဖြင့် ကျွန်တော်တို့ အသက်ရှင်နေထိုင်တဲ့ ခေတ်ကာလကိုဖေါ်ပြပါတယ်။ နောက်ပြီး တော့ ဒီနက်နဲတဲ့အရာတွေကို ကျွန်တော်တို့ နားလည်ဘို့အတွက်ကိုယ်တော်ရှင်

သေချာအောင်လုပ်ပေးပါတယ်။ တစ်ကယ်လည်း ဖြစ်ပျက်ခဲ့ပါတယ်။သမ္မာကျမ်းစာ ဖေါ်ပြတဲ့အတိုင်းဘဲ ပညာရှိတို့က နားလည်မှာ ဖြစ်ပါ တယ်။

သို့သော်လည်း လူမျိုးတကာ၊ နိုင်ငံတကာမှာပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ သူတို့ရဲ့တိုးတက်ခြင်းက ပိုမိုခွန်အားနည်းလာပြီးတော့ပိုမို အသိညဏ်တိုးလာခြင်းဘဲဖြစ်ပါ တယ်။ စဉ်းစားကြည့်ပါ။ ပှျမ်းမျှအားဖြင့်ကြည့်မယ်ဆိုရင် အမေရိကန်နိုင်ငံမှာဆိုရင် ယခုအချိန်မှာ အလယ်ခေတ်ကာလ ဖြစ်ပါတယ်။အသက်(၂၀) အရွယ်ရှိပါတယ်။ ခွန်အား နည်းသော်လည်း အသိညဏ်ကြွယ်ဝပါတယ်။ သူတို့မှာဂျက်လေယာဉ်များ သူတို့ခေတ် ကာလမှာ မရှိပါဘူး။ အနုမြူလက်နက်များလည်း မရှိပါဘူး။သူတို့ အသက်ရှည်ရှည် နေကြရပါတယ်။ ကျွန်တော်တို့ ပိုမိုပြီးတော့ ခွန်အားနည်းလာတယ်။အသိညဏ် တိုးပွား လာတယ်။ ကျွန်တော်တို့ရဲ့ အသိပညာတွေဟာ ကျွန်တော်တို့ကိုပျက်စီးဟေမဲ့အရာတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကို ဖျက်ဆီးမှာဘဲဖြစ်ပါတယ်။ ဘုရားသခင်က တော့ ကျွန်တော်တို့ကို ပျက်စီးစေမှာ မဟုတ်ပါဘူး။ကျွန်တော်တို့ရဲ့အသိညဏ်ကသာ ကျွန်တော်တို့ကို ဖျက်ဆီးပစ်မှာ ဖြစ်ပါတယ်။ အဲဒီလိုဘဲအမြဲတမ်းဖြစ်ခဲ့ပါတယ်။ အဲဒီလို ဘဲ တစ်ဖန်ဖြစ်အုန်းမှာ ဖြစ်ပါတယ်။

4 ၄။ ကိုယ်တော်ရှင်အလိုတော်ရှိမယ်ဆိုရင် နောက်အပတ် တနင်္ဂနွေမနက်မှာ ကျွန်တော်လည်း ဘာပြောရမယ်ဆိုတာမသိပါဘူး။ ဒါပေမဲ့လည်း ကျွန်တော် ဘုရားသခင် ကို ယုံကြည်စိတ်ချပါတယ်။ကိုယ်တော်ရှင်က ကျွန်တော်တို့ကို အသက်ရှင်ခွင့်ပေးမယ်ဆို ရင် ဘာမှဖြစ်ပျက်မှာမဟုတ်ပါဘူး။ ကိုယ်တော်ရှင် အလိုတော်အတိုင်းဘဲ ဖြစ်ပါမယ်။ ကျွန်တော်တို့ဟာနောက်အပတ် တနင်္ဂနွေနေ့ မနက်မှာ ထပ်ပြီးတရားဟောဘို့ ရည်ရွယ် ချက်ရှိပါတယ်။လူနာတွေအတွက်လည်း နောက်အပတ် တနင်္ဂနွေနေ့မှာ ဆုတောင်းပေးဘို့ အစီအစဉ်ရှိပါတယ်။နောက်ပြီးရင် အရီဇိုးနားပြည်နယ်ကို ပြန်လာမှာ ဖြစ်ပါတယ်။ မိသားစု၊ သားသမီး၊ ကလေးတွေနဲ့ပြန်လည်တွေ့ဆုံပြီးတော့ ကျောင်းအပ်ခွင့်ရမယ်လို့ ယုံကြည်ပါတယ်။ အဲဒီအချိန်မှာခင်ဗျားတို့ကိုလည်း ကျွန်တော် အသိအမှတ်ပြုမှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့တတ်နိုင်သလောက် ဒီအစည်းအဝေးပွဲတွေမှာ သူတို့ ရင့်ကျက်မှုရ လာမှာ ဖြစ်ပါတယ်။ကျွန်တော်တို့ ရည်ရွယ်ထားတဲ့ နေရာတွေလည်း ဖြစ်ပါတယ်။ ဘုရားသခင်ခင်ဗျားတို့အားလုံးကို ကောင်းချီးပေးပါစေ။

ဒီနေ့ညတော့ ကျွန်တော် (၁၅)မိနစ်လောက်နောက်ကျပါတယ်။ (၈)နာရီထိုးဖို့ (၁၅)မိနစ် ဖြစ်နေပါပြီ ၊။ ဂျက်ဖာဆင်ဗီးလ်ရဲ့စံတော်ချိန်အရ ဖြစ်ပါတယ်။ ဟိုးအရှေ့ဖက် ကမ်းခြေမှာဆိုရင် (၉)နာရီထိုးဖို့(၁၅)မိနစ်လောက် ဖြစ်ပါတယ်။ အနောက်ဖက် ကမ်းခြေ မှာဆိုရင်တော့ (၅)နာရီလောက်ပဲရှိအုန်းမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခုအ ချိန်မှာဆိုရင် နေဝင်ချိန်ဖြစ်ပါတယ်။ ခင်ဗျားတို့ကို ကျွန်တော် ပြောချင်တာကတော့ ဝတ်ပြုစည်းဝေး တိုတိုကလေးအကြောင်းဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ဘိသိတ်ကို ကျွန်တော် ကြိုးစားပြီးရှာဖွေမှာ ဖြစ်ပါတယ်။ ပြီးရင်တော့ ဆုတောင်းခံဘို့အ တွက် ကျွန်တော် ခေါ်ဖိတ်မှာဖြစ်ပါတယ်။

5 ၅။ ဒီမှာရှိတဲ့ပရိတ်သတ်ကို ကျွန်တော် အလိုရှိပါတယ်။ နောက်ပြီးတော့လည်း ပရိတ်သတ်တွေအားလုံးစုဝေးပြီးတော့ အခြားနေရာတွေမှာ စုဝေးဘို့လည်း ကျွန်တော် အလိုရှိပါတယ်။လူတစ်ချို့ရှာမယ်။ တစ်ချို့ညီအစ်ကိုတွေကိုလည်း သန့်ရှင်းသောဝိညာဉ် တော်အားဖြင့်ဘိသိတ်ပေးမှာ ဖြစဟ်ပါတယ်။ ကျွန်တော်တို့ စတင်ပြီး လူနာတွေကို ဆုတောင်းပေးတဲ့အခါမှာ လက်တင်ပြီး ဆုတောင်းမှာ ဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့ အသင်းသားတွေထဲကလည်း လာပြီးလက်တင်နိုင်ပါတယ်။ ဘုရားသခင်ကလည်း နေရာတိုင်းမှာ ရှိပါ တယ်။ ဘုရားသခင် ဘယ်နေရာမှာမဆို ကိုယ်တော်ရှင်ကို တွေ့မြင်နိုင်ပါတယ်။ တက််ကဆက်ပြည်နယ်မှာလည်း တွေ့မြင်နိုင်တယ်။ ကယ်လီဖိုးနီးယားပြည်နယ်မှာလည်း တွေ့မြင်နိုင်တယ်။ အရီဇိုးနားပြည်နယ်မှာလည်း တွေ့နိုင်ပါတယ်။ ခင်ဗျားတို့ ဘယ်နေရာမှာဘဲရှိရှိလူနာတွေအပေါ်မှာ လက်တင်ပြီးတော့ ဆုတောင်းလို့ရပါတယ်။ သူတို့ဟာ လူနာတွေအ တွက်စပြီးဆုတောင်းပေးမယ်ဆိုရင် ကျွန်တော့်ဘက်က သေချာတာကတော့ ဘုရားသခင်နားညောင်းတော်မူမယ်။ ဆုတောင်းချက်တွေကို အဖြေပေးမှာ ဖြစ်ပါတယ်။

ထူးခြားတဲ့အရာတစ်ခုကတော့ ပြီးခဲ့တဲ့တနင်္ဂနွေနေ့ညက သန့်ရှင်းသောဝိညာဉ် တော် ဘိသိတ်ပေးခြင်း ခံစားရပါတယ်။ အင်မတန်မှဘဲထူးခြားတဲ့အရာ ဖြစ်ပါတယ်။ ကျွန်တော့်မှာတော့ လပေါင်းများစွာပိုင်းခြားနိုင်တဲ့အသိကိုတော့ မရခဲ့ပါဘူး။ ဟိုတစ် ခေါက်ရောက်တည်းက ဖြစ်ပါတယ်။ကျွန်တော် အပေါ်ကို တက်ဘို့အတွက် ကျွန်တော် ဂတိပေးခဲ့ပါတယ်။ ကိုယ်တော်ရှင်တတ်နိုင်တယ်ဆိုတာ ခင်ဗျားတို့ မသိပါဘူး။ ကိုယ်တော်ရှင် အမှုမပြုဘူးလို့လည်းခင်ဗျားတို့ မပြောနိုင်ပါဘူး။ ခင်ဗျားတို့ အပေါ်ကို တက်လျှောက် ရမှာ ဖြစ်ပါတယ်။ နောက်ပြီး စောင့်နေရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အချုပ်အခြာ အာဏာပိုင်ဆိုင်နိုင်သူဖြစ်ပါတယ်။ သူလုပ်လိုတဲ့အရာကို ကိုယ်တော်ရှင် လုပ်ခြင်းဘဲဖြစ် ပါတယ်။ ဒါပေမဲ့လည်းအဲဒီမှာ ရပ်နေပါ။ ကိုယ်တော်ရှင် ဘာလုပ်သလဲဆိုတာကိုရပ်ပြီး ကြည့်ပါ။ နောက်ပြီးတော့ဘယ်လိုတွေ ဖြစ်ပေါ်လာသလဲဆိုတာ ကို သင့်အပေါ်မှာ ဘယ်လို သက်ရောက်သလဲဆိုတာကို ကြည့်ပါ။

6 ၆။ နောက်ဆုံးအချိန်မှာဒီအစည်းအဝေးပြီးဆုံးတဲ့အချိန်မှာ ဘယ်သူဘယ်ဝါဆိုတာ မသိရပါဘူး။ ဒါပေမဲ့လည်း အဲဒီမှာလူတစ်ယောက်ရှိပါတယ်။ အဲဒီလူကတော့ တစ်နေရာ ရာကနေဘဲစောင့်နေပါတယ်။ သူကအရပ်ရှည်ပါတယ်။ ခေါင်းကလည်း ထိပ်ပြောင်ဖြစ်နေ ပါတယ်။ သူဟာ အရမ်းကို နေမကောင်းတဲ့သူဖြစ်နေပါတယ်။

အဆုံးမှာတော့ ဒီပလက်ဖောင်းပေါ်ကိုလူတစ်ယောက် ရောက်လာပါတယ်။ ခေါင်းငိုက်စိုက် ချထားပါတယ်။ သူဟာ အနာရောဂါခံစားနေရတဲ့သူတစ်ယောက်လို ဖြစ်ပြီးတော့ သူ့ဗိုက်ကိုသူ လက်နှစ်ဖက်နဲ့နှိပ်ထားပါတယ်။ ဒါပေမဲ့ အဲဒီလူဟာ ပထမဆုံးလူ (သို့)ဒုတိယမြောက်လူဘဲလို့ ကျွန်တော်ကတွေးမိပါတယ်။ ဒါပေမဲ့လည်း ဘယ်အချိန်ကဘဲ ရောက်နေပါစေ၊ ကျွန်တော် သူ့အတွက်ဆုတောင်းပေးပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ထိပ်ပြောင်တယ်။ ခေါင်းကိုလည်းငိုက်စိုက်ချထားတယ်။ ကိုယ်လုံးလည်း ကြီးတဲ့သူ တစ်ယောက်ဖြစ်တယ်။ နောက်ပြီးတော့ သူကဒူးထောက်နေခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်လှည့်ပတ်ပြီးတော့ ပတ်ဝန်းကျင်ကိုကြည့်လိုက်တဲ့အခါမှာ လူတစ်ယောက်ထိုင် နေတာကို တွေ့ရပါတယ်။ သူကတော့ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါတယ်။

ကျွန်တော်က ဘယ်ကပါလဲလို့ စဉ်းစားမိပါတယ်။သေသေချာချာ ကျွန်တော် မဆုံးဖြတ်နိုင်ပါဘူး။ ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော်ခံစားရပါတယ်။ ကျွန်တော့်ရှေ့က ရှိနေတဲ့လူကို ကျွန်တော်ကြည့်ပြီး ခံစားနေရပါတယ်။ကျွန်တော့်ကို ဆွဲယူသွားသလိုမျိုး ကျွန်တော် ခံစားပါ တယ်။ ရှေ့တိုးနောက်ဆုတ်ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်က ဘရာသာနက်ဖေးလ် ကို ကြည့်လိုက်ပါတယ်။သူတို့နှစ်ဦး ဒီနေရာမှာ ထိုင်နေပါတယ်။ အဲဒီတော့ ကျွန်တော် ဘာပြောသလဲဆိုတော့အဲဒီအတွင်းပိုင်းမှာ ထိုင်နေတဲ့သူကတော့ ဒီကို ပြန်ရောက်နေပြီလို့ ကျွန်တော်ပြောလိုက်ပါတယ်။ အဲဒီလူ ဘယ်သူလဲဆိုတာကိုလည်း ကျွန်တော် မေးလိုက်ပါ တယ်။ ဘရာသာရှက်ဖတ်ဖြစ်ပါတယ်လို့ ပြောလိုက်ပါတယ်။ သူ့ကို ကျွန်တော်မမှတ်မိနိုင်လောက်အောင်ဖြစ်ရပါတယ်။ သူဟာ အနောက်မှာ ထိုင်နေတယ်၊ ခေါင်းငုံ့ပြီးဆုတောင်းနေတဲ့အတွက် ဖြစ်ပါတယ်။

သူသေတော့မယ်လို့တောင် သူ့ကိုယ်သူထင်ပါတယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ်အ နည်းငယ်ကဘဲ သူအဲဒီလိုတွေးလိုက်ပါတယ်။ သူ့ဇနီးသည်က သူ့ကို ဖိနပ်အသစ်တစ်ရံဝယ် ပေးပါတယ်။ သူက ဘာပြန်ပြောလဲဆိုတော့ ဒီဖိနပ်တွေမလိုတော့ဘူး။ ဒီလောကကြီးမှာ လည်း ရေရှည်မနေရတော့ဘူးလို့ ပြန်ပြောလိုက်ပါတယ်။

7 ၇။ ဟိုတစ်နေ့ကသူ ကျွန်တော်နဲ့တွေ့ပါတယ်။ အဲဒီကွင်းထဲမှာဘဲဖြစ်ပါတယ်။ ဘရာသာဝဒ်က အောပြီးတော့ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ငါကတော့ ဝက်ဘေးကင်တွေ၊ ဥတွေ၊ခရမ်းချဉ်သီးတွေ စားပါတယ်။ ဘာဘဲဖြစ်ဖြစ် စားလို့ရပါတယ်။ စားချင်တာ စားနိုင်တယ်လို့ပြောပါတယ်။

သူက နှိမ့်ချစွာဘဲ နေရာဖယ်ပေးပါတယ်။အနောက်မှာ သွားထိုင်လိုက်ပါတယ်။ ဟိုးအပြင်မှာ ထိုင်ပြီး ဆုတောင်းနေပါတယ်။ ဆုတောင်းကဒ် မလိုဘူးလို့ ပြောပါတယ်။ ယုံကြည်ခြင်းဘဲ လိုတယ်လို့ ပြောပါတယ်။ သူ့အခုအနာရောဂါ ငြိမ်းလား၊ မငြိမ်းလားဆို တာ ကျွန်တော် မသိပါဘူး။ ကျွန်တော်ပြောချင်တာကတော့ ဘာလဲဆိုတော့ သူတစ်ခုခုဖြစ် မယ်လို့ လူတစ်ယောက်ကထင်ပြီးဆုတောင်းနေပါတယ်။ အဲဒါဘာလဲဆိုတာကို ကျွန်တော် စဉ်းစားမိပါတယ်။အစာအိမ်ရောဂါဘဲဖြစ်ပါတယ်။ ဟိုးအနောက်မှာသွားပြီးတော့ ဆု တောင်းနေကြပါတယ်။ သခင်ယေရှုက သူ့ကို အနာရောဂါငြိမ်းစေနိုင်ပါတယ်။ ကျွန်တော် ပြောနိုင်တာကတော့အဲဒါအားလုံးပါဘဲ။ သူဆုတောင်းနေတဲ့ ဆွဲအားကတော့ အဲဒါဘဲဖြစ် ပါတယ်။ ကျွန်တော်မတွေ့မြင်ရပါဘူး။ ဒါပေမဲ့လည်း တစ်ကယ်ဘဲ ဖြစ်ပျက်ခဲ့ပါတယ်။ ကျွန်တော် မသိတာတွေဖြစ်ပျက်ခဲ့ပါတယ်။

နှုတ်ကပတ်တော်ပြန်လည်ရောက်ရှိလာပြီးဆိုတာကို လူတိုင်းက ကြားသိရတဲ့အခါ သတိပြုမိပါတယ်။ကိုယ်တော်ရှင် မိန့်တော်မူတယ်ဆိုတဲ့ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ ကျွန်တော်ကပြောနေတာမဟုတ်ပါဘူး။ ကိုယ်တော်ရှင် မိန့်တော်မူခြင်းဘဲ ဖြစ်ပါတယ်။

8 ၈။ ဒါပေမဲ့လည်းအမြဲတမ်း ဘာပြောသလဲဆိုတော့ သခင်ယေရှုက သင့်ကို ကျမ်္မာစေ ပါတယ်။ အဲဒါကတော့အမှန်တရားဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အပြစ်တွေအတွက် ကိုယ်တော်ရှင်ကဒါဏ်ရာဒါဏ်ချက်တွေ ခံရပြီးတော့ သူ့ရဲ့ဒါဏ်ချက်တော်အားဖြင့် ကျွန် တော်တို့အနာရောဂါငြိမ်းကြပါတယ်။

ကိုယ်တော်ရှင် မိန့်တော်မူတယ်ဆိုတာကိုပြောလိုက်တဲ့အခါမှာ ဘာလုပ်ရမလဲဆို တာကို သင့်ကို ပြောနေခြင်း ဘဲဖြစ်ပါတယ်။ ဘာဖြစ်ပျက်မလဲဆိုတာကိုလည်း ပြောပြနေပါ တယ်။ အဲဒီနည်းလမ်းအတိုင်းဘဲ ဖြစ်မှာဖြစ်ပါတယ်။

ကျွန်တော် ဘာပြောသလဲဆိုတော့ သခင်ယေရှုကသင့်ကို အနာငြိမ်းစေတယ်။ သင့်ကိုပြန်လည်ပြီးတော့ ကျမ်္မာစေတယ်လို့ ပြောပါတယ်။ သင်အဲဒါကို ယုံကြည်ပါတယ်။ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ဟာ အမြဲတမ်းဘဲ အဲလိုပြောပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူတယ်ဆိုတာကို ကျွန်တော် အမြဲတမ်းဘဲ ပြန်ပြောပါတယ်။

ကိုယ်တော်ရှင် ဖော်ပြထားတဲ့အတိုင်းဘဲရူပါရုံကလည်း ထပ်ခါထပ်ခါ ပြန်လည် ဖော်ပြပါတယ်။ အဲဒါကို သင်တို့ နားလည်ပါသလား?

9 ၉။ ယခုအခါမှာကျွန်တော်တို့ နှုတ်ကပတ်တော်ကို အလျင်အမြန်လှုပ်ပြီးတော့ ရောက်အောင်လုပ်ရမှာဘဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ အတော်များများ ဒီနေရာမှာရှိနေတယ်ဆိုတာကို ကျွန်တော် သိနေပါတယ်။ မိုင်ပေါင်းများစွာ ဒီနေ့ညအပြန်ခရီးလမ်းကို သွားကြရမှာ ဖြစ်ပါတယ်။ ဘုရားသခင် ခင်ဗျားတို့ကို ကောင်းချီးပေးဘို့ကျွန်တော် ဆုတောင်းပေးပါတယ်။ ခင်ဗျားတို့ကို ကူညီစောင်မဘို့၊ ကွယ်ကာစောင့်ရှောက်ဘို့၊ လမ်းတစ်လျှောက်လုံး ခင်ဗျားတို့နဲ့အတူ ဘုရားသခင်ပါရှိဘို့ ကျွန်တော်ဆုတောင်းပေး ပါတယ်။ အခု ကျွန်တော် ဒီည ဖတ်မဲ့ကျမ်းချက်ကတော့ (ရှင်မဿဲ၂၁း၁-၁၁)အထိဘဲ ဖြစ်ပါတယ်။ ရှင်မဿဲ ခရစ်ဝင်ကျမ်းဖြစ်ပါတယ်။ အခုအခါမှာခင်ဗျားတို့မှာ သမ်္မာကျမ်း စာ ပါမလာဘူးဆိုရင် ခင်ဗျားတို့ ကျမ်းချက်တွေကိုလိုက်ပြီး ရေးမှတ်ထားလို့ ရပါတယ်။

10 ၁၀။ ဒီမနက်ကျွန်တော်ဟောပြောတဲ့ သတင်းစကားကို မကြားရတဲ့သူတွေအနေနဲ့ ခင်ဗျားတို့မှာ တိတ်၊အသံဖမ်းစက် တိတ်ရီကော်ဒါ ရှိမယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်တို့တိတ်ခွေတွေကို မရောင်းပါဘူး။ ဘာကိုမှ ကျွန်တော်တို့ မရောင်းပါဘူး။ တစ်ခါတစ်လေအင်မတန်ကြီးမားတဲ့ ဝတ်ပြုစည်းဝေးကြီးတွေမှာဆိုရင် စာအုပ်တွေ ဟိုး အနောက်ဖက်မှာရနိုင်ပါတယ်လို့ ကျွန်တော်တို့ ကြေငြာပေးပါတယ်။ အဲဒီကနေ စာအုပ် တွေဖြန့်ဝေပေးပြီးတော့ ကျွန်တော်တို့ဘာမှအမြတ်မယူပါဘူး။ ဘရာသာဖေးလ်ကတော့ စာရေးဆရာဘဲဖြစ်ပါတယ်။ တိတ်ခွေတွေကိုအသံဖမ်းပြီးတော့ တိတ်ခွေနဲ့ပတ်သက်တဲ့ အစီအစဉ်တွေအားလုံးကိုလည်း ခင်ဗျားတို့ကို သူပြောပြပါမယ်။ကျွန်တော်တို့ ဒီတိတ်ခွေ တွေကို ရောင်းချခြင်း မရှိပါဘူး။ ငွေရအောင် ကျွန်တော်တို့မလုပ်ပါဘူး။ တစ်ကယ်ပြော ရမယ်ဆိုရင် တိတ်ခွေတွေ မဟုတ်ပါဘူး။ အဲဒါတွေကသတင်းစကားတွေဘဲဖြစ်ပါတယ်။ လူတစ်ယောက်က အဲဒီအသိတရားရှိမယ်ဆိုရင် အဲဒါကတော့ငွေမဟုတ်ပါဘူး။ သူတို့ တိတ်ခွေတွေ ဘယ်တော့မှလည်း ရောင်းတော့မှာ မဟုတ်ပါဘူး။လုပ်တော့မှာ မဟုတ်ပါ ဘူး။ ကျွန်တော်

တောင်းဆိုတဲ့အရာကတော့ ဘာလဲဆိုတော့ကျွန်တော်တို့ တိတ်ခွေတွေက သာရောင်းနေခြင်း ဖြစ်ပါတယ်။ (၅)ဒေါ်လာအောက်ကို သူတို့ရောင်းချနေခြင်း ဖြစ်ပါ တယ်။ (၅)ဒေါ်လာ၊ (၃)ဒေါ်လာကနေ (၅)ဒေါ်လာ ဖြစ်နိုင်ပါတယ်။အဲဒါကိုတော့ အင်မ တန်ရှည်လျားပြီး ကြီးမားတဲ့ တိတ်ခွေကြီးတွေ၊ တရားဟောချက်အရှည်ကြီးတွေအတွက်ဘဲ ဖြစ်ပါတယ်။

အမှုတော်ဆောင် တစ်ဦးအနေနဲ့ ကျွန်တော်သူ့ရဲ့တိတ်ခွေနဲ့ ပတ်သက်လို့ ကျွန် တော် တစ်ခုပေးဘို့ တောင်းပါတယ်။ (၅)ဒေါ်လာမကပါဘူး။ (၉)ဒေါ်လာတောင် ပေးရပါ တယ်။ မိနစ်(၂၀၊ ၃၀) လောက်ဘဲ ရှည်တဲ့ တရားဟောချက်ဘဲဖြစ်ပါတယ်။

11 ၁၁။ ဘာရာသာစော့မန်းကတော့ပြန်ရောက်နေပြီး သူလည်း သူဌေးမဖြစ်သေးပါဘူး။ သူတို့ တစ်ယောက်မှ သူဌေးမဖြစ်ပါဘူး။သူတို့ တိတ်ခွေတွေကို ဒီလိုဘဲ ထားထားပါတယ်။ သူတို့ ဒီအသုံးစရိတ်၊ကုန်ကျစရိတ်ဘဲရအောင် သူတို့ လုပ်ခြင်းဘဲဖြစ်ပါတယ်။ သူတို့ ဘာမှ တစ်ပြားတစ်ချပ်မှမရဘဲ သူတို့ လုပ်အားပေးခြင်းဘဲဖြစ်ပါတယ်။ သူတို့ အနေနဲ့ဒီတိတ်ခွေတွေကို ဝယ်ရပါတယ်။ တစ်ခြားလိုအပ်တဲ့အရာတွေကိုလည်း ဝယ်ရပါ တယ်။ စက်ပစ္စည်းတွေလည်း အရမ်းဈေးကြီးပါတယ်။ဒေါ်လာ တစ်သောင်းလောက်ကို ကုန်ကျစရိတ် ရှိပါတယ်။ ဒီတိတ်ခွေတွေ ထုတ်နိုင်ဘို့အတွက်ကုန်ကျစရိတ်တွေဘဲ ဖြစ်ပါ တယ်။

ကျွန်တော် နားလည်တဲ့အတွက်ကျွန်တော်ကြေငြာခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လည်း တိတ်ခွေကို ပြန်ဖွင့်ပြီးနားထောင်မယ်ဆိုရင် ကျွန်တော်တို့ ကြားရမှာ ဖြစ်ပါတယ်။အဲဒီတိတ်ခွေနဲ့ပတ်သက်လို့ကတော့ ကျွန်တော် ဘာမှ မပြောလိုပါဘူး။ စည်းဝေးပွဲတွေမှာလည်း အခွေတွေ သွင်းထားတာကို တွေ့ရပါတယ်။ ကောင်းတယ်၊ ဆိုးတယ် စသည်ဖြင့် ကျွန်တော်မပြောလိုပါဘူး။ သူတို့ရဲ့ စိတ်နှလုံးတွေဘဲ ဖြစ်ပါတယ်။ အသင်းတော်လူကြီး တွေကနေဆုံးဖြတ်ပြီးတော့ နောက်ဘယ်သူကနေ ဒီတိတ်ခွေတွေ ပြုလုပ်မလဲဆိုတာကို ဆုံးဖြတ်ကြပါတယ်။ သူ့ကို စာရေးပြီးတော့ ပို့ပေးပါတယ်။ ကျွန်တော် သိသလောက်ကတော့ အဲဒါပါဘဲ။ သူအဲဒီတိတ်ခွေနဲ့ပတ်သက်လို့ သူတို့က တာဝန်ယူကြပါတယ်။ ဘာကြောင့်လဲဆို တော့ ကျွန်တော်ကကလေးတွေကိုတောင် ဆက်ကပ်မပေးနိုင်ပါဘူး။ ကလေးတွေကို ဗတ္တိဇံပေးဘို့တွေ၊တိတ်ခွေတွေကို ထုတ်ပေးဘို့တွေ ကျွန်တော် အချိန်မရပါဘူး။

12 ၁၂။ ဒါကြောင့်မို့လို့ဒီသတင်းစကားနဲ့ ပတ်သက်လို့ ကျွန်တော် သေသေချာချာကို အလေးအနက်ထားပါ တယ်။ ့ ငမိဏာသကူ တတိယမြောက်ဆွဲအားဘဲ ဖြစ်ပါတယ်။ ကျွန် တော်တို့ သစ္စာရှိရမှာ လေးစားရမှာဖြစ်ပါတယ်။

(မဿဲ၂၂း၁-၁၁) အထိဖြစ်ပါတယ်။ အဲဒီကျမ်းချက်တွေကို ကြည့်ရှု ဖတ်ရှုပြီး တော့ သေသေချာချာလေ့လာရမှာ ဖြစ်ပါတယ်။ ယေရုရှလင်မြို့အနီးသို့ ချဉ်းကပ်၍ သံလွင်တောင်ခြေရင်းရှိဗက်ဖာဂေရွာသို့ ရောက်ကြသောအခါ ယေရှုသည် တပည့်တော် နှစ်ယောက်တို့ကို စေလွှတ်၍သင်တို့ရှေ့၌ ရှိသောရွာသို့သွားကြ၊ ထိုရွာ၌ ချည်နှောင်လျှက် ရှိသောမြည်းမနှင့်မြည်းကလေးကို သင်တို့သည် ချက်ချင်းတွေ့လိမ့်မည်။ မြည်းကြိုးကိုဖြည် ၍ငါ့ထံသို့ ဆောင်ခဲ့ကြ၊ သူတစ်ပါးသည် သင်တို့ကို တစ်စုံတစ်ခုကို ဆိုလျှင်သခင်အလိုရှိ သည်ဟု ပြန်ပြောကြလော့။ ထိုသို့ပြောလျှင် ထိုသူသည် ချက်ချင်းပေးလိုက်မည်ဟု မှာထား တော်မူ၏။ ထိုအကြောင်းမူကား သင်၏အရှင်မင်းကြီးသည်မြည်းမနှင့်မြည်းကလေးကိုစီး ၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ကြွလာတော်မူသည်ကို ကြည့်ရှုလော့ဟု၊ ဇိအုန် သတို့သမီးအား ပြောကြားလော့ဟူသောပရောဖက်၏ နှုတ်ထွက် ပြည့်စုံမည့်အကြောင်း ဖြစ်သတည်း။ တပည့်တို့သည်သွား၍အမိန့်တော်အတိုင်း ပြုသဖြင့် မြည်းမနှင့် မြည်းက လေးကို ဆောင်ခဲ့သဖြင့်မြည်းကျောပေါ်မှာ မိမိတို့အဝတ်ကို တင်ကြပြီးလျှင် ကိုယ်တော် သည် စီးတော်မူ၏။အတိုင်းမသိ များစွာသောလူတို့သည် မိမိတို့အဝတ်ကို လမ်း၌ခင်းကြ ၏။ အချို့တို့သည်သစ်ကိုင်းသစ်ခက်များကိုခုတ်၍ လမ်း၌ခင်းကြ၏။ ရှေ့နောက်လိုက်သွား သောအခြံအရံများတို့က ဒါဝိဒ်သားအား ဟောရှဏ္ဏာဖြစ်စေသတည်း၊ ထာဝရဘုရား၏အ ခွင့်နှင့်ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်း၊ ကောင်းကင်ဘဝဂ်ဝယ် ဟောရှ ဏ္ဏာဖြစ်စေသတည်းဟုကြွေးကြော်ကြ၏။ ယေရုရှလင်မြို့သို့ ဝင်တော်မူသောအခါ တစ်မြို့ လုံးအုတ်အုတ်သဲသဲဖြစ်၍ ဤသူကား အဘယ်သူနည်းဟု မေးမြန်းကြလျှင် လူအစုအဝေးတို့ က ဤသူသည်ဂါလိလဲပြည် နာဇရက်မြို့၌ပေါ်ထွန်းသော ပရောဖက်ယေရှု ပေတည်းဟု ပြောဆိုကြ၏။

ကျွန်တော့်မှာ ကျမ်းစာပါလာတယ်ဆိုရင်မိနစ်(၃၀)ခန့် အချိန်ယူပြီးတော့ ကျွန် တော် ဆုတောင်းလိုပါတယ်။ ဆုတောင်းခံမဲ့သူတွေအတွက်လည်း ကျွန်တော် ဆုတောင်း ပေးချင်ပါတယ်။ ဒီကျမ်းချက်ကိုယူပြီးတော့ ကျွန်တော် ပြောချင်ပါတယ်။ တောင်ပေါ်မှာ ဘာဆွဲဆောင်မှုရှိသလဲဆိုတဲ့သတင်းစကားဘဲပြောချင်ပါတယ်။

13 ၁၃။ ဒီနေ့ကတော့အရမ်းကိုစိတ်လှုပ်ရှားပြီးတော့မောပန်းတဲ့နေ့တစ်နေ့ဘဲဖြစ်

တယ်။ ခါတိုင်းနေ့တွေလို မဟုတ်ပါဘူး။သခင်ယေရှုဟာ ယေရုရှလင်မြို့ကိုတက်လာ ပါတယ်။ ပသခါပွဲအတွက် အဆင်သင့်ဖြစ်နေပါပြီ။ ပသခါပွဲကတော့ ပသခါသိုးသငယ် ကို သတ်ရမဲ့နေ့ဘဲဖြစ်ပါတယ်။ သိုးကိုသတ်ပြီးတော့သူ့ရဲ့သွေးကိုလည်း ကရုဏာတော် ပလ္လင်ပေါ်မှာ ယဇ်ပူဇော်မှာဖြစ်ပါတယ်။ လူတွေအားလုံးအတွက်ဘဲဖြစ်ပါတယ်။ ကိုယ် တော်ရှင်ဟာ ဘက်ဖာဂေမြို့ကနေတက်လာပြီးတော့တောင်ထိပ်ပေါ်ကိုရောက်သွားပါ တယ်။ သံလွင်တောင်ထိပ်ဘဲဖြစ်ပါတယ်။အဲဒီကနေလှမ်းပြီးတော့ ငုံ့ကြည့်လိုက်မယ်ဆို ရင် ယေရုရှလင်မြို့ကိုတွေ့မြင်နိုင်ပါတယ်။ အဲဒီကနေကိုယ်တော်ဟာကြည့်ပြီးတော့ သူ့ ရဲ့နောက်ဆုံးသူလာပြီးတော့ ယေရုရှလင်မြို့ကိုရောက်ခဲ့ခြင်းဖြစ်တယ်ဆိုတာ ကိုယ်တော် ရှင်သိပါတယ်။

ဒီအချိန်မှာတော့ ကိုယ်တော်ရှင်ဟာအပြစ်သားတွေရဲ့လက်ထဲကိုအပ်နှံခြင်းခံ ရပါတယ်။ အဲဒီလူတွေက ကိုယ်တော်ကိုသတ်ဖြတ်ဖြစ်မှာဖြစ်ပါတယ်။ ဒီကြောက်မက် ဖွယ်ကောင်းတဲ့အသေဆိုးကြီးနဲ့ သူကသေရမှာဖြစ်ပါတယ်။ အပြစ်သားတွေ သေခြင်းနဲ့ သေရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ သင်္ဂြိုလ်ခြင်းကို ခံရမယ်။ကိုယ်တော်ရှင်ရဲ့လူ ကိုယ် တိုင်က ကိုယ်တော်ကို သစ္စာဖောက်ပြီး အပ်နှံမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်နဲ့အတူ ရပ်တည်နေတဲ့လူဘဲ ဖြစ်ပါတယ်။သူတို့ရဲ့စိတ်နှလုံးထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ

ကိုယ်တော်ရှင်က ဘုရားဖြစ်တဲ့အတွက်ကြိုတင်သိနှင့်ပြီးဖြစ်ပါတယ်။ အစအဦးကတည်းက သူတို့သူ့ကိုအပ်နှံမယ်ဆိုတာ သူသိပါတယ်။ သူနှင့်အတူရှိတဲ့သူကိုလည်း ကိုယ်တော်ရှင်က သိပါတယ်။ သူ့ဘေးနားမှာရပ်တည်နေတဲ့သူဟာဖြစ်ပါတယ်။ သူ့ရဲ့ငွေတွေကို ရေတွက်ပေးတဲ့သူဘဲဖြစ်ပါတယ်။အဒီလူတွေကသူ့ကို အပ်နှံမှာဖြစ်ပါတယ်။ အင်မတန်ကြောက်မက် ဖွယ်ကောင်းတဲ့ရောမကားတိုင်ကြီး သူ့ကိုစောင့်စားနေတာဖြစ်ပါတယ်။ ဟိုးအပြင်မှာရှိ နေပါတယ်။သူ့ရဲ့ကိုယ်ခန္ဓာထဲမှာရှိတဲ့ရေနဲ့ သူ့ရဲ့ ကိုယ်ခန္ဓာထဲမှာရှိတဲ့သွေးကိုခွဲခြားပြီး သူသိပါတယ်။ သူ့ရဲ့နဖူးက သွေးစက်တွေ ကျပြီးတော့ အင်မတန်ကြီးမားတဲ့ချွေးသီးချွေး ပေါက်ကြီးတွေလို ကျမယ်ဆိုတာ သူသိပါတယ်။ သူ့ရှေ့မှာဘာဖြစ်လာမလဲဆိုတာကိုလည်း အားလုံးကို သူသိနေပါတယ်။ သူကတောင်ပေါ်မှာ ရပ်နေပါတယ်။ယေရုရှလင်မြို့ကို အပေါ်စီးကနေ ကြည့်နေပါတယ်။

14 ၁၄။ အဲဒီခေတ်ကာလကလူတွေဘာသာရေး အင်မတန်ကိုင်းရှိုင်းတဲ့လူတန်းစားလို့ သူတို့ကိုယ်သူတို့ ခေါ်ဆိုတဲ့လူတွေကကိုယ်တော်ရှင်ကို မုန်းတီးကြပါတယ်။ အဲဒီခေတ်ကာ လ အသင်းတော်တွေက ကိုယ်တော်ရှင်ကိုမုန်းတီးကြပါတယ်။ ကိုယ်တော်ရှင်ကို ငြင်းပယ် ကြပါတယ်။ ကိုယ်တော်ရှင်ကိုနားထောင်တဲ့သူတွေအားလုံးကိုလည်း သူတို့က မုန်းကြပါ တယ်။ သူတို့အားလုံးသွားကြပြီးတော့ ကိုယ်တော်ရှင်ရဲ့ တရားဟောပွဲတွေကို တက်ရောက် နားထောင်ကြတယ်ဆိုရင်ချက်ချင်းဘဲ သူတို့ရဲ့ အသင်းတော်မိတ်သဟာရ ထဲကနေပြီးတော့ မောင်းထုတ်ခြင်း ခံရပါတယ်။သမ္မာကျမ်းစာထဲမှာ ဘာဆိုထားသလဲဆိုတာကို ကျွန်တော်တို့ တွေ့တဲ့အခါမှာ အံ့ဩစရာမဖြစ်ပါဘူး။ ကိုယ်တော်ရှင်ဟာ သူ့လူတွေထံကို လာသော် လည်းဘဲ သူ့လူတွေကသူ့ကိုငြင်းပယ်ကြတယ်ဆိုတဲ့ ကျမ်းချက်ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကိုချစ်ခင်လေးစားတဲ့သူတွေအားလုံး ကိုယ်တော်ရှင်နဲ့အတူ ရှိခဲ့တဲ့သူတွေအားလုံးသူ့ရဲ့အခါးသီးဆုံး ရန်သူတွေ ဖြစ်သွားကြပါတယ်။

15 ၁၅။ အင်မတန်ဆင်းဆင်းရဲရဲတဲ့လူတန်းစားကနေ ကိုယ်တော်ရှင်ဟာ သူ့လူစုလေး၊ သူ့အစုအဝေးလေးဖြစ် အောင်သူလုပ်ခဲ့ပါတယ်။ အဲဒီလူတွေကတော့ တံငါသည်တွေ၊ အခွန်ခံတွေ၊ ပညာမတတ်တဲ့သူတွေဘဲဖြစ်ပါတယ်။ သမ္မာကျမ်းစာ ဆိုထားတဲ့အတိုင်း သူတို့ တချို့တွေဟာ ပညာမတတ်ကြပါဘူး။ဘာမှသိနား လည်ခြင်း မရှိတဲ့သူတွေဘဲ ဖြစ်ကြပါတယ်။ တချို့ဆိုရင် သူတို့နံမည်သူတို့မရေးတတ်ကြပါ ဘူး။ ကိုယ်တော်ရှင်ဟာ အဲဒီလူတွေကို ရရှိဘို့အတွက်သူတို့တက်နေတဲ့ ဘုရားကျောင်းတွေ ကိုသွားပြီးတော့ သူတို့ကို ခေါ်ခြင်းမဟုတ်ပါဘူး။

ဘုရားကျောင်းခေါင်းဆောင်တွေနဲ့လည်းကိုယ်တော်ရှင်က တစ်သဘောတည်း တစ်စိတ်ထဲ မဖြစ်ခဲ့ပါဘူး။ အဲဒါအပြင် ကိုယ်တော်ရှင်ကပရောဖက်ရဲ့ လမ်းစဉ်ကိုလိုက်ခဲ့ ပါတယ်။ သူတို့လုပ်သမျှ အရာအားလုံးကိုမမှန်ကန်ဘူးဆိုတဲ့အကြောင်းကို ပြောခဲ့ပါတယ်။ သူ့ရှေ့က ကြွလာတဲ့ ပရောဖက်တွေရဲ့နည်းလမ်းအတိုင်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆို တော့ သူတို့ပရောဖက်တွေပြောတဲ့အတိုင်းဘဲ နှုတ်ကပတ်တော်ကို သူတို့ပြောလို့ဘဲ ဖြစ်ပါ တယ်။ ကိုယ်တော်ရှင်ကိုယ်တော်တိုင်ကတော့ နှုတ်ကပတ်တော် ဖြစ်ပါတယ်။

16 ၁၆။ အဲဒီအားလုံးတို့ရဲ့အလယ်မှာ ခေတ်ကာလတိုင်းမှာ ပရောဖက်တိုင်းဟာဆိုရင် ရှိခဲ့ပါတယ်။ပရောဖက်တိုင်းလည်း ရှိရမှာ ဖြစ်ပါတယ်။ လူတွေလည်း အသင့်အတင့်ရှိရ မှာ ဖြစ်ပါတယ်။သတင်းစကားကို နားထောင်ဘို့အတွက် ကြိုတင်ပြင်ဆင်ခြင်း ခံရတဲ့သူ တွေ ဖြစ်ပါတယ်။နှုတ်ကပတ်တော်နောက်ကို သူတို့လိုက်ကြပါတယ်။ လူအုပ်ကြီးကိုလည်း သူတို့ဂရုမစိုက်ကြပါဘူး။ မယုံကြည်သူရဲ့ ဝေဖန်သုံးသပ်ချက်ကိုလည်း သူတို့ ဂရုမစိုက်ပါ ဘူး။သူတို့နဲ့လည်း အငြင်းပွားမနေပါဘူး။ သူတို့လုပ်မဲ့အရာက တစ်ခုတည်းဘဲ ဖြစ်ပါ တယ်။ အဲဒါကတော့ ယုံကြည်ဘို့ဘဲ ဖြစ်ပါတယ်။ သူတို့ရနိုင်သလောက် သူတို့ တစ်ခုစီကိုရအောင်ယူပါတယ်။ နှုတ်ကပတ်တော်ကို သူတို့ စုပ်ယူခြင်းဘဲ ဖြစ်ပါတယ်။ သခင်ယေရှုခြေတော်ရင်းမှာ မာရိကထိုင်ပြီး နှုတ်ကပတ်တော်ကို နာခံသကဲ့သို့ဘဲ ဖြစ်ပါတယ်။

မာသကတော့ ကိုယ်တော်ရှင်အတွက် ညစာကိုပြင်ဆင်နေပါတယ်။ သခင်ယေရှု က မာသကို ဘယ်လိုပြောသလဲဆိုတော့ မာသ သင်သည် လောကအရာကိုအလွန်ပင် စိတ်ပူပန်သောက ရောက်နေတယ်။ ဒါပေမဲ့လည်း မာရိကတော့ ပိုကောင်းတဲ့အရာတွေကိုဆည်းပူးနေတယ်လို့ ပြောပါတယ်။ ထာဝရအသက်နဲ့ဆိုင်တဲ့ အရာတွေဘဲ ဖြစ်ပါတယ်။

17 ၁၇။ ထိုခေတ်ထိုကာလကကျွန်တော်တို့ သိရသလောက် အဲဒီလူတွေမှာ ကျွန်တော်တို့ ခေတ်ကာလလို စာပေတွေမရှိပါဘူး။ တယ်လီဗီးရှင်းတွေ၊ တယ်လီဖုန်းတွေ ဘာမှမရှိပါ ဘူး။ ဒါပေမဲ့လည်းကိုယ်တော်ရှင် အနားမှာဘဲ သူတို့က ဝိုင်းရံနေပါတယ်။ ကိုယ်တော်ရှင် က ပသခါပွဲကိုသွားမှာ ဖြစ်ပါတယ်။ လူတွေ အတော်များများဟာလည်း ဝိညာဉ်ရေးရာ စိတ်ဓါတ်အပြည့်နဲ့ကိုယ်တော်ရှင်ဟာ ပသခါ သိုးသငယ်ဘဲဆိုတာကို သိနေကြပါတယ်။ ဘာကြောင့်လဘဲဆိုတော့ကိုယ်တော်ရှင် သူတို့ကို ကြိုပြောထားတယ်။ ဘာတွေဖြစ်ပျက်လာမလဲဆိုတာကိုလည်းဖေါ်ပြထားလို့ဘဲ ဖြစ်ပါတယ်။

ကိုယ်တော်ရှင် အဲဒီနေရာမှာ ရောက်နေမယ်ဆိုတာသိတဲ့အတွက်ကြောင့် ကိုယ် တော်ရှင်ကို ချစ်ခင်ကြပါတယ်။ သူတို့ကလည်းကိုယ်တော်ရှင်ကို စောင့်နေကြပါတယ်။ အဲဒီအချိန်မှာဘဲ လူအုပ်ကြီးက တိုးလာပါတယ်။ ဂိတ်တစ်ဂိတ်ကနေတစ်ခြားဂိတ်တစ်ဂိတ် ကို ရောက်သွားပါတယ်။ နေရာတိုင်းမှာ စောင့်ကြည့်နေကြပါတယ်။သူတို့ ဘာသိသလဲဆို တော့ ကိုယ်တော်ရှင် တစ်ချိန်ချိန်မှာတော့ရောက်လာတော့မယ်ဆိုတာကို သိနှင့်နေကြပါ တယ်။ သူတို့စောင့်ကြိုနေကြပါတယ်။

18 ၁၈။ အချို့သောသူတွေကလည်းမိန်းမောတွေဝေနေပါတယ်။ ဒီလူတွေ ဟိုဘက်ကိုပြေး လိုက်ဒီဘက်ကိုပြေးလိုက်ဟိုဘက်ဂိတ်ကနေ ဒီဘက်ဂိတ်ကို ပြေးလိုက်တာ ဘာကြောင့်လဲဆို ပြီးတော့ သူတို့လည်းမသိဘဲနဲ့ တွေဝေနေကြပါတယ်။ ဘာကဘဲ ဆွဲဆောင်မှုရှိနေလဲဆိုတာ သူတို့က မေးကြပါတယ်။

သူတို့က ဒီဘက်ကနေကြည့်တယ်။ နောက်ဟိုဘက်ကနေ ကြည့်တယ်။ ဘာလဲဆို တာကို သူတို့သိရအောင် ကြည့်နေကြပါတယ်။ တစ်စုံတစ်ခုသောအရာအတွက် သူတို့ကြည့် နေကြခြင်းဘဲ ဖြစ်ပါတယ်။ တစ်ခုခုဖြစ်လာတော့မယ်ဆိုတာကို သူတို့ မြှော်လင့်ချက်ထား ပါတယ်။

ကျွန်တော်ရဲ့ ကျမ်းချက်ကို ကျွန်တော်ခဏလေးပြောင်းလဲချင်ပါတယ်။ ဒီနေ့ဘာ ဖြစ်နေသလဲဆိုတဲ့ အကြောင်းအရာဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို ကြည့်နေတဲ့သူတွေ ကိုယ်တော်ရှင် ကြွလာတော်မူခြင်းကိုစိတ်ဝင်စားနေတဲ့ မြှော်လင့်ချက် ကြီးမားစွာ ထားတဲ့ လူတွေအကြောင်း ပြောချင်ပါတယ်။ ကျွန်တော်တို့လည်းအဲသလို ခံစားရပါတယ်။ ဖိအား တစ်မျိုးဘဲ ဖြစ်ပါတယ်။ သူတို့အားလုံး ရှာဖွေနေကြပါတယ်။ကြည့်နေကြပါတယ်။ နိမိတ်လ က္ခဏာတစ်ခုစီ၊ လှုပ်ရှားမှုတစ်ခုစီကို ကြည့်နေပြီးတော့သမ္မာကျမ်းစာနဲ့ သူတို့က ယှဉ်ပြီး လေ့လာကြပါတယ်။

19 ၁၉။ အဲဒီအရာတွေအားလုံးကိုသူတို့ တွေ့မြင်တဲ့အခါမှာ ကိုယ်တော်ရှင်နဲ့ ပတ်သက်တဲ့ အရာကိုကြိုတင်ဖေါ်ပြထားတာကို တွေ့ရပါတယ်။ အဆုံးအထိဘဲ ဖြစ်ပါတယ်။ နောက်ဆုံး သောကာလဟာနီးကပ်လာပြီဆိုတာ သူတို့သိပါတယ်။ သူတို့ အဲဒီမှာ အားလုံးရောက်နေ ချင်ကြပါတယ်။သူတို့ ကြည့်နေကြပါတယ်။ လူအုပ်ကြီးထဲမှာ တစ်စိတ်တစ်ဒေသသောသူ တွေဟာကိုယ်တော်ရှင်အတွက် ဖြစ်ပြီးတော့ လူနည်းစုဘဲ ဖြစ်နေပါတယ်။ အချို့သောသူ တွေဟာကိုယ်တော်ရှင်ကို ဆန့်ကျင်ထားပါတယ်။ လူများစု ဖြစ်ပါတယ်။ လူ ၉၀%ကတော့ ကိုယ်တော်ကိုဆန့်ကျင်နေကြပါတယ်။

ဒီနေ့ ဘာသာရေး လူထုကြီးကိုကြည့်မယ်ဆိုလည်း အဲဒီအတိုင်းဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်နဲ့ ပတ်သက်လို့ တစ်ကယ်တမ်းရင်ဆိုင်လာရတဲ့အခါမှာ ခရစ်တော်နဲ့ပတ် သက်လို့ ရင်ဆိုင်ဆုံးဖြတ်ရတော့မဲ့အခါမှာတစ်ကယ် ယုံကြည်လက်ခံတဲ့သူက ၁%ဘဲရှိပါ တယ်။ ကျန်တဲ့အစိတ်အပိုင်းတွေကတော့ လုံးဝနှုတ်ကပတ်တော်ကို ဂရုမစိုက်ပါဘူး။ ဘာကြီးလုပ်လုပ် သူတို့ကတော့ လှောင်ပြောင်စရာတွေဖြစ်မယ်။ နှုတ်ကပတ်တော်ကို သူတို့က ပြစ်ပယ်မယ်။ နှုတ်ကပတ်တော်ကို သူတို့ကပိတ်ပင်မယ်၊ စသည်တို့ဘဲ ဖြစ်ပါတယ်။ ဒီခေတ် ဒီကာလမှာလည်း ဒီအတိုင်းပါဘဲ။အချိန်ကာလဘဲ ဖြစ်ပါတယ်။ သူတို့ကတော့ ဘာမှ ပြောင်းလဲခြင်း မရှိပါဘူး။ သမိုင်းကိုပြန်ကြည့်မယ်ဆိုရင်လည်း သမိုင်းတစ်ကျော့ ပြန်ပြီးလည်ခြင်းဘဲ ဖြစ်ပါတယ်။

20 ၂၀။ တစ်ကယ်ဘဲစိတ်ထဲမှာ အရမ်းလှုပ်ရှားဘွယ်ကောင်းပါတယ်။ ဖြစ်ကိုဖြစ်ရမှာ ဖြစ်ပါတယ်။ တစ်ကယ်လည်းဖြစ်ပါတယ်။ သူတို့ စောင့်ကြည့်နေကြပါတယ်။ သူတို့အား လုံးကတော့ ကိုယ်တော်ရှင်ဘာလုပ်မလဲ၊ ကိုယ်တော်ရှင် အဲဒီကိုရောက်ရင် ဘာဖြစ်မလဲ စသည်တို့ကိုမြှော်လင့်နေကြပါတယ်။ ကိုယ်တော်ရှင် တစ်ခုခုလုပ်မှာကို သူတို့က သိလိုကြပါ တယ်။သူတို့က နှုတ်ကပတ်တော်ကိုလည်း လိုလားပါတယ်။ နှုတ်ကပတ်တော် ဘာဖြစ်မလဲ ဆိုတာကိုလည်းသူတို့ သိချင်ကြပါတယ်။ ကိုယ်တော်ရှင်ကို သူတို့ယုံကြည်ကြပါတယ်။ ကိုယ်တော်ရှင်ကြွလာပြီးဆိုတာကိုလည်း တစ်ခြားသူတွေ ကြားသိရပါတယ်။ သူတို့ကတော့ ကိုယ်တော်ရှင်ကြွလာတာကို သွားပြီးတော့ လှောင်ပြောင်ဘို့၊ သရော်ဘို့ သွားကြပါတယ်။ တစ်ကယ်ဘဲစိတ်လှုပ်ရှားဘွယ် အခြေအနေဖြစ်ပါတယ်။ ဘယ်နေ့မှနဲ့မတူဘဲ တမူထူးခြား သောနေ့ဖြစ်ပါတယ်။ တမူထူးခြားသောအချိန်လည်း ဖြစ်ပါတယ်။ အသင်းတော်တွေအား လုံးအိပ်မောကျနေပါတယ်။ လူတွေရဲ့စိတ်လှုပ်ရှားမှုတွေက အဆုံးအထိရောက်နေပါတယ်။ အဲဒီမှာလူအများကြီး ရှိပါတယ်။ အဲဒီအချိန်မှာ ဖြစ်ပျက်ခဲ့ပါတယ်။

21 ၂၁။ သံလွင်တောင်ရဲ့ထိပ်မှာမြည်းအဖြူသေးသေးလေး တစ်ဖြည်းဖြည်း တောင် စောင်းရဲ့ထိပ်ကနေ ဆင်းလာပါတယ်။ လူအုပ်စုတစ်စုကလည်းအော်ဟစ်နေပါတယ်။

သူတို့ရဲ့လက်ထဲမှာ သံလွင်ချက်တွေကိုသံလွင်ပင်ပေါ်ကနေ ခူးပြီးတော့ ကိုင်မြှောက်ထားပါ တယ်။ သူတို့ရဲ့အဝတ်အစားတွေကိုလည်းလမ်းပေါ်မှာ ခင်းထားပါတယ်။ အော်ဟစ်နေကြ ပါတယ်။ ဘုရားသခင်ရဲ့ နာမတော်၌ ကြွလာတဲ့ဒါဝိဒ်ရဲ့သားတော် ဟောရှဏ္ဏရှိစေသတည်း လို့အော်ဟစ်ကြခြင်းဘဲ ဖြစ်ပါတယ်။ဒီမြည်းကလေးနဲ့ အဲဒီမြည်းကို စီးတဲ့သူက ဘုရားသခင် ဘိသိတ်ပေးထားတဲ့ ခေတ်ကာလရဲ့မေရှိယဘဲဖြစ်ပါတယ်။

ဘုရားသခင်က ထိုအခါမှာဘာလုပ်ပါသလဲ။အဲဒတောင်ပေါ်မှာ ဘာဆွဲဆောင် မှုရှိပါသလဲ။ ဘုရားသခင်က သမိုင်းကိုပြုလုပ်နေပါသလား။ ဘုရားသခင်ကပရောဖက် ပြုချက်ကို ပြည့်စုံစေပါသလား။ အမြဲတမ်းဘဲဆွဲဆောင်မှုဖြစ်စေပါတယ်။ ဝေဖန်မှုတွေ အားလုံး အထွဋ်အထိပ်ရောက်ပါတယ်။ လင်းတတွေနဲ့လင်းယုန်တွေလည်းရှိပါတယ်။ ဒီ မနက်ရဲ့သတင်းစကားဘဲ ဖြစ်ပါတယ်။ သူတို့အားလုံးအတူတကွစုရုံးရောက်ရှိလာပြီးဘာ ဖြစ်မလဲဆိုတာကို သိချင်နေကြပါတယ်။ တစ်ချို့ကတော့စပ်စုချင်လို့လာပါတယ်။ တစ် ချို့ကတော့ အပြစ်ရှာဘို့ လာပါတယ်။ တစ်ချို့ကတော့ဝေဖန်ဘို့ လာပါတယ်။ အမျိုးအစား တွေ အမျိုးမျိုးစုဝေးနေကြပါတယ်။ ဒီမနက်သူတို့ပြောသလိုဘဲ ဖြစ်ပါတယ်။ ယုံကြည်သူ တွေ ယုံကြည်ချင်ယောင်ဆောင်တဲ့သူတွေ၊မယုံကြည်သူတွေဘဲ ဖြစ်ပါတယ်။ တောင်ပေါ် မှာ ဘာဖြစ်နေပါသလဲ? ပရောဖက်ပြုချက်ကတော့ ပြည့်စုံသွားပါတယ်။အခုအခါမှာ ဘာဖြစ်လာသလဲဆိုတာကို ကျွန်တော်တို့ ကြည့်ကြရမှာ ဖြစ်ပါတယ်။

22 ၂၂။ (ဇာခရိ၉း၉)မှာ ရေးသားထားတာကို တွေ့ရပါတယ်။ ဇာခရိကတော့ ဝိညာဉ် တော်၌ ဟောပြောသောပရောဖက်တစ်ပါးဘဲ ဖြစ်ပါတယ်။ အို. ဇိအုန်သတို့သမီး အလွန် ဝမ်းမြောက်လော့။ အို.ယေရုရှလင်သတို့သမီး ကြွေးကြော်လော့။ တရားသဖြင့် စီရင်၍ကယ်တင်ခြင်းသို့ရောက်သောသခင်. သင်၏အရှင်မင်းကြီးသည် မြည်းမနှင့်မြည်းကလေးကို စီး၍နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည်ကို ကြည့်ရှုလော့။

ယဇ်ပရောဟိတ်တွေ ဘာသာရေးခေါင်းဆောင်တွေဘာဖြစ်ပါသလဲ? ယဇ်ပရောဟိတ်အကြီးတွေလည်း ဘာဖြစ်ပါသလဲ?ဘာသာတရား ကိုင်းရှိုင်းတဲ့သူတွေလည်း ဘာဖြစ် ပါသလဲ? လွန်ခဲ့တဲ့နှစ်ပေါင်း (၄၈၇)နှစ်မတိုင်ခင်ကတည်းက ဘာဖြစ်ခဲ့ပါသလဲ?ပရော ဖက်က ကြိုတင်ဖေါ်ပြခဲ့ပါတယ်။ အဲဒါတွေကို စာလိပ်နဲ့ရေးထားပြီးတော့ သမ္မာကျမ်းစာကခမ်းဟောင်း စာလိပ်များလို့ဘဲ ခေါ်ပါတယ်။ သူတို့ မတွေ့မမြင်ကြဘူးလား? ဒီပရောဖက်ပြု ချက်ပြည့်စုံသွားပြီမဟုတ်ပါလား? ဒီနေ့ဒီရက်မှာလည်းသူတို့မတွေ့မမြင်နိုင်တဲ့အရာက တော့ အကြောင်းအရာ တစ်ခုတည်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာဘုရားသခင်ရဲ့နှုတ်ကပတ် တော်ကို ယူလိုက်ပါတယ်။ လူတွေအတွက် ထိရောက်မှု

မရှိအောင်လုပ်လိုက်ပါတယ်။အစဉ်အလာတွေနဲ့ သူတို့ဩဝါဒတွေကို သွန်သင်တယ်။ ဒီအစဉ်အလာတွေကိုနားလည်တဲ့ သူတွေက သွန်သင်ခြင်းဘဲ ဖြစ်ပါတယ်။

ဘုန်းကြီးများ၊ အမှုတော်ဆောင်များ၊တရားဟောဆရာများ၊ ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်များ၊ ဘိသိတ်ခံထားရသူများလို့အခေါ်ခံထားရတဲ့သူတွေအားလုံး သမ္မာကျမ်းစာကို ဖတ်မယ်ဆိုရင် ဘာဖြစ်မလဲဆိုတာကိုသူတို့ အံ့ဩမိန်းမောတွေဝေမှု ရှိမှာ မဟုတ်ပါဘူး။ အဲဒါဘာလဲဆိုတာ သူတို့ သိကြမှာဖြစ်ပါတယ်။ ဘုရားသခင် သူ့နှုတ်ကပတ်တော်ကို ပြည့်စုံစေခြင်းဘဲ ဖြစ်ပါတယ်။

23 ၂၃။ သမိုင်းကြောင်းကိုပြုလုပ်ခြင်းဘဲ ဖြစ်ပါတယ်။ ပရောဖက်ပြုခြင်းလည်း ပြည့်စုံစေ ခြင်းဘဲ ဖြစ်ပါတယ်။ကမ္ဘာလောကကြီးကို ကယ်တင်ဘို့ အချိန်ရောက်လာပါပြီ။ပရောဖက် တွေအားလုံးစောင့်မျှော်နေတဲ့ နေ့ရက်ကာလကြီး ရောက်လာပါပြီ။ သချႋုင်းတွင်းမှာရှိတဲ့သူတွေအားလုံး အဲဒီနေ့ရက်ကြီးကို စောင့်မျှော်နေပါတယ်။ အဲဒါကိုစဉ်းစားကြည့်ပါ။ သေဆုံးသွားတဲ့သူတွေအားလုံး ဖြောင့်မတ်တဲ့သူတွေရဲ့အသွေးတွေ၊မာတုရအသွေးတွေ၊ ပရောဖက်ရဲ့အသွေးတွေ၊ အားလုံးပါဝင်ပါတယ်။

ကိုယ်တော်ရှင်က အော်ပြီးတော့ကြွေးကြော်ပါတယ်။ အို. ယေရုရှလင် ပရော ဖက်တွေကို သင်က ခဲနဲ့ပေါက်သတ်ခဲ့တယ်။သင့်ထံကို ငါစေလွှတ်သမျှကို သတ်ဖြတ်ခဲ့တယ်။ ဖြောင့်မတ်သောသူတွေကို သတ်ဖြတ်ခဲ့တယ်။ကြက်မကြီးက သူ့ရဲ့ကလေးတွေကို တောင်ပံ အောက်မှာစုသိမ်းသလို ငါသင့်ကို ဘယ်လောက်များကြာအောင် စုသိမ်းခဲ့ရသလဲ? ဒါပေမဲ့လည်း သင်က မဟုတ်ပါဘူး။ အခုအခါမှာ သင့်ရဲ့အချိန် နေ့ရက်ကာလ ရောက်လာပါပြီ။

24 ၂၄။ သင်္ချိုင်းတွင်းထဲမှာရှိသမျှလူတွေအားလုံး ရှိသမျှလူတွေအားလုံး ဒီအချိန်ကာလကို စောင့်မျှော်နေကြပါတယ်။

အသင်းတော်က ဒါကိုမမြင်ပါဘူး။ဝိညာဉ်မျက်စိ ကွယ်နေပါတယ်။ ဒီလိုဆူညံတဲ့ အသံတွေဖြစ်ပေါ်အောင် လုပ်နေတဲ့သူတွေကဘယ်သူတွေလဲ? အဲဒီလူဘယ်သူလဲလို့ သူတို့က မေးကြပါတယ်။ တစ်ခါက သူတို့ပြောပါတယ်။ လက်သမားဆရာရဲ့သားကအဲဒီကို ရောက်နေတယ်မဟုတ်ပါလား ?သူ့ကို ငါတို့သိတယ်။ သူဒီဉာဏ်ပညာတွေကို ဘယ်ကရသ လဲ? သူဟာ ငါတို့ကျောင်းတွေမှာလာတက်ခဲ့တဲ့ပုံ မပေါ်ပါဘူး။ သူလေ့လာသင်ကြားခဲ့တဲ့ စာအုပ်စာပေတွေကိုလည်းငါတို့မသိခဲ့ဘူး။ သူက ဘယ်သူလဲ?

ပရောဖက်တွေကိုပရောဖက်ပြုနေတဲ့ ကိုယ်တော်ရှင်ဘဲဖြစ်ပါတယ်။ ကိုယ်တော် ရှင် ကြွလာတော်မူပါပြီ။ကိုယ်တော်ရှင်ဟာ မြည်းကလေးကို စီးပြီး လျှောက်လာခြင်းဖြစ်ပါ တယ်။မည်မျှဆွဲဆောင်မှု ရှိပါသလဲ?ဘုရားသခင်က သူ့ရဲ့ဂတိထားတော်မူတဲ့ နှုတ်ကပတ် တော်ကို ပြည့်စုံစေပါတယ်။လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀၀၀)ကတည်းက စောင့်စားခဲ့ရတဲ့အချိန် နာရီဘဲဖြစ်ပါတယ်။(ကမ္ဘာ ၃း၁၅)မှာ ဖေါ်ပြထားပါတယ်။ ဘုရားသခင်ကိုယ်တိုင် ကြိုတင်မိန့်မှာခြင်းဘဲဖြစ်ပါတယ်။ သင်နှင့်မိန်းမကိုၚင်း၊ မိန်းမနှင့်သင်၏အမျိုးအနွယ်ကိုၚင်း ငါသည် ရန်ညိုးဖွဲ့စေမည်။ သူသည်သင်၏ခေါင်းကို ကြိတ်လိမ့်မည်။သင်သည် သူ၏ဖနောင့် ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။ ဤလူကြွလာတော်မူခြင်းကိုကြိုတင်ပြီးတော့ ပရောဖက်ပြုချက်နဲ့ သမ္မာကျမ်းစာအားဖြင့် ဖေါ်ပြခြင်းဘဲဖြစ်ပါတယ်။

25 ၂၅။ သိပ်မကြာခင်အချိန်ကာလက ပရောတစ်ပါးသူတို့အလယ်မှာ ရပ်တည်လျှက်ရှိပါတယ်။ သူကတော့ အားလုံးဖေါ်ပြထား ပြီးခဲ့တဲ့ ပရောဖက်တစ်ပါးဘဲဖြစ်ပါတယ်။သူဘာပြောသလဲဆိုတော့ အို... ဇိအုန်သတို့ သမီး အလွန်ဝမ်းမြောက်လော့။ အို..ယေရုရှလင်သတို့သမီး ကြွေးကြော်လော့။ တရားသဖြင့်စီရင်၍ ကယ်တင် ခြင်းသို့ရောက်သောသခင်၊သင်၏အရှင်မင်းကြီးသည် မြည်းမနှင့် မြည်းကလေးကိုစီး၍ နူးညံ့သိမ်မွေ့သော စိတ်နှင့်သင်ရှိရာသို့ကြွလာတော်မူသည်ကို ကြည့်ရှုလော့လို့ ဆိုထားတာကိုတွေ့ရ ပါတယ်။

ဒီကျမ်းချက်ကိုနေ့စဉ်နှင့်အမျှ ဖတ်ရှုလေ့လာရတဲ့သူတွေက ကိုယ်တော်ရှင် မြည်းကလေးကိုစီးပြီးကြွလာတာကိုကြည့်ပြီးတော့ ငိုကြွေးကြပါတယ်။ သူကဘယ်သူလဲ? ဘုရားသခင်ကလူကိုပေးထားတဲ့ နှုတ်ကပတ်တော်အတိုင်း ပြည့်စုံစေတာဘဲ ဖြစ်ပါ တယ်။ လူတွေကို သိစေချင်တဲ့အတိုင်းဘဲဖြစ်လာပါတယ်။ ဒါပေမယ့် လူတွေကတော့ မသိဘဲဖြစ်နေပါတယ်။

ဘုရားသခင်က သူ့ရဲ့နှုတ်ကပတ်တော်ကိုပြည့်စုံစေတဲ့အခါမှာ အမြဲတမ်းဘဲဆွဲဆောင်မှု ဖြစ်ပေါ်စေပါတယ်။ အမြဲတမ်း ဖြစ်ပါတယ်။ ဆွဲဆောင်မှုဖြစ်ပေါ်ဖြစ်ပေါ်စေပါတယ်။အဲဒါကတော့ ဖြစ်လေ့ဖြစ်ထမရှိတဲ့ အရာဘဲဖြစ် ပါတယ်။ ဘယ်လောက်ထိဖြစ်လေ့ဖြစ်ထမရှိဘူးလဲဆိုရင် ကိုယ်တော်ရှင်နှုတ်ကပတ်တော်ကို ကိုယ်တော်ပြည့်စုံစေတဲ့အခါမှာ ခေတ်မှီတဲ့ ခေတ်ကာလ နည်း လမ်းတွေအတိုင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခေတ်ပေါ်နည်းလမ်းတွေအတိုင်းဖြစ်တဲ့အခါမှာ လူတွေက နှုတ်ကပတ် တော်ကိုမယုံကြည်ကြပါဘူး။ သူတို့နည်း သူတို့လမ်းအတိုင်းဘဲ သူတို့စဉ်းစားပြီးတော့သွားကြပါတယ်။

26 ၂၆။ သမ္မာကျမ်းစာကိုကျွန်တော်တို့ပြန်ပြီးကြည့်မယ်ဆိုရင် တွေ့ရတဲ့အရာရှိပါတယ်။ ဖြစ်လေ့ဖြစ်ထမရှိတဲ့အရာတွေကို ကြည့်ပါ။ မိနစ်အနည်းငယ်အချိန်ယူပြီးကြည့်ပါ။ ဘုရားသခင်ကသူ့ရဲ့ပရောဖက်ပြုချက်ကို ပြည့်စုံစေပါတယ်။ ဘုရားသခင် တစ်စုံတစ်ခု ကိုပြောတဲ့အခါပြောတဲ့အတိုင်းဘဲ လုပ်မှာဖြစ်ပါတယ်။ ကောင်းကင်နဲ့မြေကြီးကွယ်ပျောက်သွားမှာဖြစ်သော်လည်း ဘုရားသခင် နှုတ်ကပတ်တော်ကတော့ ဘယ်တော့မှကွယ်ပျောက်သွားမှာမဟုတ်ပါဘူး။အမြဲတမ်းဘဲတစ်ခုခုကို ဖြစ်ပေါ်စေပါတယ်။

ဘုရားသခင်နှုတ်ကပတ်တော်ဟာ လူတွေအတွက်ယုံကြည်ဖို့ရန်အတွက် ခက်ခဲပါတယ်။ အင်မတန်လည်း ရယ်စရာကောင်းသလိုဖြစ်ပါတယ်။ဘယ်လောက်အထိတစ်မူထူးခြားသလဲဆိုရင် သူတို့ကဘာပြောသလဲဆို တော့ အဲဒါဘာလဲ? ဒီဟာတွေ ကိုဘယ်ကရပါသလဲ? သူကဘယ်သူလဲ? အဲဒါဘာလဲ? စသဖြင့် မေးခွန်းပေါင်း များစွားကို သူတို့ထုတ်ကြပါတယ်။သူတို့ကတော့ အော်ဟစ်ပြီးတော့ ဟောရှဏ္ဏကိုယ်တော်ရှင်ရဲ့နာမဥ္ဇ ကြွ လာတော်မူတဲ့ဘုရင်ဟာ ဟောရှဏ္ဏဖြစ်စေသတည်းလို့ အော်ဟစ် ကြွေးကြော်တဲ့အချိန်ဘဲဖြစ်ပါတယ်။ ဒါပေ မယ့် လူစုနည်းနည်းလေး၊ လူအုပ်စုသေးသေးကဘဲအဲသလိုပြုလုပ်ခြင်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀ လောက်ကပရောဖက်ပြုထားတဲ့အချက်ဖြစ်ပါတယ်။ သူတို့နိုင်ငံအတွက် အကြီးမားဆုံးအရာဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ သေသွားပြီးတဲ့သူတွေအတွက် မျှော်လင့်ချက်ဘဲဖြစ်ပါတယ်။ အနာဂါတ်မှာနှုတ်ကပတ် တော်ကိုဘဲ အားကိုးယုံ ကြည်ရမှာဖြစ်ပါတယ်။ ဘာသာတရားကိုကိုင်းရှိုင်းတဲ့သူတွေက သူတို့ကိုယ်သူတို့ နှုတ်ကပတ်တော်ကို ယုံကြည်တယ်လို့ကြွေးကြော်ကြပါတယ်။ ဒါပေမယ့်လည်း နှုတ်ကဘာထွက်လာသလဲ ဆိုတော့ အဲဒါဘာလဲ? အဲဒီဆွဲဆောင်မှုတွေကဘာလဲ? တစ်မူထူးခြားနေတယ်။မပြောင်းလဲနိုင်ပါဘူး။ ဘာမှ လည်းဖြစ်ရိုးဖြစ်စဉ်တိုင်းမဟုတ်ဘဲနဲ့တစ်မူထူးခြားနေတယ်လို့ ဆိုကြပါတယ်။

27 ၂၇။ တစ်မူထူးခြားတဲ့အရာတွေကိုကြည့်ကြပါစို့။ ကျွန်တော်အထက်က ဆိုခဲ့ပြီးတဲ့အတိုင်းဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးကိုတရားစီရင်ခြင်းမကျရောက်မီ ဘာဆွဲဆောင်မှုတွေဖြစ်လာပါသလဲ? ဤကမ္ဘာလောကကို ဘုရားသခင်ကရေနှင့်မဆေးကြောမီ ဘာဖြစ်ခဲ့ပါသလဲ?အင်မတန်အသက်အရွယ်ကြီးတဲ့ အိုမင်းပြီဖြစ်တဲ့ လူကြီးတစ်ဦးကအသက်တစ်ရာခန့်လောက်ရှိနေပါပြီ။ တစ်ရာနှင့်နှစ်ဆယ် အသက်ရှိပါတယ်။ သူဟာသင်္ဘောကြီးကိုတည်ဆောက်ပါတယ်။ နောက်ပြီးတော့ ကမ္ဘာမြေပြင်ကိုကြည့် မယ်ဆိုရင်လည်းရေဘာမှမရှိပါဘူး။ နှစ်ပေါင်းများစွာ တံခါးဝမှာရပ်နေပါတယ်။ အထဲမှာရော အပြင်မှာပါအကုန်လုံး သေသေချာ ချာဆောက် လုပ်ထားတဲ့ သဘောၤကြီးဖြစ်ပါတယ်။ အထဲမှာလည်းရေမဝင်အောင်သေသေချာချာ လုံလုံခြုံခြုံရှိအောင် ဆောက်ထားပါတယ်။ နောက်ပြီးတော့ သူကဘာပြောသလဲဆိုတော့ ကမ္ဘာလောကကြီးကတော့ရေလွှမ်းမိုးခြင်း ခံရတော့မယ်။ ရေရဲ့ဝါးမြိုခြင်းခံရတော့မယ်လို့ ပြောပါတယ်။ အင်မတန်မှ သိပ္ပံပညာထွန်းကားတဲ့ ခေတ်ကာ လကြီးထဲမှာသူအဲ့လို ပြောဆိုနေခြင်းဖြစ်ပါတယ်။

ဟိုး..တောင်ကုန်းပေါ်မှာအသံတွေကြားနေရတာက ဘာတွေလဲ? နောဧဘဲဖြစ်ပါတယ်။သူက ဟိုး..တောင်ကုန်း ပေါ်မှာရပ်နေပြီးတော့ အင်မတန်မှ ရှေးဆန်တဲ့လူတစ်ယောက်ဖြစ်ပါတယ်။ သူဟာနေပူထဲမှာ အကြာကြီးရပ်နေပါတယ်။ နေလောင်ခြင်းဒဏ်ကိုတောင်ခံရပါတယ်။ စိတ်တတ်မမှန်တော့ဘူးနဲ့တူပါတယ်။ သူဟာ သဘောၤကြီးကိုဆောက်နေပါတယ်။ ရေတွေတက်လာပြီး၊ရေမရှိတဲ့နေရာမှာ ရေတွေတက်လာပြီလို့ သူကပြောပါတယ်။ အနီးပတ်လည်မှာရှိတဲ့လူတွေအားလုံး ရေထဲမှာမျောပါသွားမယ်လို့ဘဲပြောနေပါတယ်။ သူ့ရဲ့သတင်းစကားကိုမကြားရတဲ့သူတွေနဲ့ တခြားသူတွေ အားလုံးကတော့ သူပြောတဲ့အတိုင်းဘဲ သဘောၤကြီးထဲကိုမဝင်ပြီးဆိုရင် ရေနစ်ပြီးသေမယ်လို့ဆိုပါတယ်။ အဲဒီလိုဟာမျိုး ကြားဖူးပါသလား.? အဲဒါ ကတော့တစ်မူထူးခြားတဲ့ဆွဲဆောင်မှုဘဲဖြစ်ပါတယ်။

28 ၂၈။ ကျွန်တော်စဉ်းစားလိုက်တဲ့အခါမှာလူတွေကဝိုင်းပြီးဟားကြပါတယ်။ သူတို့တက်သွားကြပါတယ်။ သဘောၤကြီးရှေ့မှာ ရပ်နေကြပါတယ်။နောက်ပြီး လှောင်ပြောင်ရယ်မောကြပါတယ်။ မိုးတွေပြင်းထန်စွာရွာမယ်လို့ ဘာကြောင့်ပြောရသလဲ? အဖိုးက ကျွန်တော်ကိုပြောခဲ့တယ်။မိုးတွေအကြီးအကျယ်ရွာမယ်လို့ ဆိုပါတယ်။ အဲဒီသစ်တိုသစ်စတွေကိုသံမှိုနဲရိုက်ပြီးတော့ သဘောၤ ကြီးကို ဆောက်နေပါတယ်။ ဘာကြောင့်လဲလို့ သူတို့ကပြောကြပါတယ်။

ဘုရားသခင်ကတော့ အဆင်သင့်ပြင်ထားပြီးတော့ကတိတော်ကိုအတည်ပြုတော့မှာဖြစ်ပါတယ်။ ပရောဖက်ပြုချက် တွေကိုလည်း ပြည့်စုံစေမှာဖြစ်ပါတယ်။သူ့ပရောဖက်အားဖြင့် သူမိန့်ဆိုတာရှိပါတယ်။ အင်မတန်မှ တစ်မူထူးခြားတဲ့အရာဘဲဖြစ်ပါတယ်။ ဘုရားသခင်က သူ့ရဲ့ကတိတော်တွေကို နောဧအားဖြင့် ပြည့်စုံစေပါတယ်။အခြားသောသူတွေကတော့ လှောင် ပြောင်ရယ်မောနေကြပါတယ်။ ဘုရားသခင်ကတော့ အခြားလူတွေကို ပြဘို့အတွက် သမိုင်းကိုအဆင်သင့်ဖြစ်အောင်လုပ်နေပါ တယ်။ ဒီနေ့၊ ဒီရက်၊ ဒီကာလထိဘဲ ကိုယ်တော်ရှင်ဟာသူ့ရဲ့နှုတ်ကပတ်တော်ကို သူစောင့်ထိန်းပါတယ်။ ဘယ်လောက်ဘဲ မဖြစ်နိုင်ဘူးလို့ဘဲဆိုပါစေ၊ အဓိပ္ပါယ်မရှိဘူးလို့ဘဲပြောပါစေ၊ ကိုယ်တော်ရှင်ဟာ သူ့ရဲ့နှုတ်ကပတ်တော်ကိုတည်စေပါတယ်။ ကိုယ်တော်ရှင်က ဥပမာတစ်ခုကိုပြုလုပ်ပါတယ်။အဲဒီလူကနေပြီးထွက်လာတဲ့အရာကတော့ သဘောၤကြီးဘဲဖြစ်ပါတယ်။ အမေရိ ကန်နိုင်ငံမှာ ယနေ့ညလူတွေအားလုံးနဲ့တခြားကမ္ဘာပေါ်မှာရှိတဲ့ လူတွေအားလုံး၊ နိုင်ငံမှာရှိတဲ့လူတွေအားလုံး၊ သိပ္ပံပညာကဘာဘဲပြောပြော၊ သူတို့ဘာဘဲလုပ်လုပ် ဒီအရာဘဲဖြစ်ဖြစ်၊ ဟိုအရာဘဲဖြစ်ဖြစ်၊တခြားအရာဘဲဖြစ်ဖြစ် ဘာကြီးဘဲဖြစ်နေပါစေ ဘုရားသခင်ကတော့ သူ့ရဲ့နှုတ်ကပတ်တော်ကိုစောင့်ထိန်းပါတယ်။ သူဟာ သမိုင်းကိုပြုလုပ်တဲ့ အရှင်သခင်ဘဲဖြစ်ပါတယ်။

29 ၂၉။ တစ်နေ့သောအခါမှာဆွဲဆောင်မှုတစ်ခုဖြစ်တယ်ဆိုတာ ဘာလဲ?တမူထူးခြားတဲ့ အဖြစ်အပျက်ဖြစ်ပါတယ်။ တောထဲမှာ ဖြစ်ပျက်ခဲ့ပါတယ်။ အဲဒါကတော့မီးတောက်နေတဲ့ ခြုံပုတ်ဘဲဖြစ်ပါတယ်။ ထွက်ပြေးနေရတဲ့ပရောဖက်က တောထဲမှာမီးတောက် တောက်ရဲ့အရှေ့မှာ ရပ်နေပါတယ်။သူဘာအသံမှ မကြားရပါဘူး။ ဘာ၊ ဘယ်သူ့ရဲ့အသံမြည်တာ၊ ဘယ်သူ့ရဲ့အသံကိုမှ သူမကြားရပါဘူး။ သူကြည့်နေပါတယ်။ တောင်ပေါ်မှာ တမူထူးခြားတဲ့အရာ ဖြစ်ပျက်လာပါတယ်။ သူ့ကိုဘုရားသခင်ကဆွဲဆောင်ပါတယ်။ ဒီနေ့၊ ဒီရက်၊ ဒီကာလကကဲ့သို့ဘဲဖြစ်ပါတယ်။

ဘုရားသခင်က သူ့ရဲ့နှုတ်ကပတ်တော်ကိုသူပြည့်စုံစေဘို့အတွက် အဆင်သင့်လုပ်ပါတယ်။ သူ့ရဲ့ပရောဖက်အာဗြဟံ အားဖြင့်ဖြစ်ပါတယ်။ အင်မတန်မှစိမ်းပြီးတော့ သူစိမ်းတွေနေပြီးတော့ နယ်ပယ်ထဲမှာ နှစ်ပေါင်း(၄၀၀) လောက် လှည့်လည်သွား လာနေရမှာဖြစ်ပါတယ်။ အင်မတန်ကြီးမားတဲ့လက်တော်နဲ့သူတို့ကိုငါခေါ်ထုတ်မယ်လို့ဆိုထားပါတယ်။

ကိုယ်တော်ရှင်က အလုပ်အတွက်လူကိုပြင်ဆင်နေပါတယ်။ ကိုယ်တော်ရှင်က သဘောၤကြီးကိုပြင်ဆင်ပြီးတော့ ယုံကြည်တဲ့သူတွေအတွက်လုံခြုံစိတ်ချရတဲ့နေရာကို ပြင်ဆင်ပါတယ်။ ဘုရားသခင်က ခြုံပုတ်ကို မီးတောက်စေပါတယ်။ သိုးထိန်း မောရှေကလည်း ဘာပြောသလဲဆိုတော့ ဒီထူးဆန်းတဲ့အရာကဘာလဲ? ဘာဖြစ်တာလဲဆိုတာကိုငါကြည့်မယ်လို့ဆိုထားပါ တယ်။ မောရှေဟာ ခြုံပုတ်အနားကို ရောက်သွားတဲ့အခါမှာဘုရားသခင်က သူ့ကိုစကားပြောပါတယ်။

30 ၃၀။ ပိလတ်မင်းရဲ့ခန်းမဆောင်ကျယ်ကြီးထဲမှာ မကြာမှီမှာ ဖြစ်ပေါ်လာတဲ့ ဆွဲဆောင်မှုက ဘာလဲဆိုတော့ဒီသိုးထိန်းကြီးဟာ

တောင်ဝှေးကိုပစ်ချလိုက်တဲ့အခါမှာ အဲဒီတောင်ဝှေးဟာ မြွေတစ်ကောင်ဖြစ်သွားပါတယ်။ ဘုရားသခင်ဟာသူ့ရဲ့ကတိတော်ကို
မောရှေအတွက်တည်ပေးခြင်းဘဲဖြစ်ပါတယ်။ ပင်လယ်သေမှာ ဆွဲဆောင်မှုရှိခြင်းက ဘာလဲ?
ဖာရောဘုရင်ရဲ့မြင်းတွေအားလုံးကအံ့သြသွားကြပါတယ်။ ကောင်းကင်ကနေ လေတွေကျလာပြီးနောက်
လေတိုက်ခတ်ပြီးတော့ပင်လယ်နီကြီးကို နှစ်ခြမ်းကွဲ သွားစေပါတယ်။ အင်မတန်သနားစရာကောင်းတဲ့ကျွန်အုပ်စုတစ်စုဟာ
ဘုရားသခင်တာဝန်ပေးချက်အရ အဲဒီကနေလျှောက် လှမ်းသွားပါတယ်။ခြောက်သွေ့နေတဲ့မြေပေါ်ကနေ
လျှောက်လှမ်းသွားခြင်းဘဲဖြစ်ပါတယ်။ အဲဒါဘာလဲ? ဘုရားသခင်က သူ့ရဲ့နှုတ်ကပတ်တော်ကိုတည်စေခြင်းဘဲဖြစ်ပါတယ်။ တည်နေခြင်းဟာ
လှုပ်ရှားသွားပါတယ်။ အသက်ရှင်နေတဲ့သူတွေ ဖြတ်သွားပါတယ်။ ဝိညာဉ်ရေးရာအရ သေနေတဲ့သူတွေ အတုယူဘို့ဘဲဖြစ်ပါတယ်။
သူတို့လိုက်ပြီးအတုယူတဲ့အခါ ရေထဲကိုနစ်မြုပ် သွားပါတယ်။ ဘုရားသခင်ကပရောဖက်ပြုလျှက် ပြည့်စုံစေပါတယ်။
သမိုင်းကြောင်းဖြစ်ပေါ်လာပါတယ်။ အဲဒါတော့ပင်လယ်သေ မှာ ဖြစ်ပျက်ခဲ့တဲ့ ဆွဲဆောင်မှုတစ်ခုဘဲဖြစ်ပါတယ်။

31 ၃၁။ ဒုတိယနေ့မှာဆွဲဆောင်မှုက ဘာဖြစ်ပါသလဲ? သိနတောင်ပေါ်မှာဘဲဖြစ်ပါတယ်။လူတွေအားလုံးကို အမိန့်ပေးထားတာ ကတော့
သင်တို့ ဇနီးသည်တွေနဲ့မဆက်ဆံဘဲနေရမှာဖြစ်ပါတယ်။ သူတို့ရဲ့အယတ်စားတွေကို လျှော်ဖွတ်ပြီးတော့သူတို့ကိုယ်သူ တို့
သန့်ရှင်းမြင့်မြတ်အောင် ဆက်ကပ်ရမှာဖြစ်ပါတယ်။သူတို့ဟာအနီးနားတစ်ဝိုက်မှာ စုဝေးပြီးနေတဲ့အခါမှာ မောရှေလို့နာမည်
တွင်တဲ့သူရှိတဲ့နေရာရောက်ပါတယ်။ မီးတိုင်နားမှာ ဘုရားသခင်ကို သူတို့ကတွေ့ဆုံရပါတယ်။အဲဒီအခါမှာ မောရှေကို
ဘုရားသခင်ကပြောပါတယ်။ ငါဟာ လူတွေကြားထဲအောက်ကိုဆင်းလာမယ်။ငါအတည်ပြုမယ့်အရာကတော့ ငါပြောတဲ့
အတိုင်းဘဲအတည်ပြုမှာဖြစ်ပါတယ်။ ငါဘယ်သူဖြစ်တယ်ဆိုတာကိုဖေါ်ပြမှာဖြစ်ပါတယ်။ သူတို့ရဲ့ဘုရားသခင်ဖြစ်တဲ့အကြောင်း
ငါကသူတို့ကိုဖေါ်ပြမှာဖြစ်ပါတယ်။ အဲဒါကတော့ ဆွဲဆောင်မှုဖြစ်ပါတယ်။ ဘုရားသခင်သူ့ရဲ့နှုတ်ကပတ်တော်ကို ပြည့်စုံစေခြင်း ဘဲဖြစ်ပါတယ်။

32 ၃၂။ သမိုင်းမှာဆွဲဆောင်မှုက တစ်နေ့သောအခါမှာ ဖြစ်ပေါ်လာပါတယ်။ အဲဒီနိုင်ငံကဘုရားသခင်ကိုမေ့သွားပါတယ်။ လူတွေ အားလုံး
ပုံမှန်အစဉ်အလာဖြစ်ပြီးတော့ကွားခြားခြင်းမရှိတော့ပါဘူး။ အဲဒီအနီးအနားမှာရှိတဲ့ ယဇ်ပရောဟိတ်တွေအားလုံးဟာခေတ်မှီသွားကြပါတယ်။
ပရောဖက်တွေ ပရောဖက်ပြုကြတဲ့အခါမှာ ယဇ်ပရောဟိတ်တွေရဲ့အလိုကျပရောဖက်ပြုကြပါတယ်။ အဲဒီနေ့ရက်ကာလမှာ ပုံမှန်အတိုင်းဘဲ
သူတို့မှာထူးခြားတဲ့လူတစ်ယောက်၊ ခေါင်းဆောင်တစ်ယောက်ရှိပါတယ်။ အဲဒီလူကဘာအကြောင်းပြောသလဲဆိုတော့ အမျိုးသမီးတွေ
မျက်နှာကို မချယ်သဘဲ အဲဒီအကြောင်းကိုသူကပြောပါတယ်။ သူကိုယ်တိုင် လည်း ထင်ရှားတဲ့သူတစ်ယောက်ဖြစ်နေပါတယ်။ အဲဒီအချိန်မှာ
လူအိုကြီးတစ်ယောက်ရောက်လာပြီးတော့ဘုရင်ကြီးကို ဘာပြော သလဲဆဆိုတော့ ငါမခေါ်မီတိုင်အောင်
နှင်းစက်တွေကတော့ခေါ်မှာမဟုတ်ပါဘူးလို့ ပြောပါတယ်။

33 ၃၃။ ကျွန်တော်တို့သိရှိရတဲ့အကြောင်းအရာကတော့ဘာလဲဆိုတော့ ကိုယ်တော်ရှင်ဟာ မိမိကိုယ်ကိုမိမိ မဖေါ်ပြဘဲနဲ့ ဖုံးကွယ်
ထားပါတယ်။ အဲဒီနေရာကနေပြီးတော့ပြေးသွားပါတယ်။ ဟိုးတောထဲမှာ ပုန်းအောင်း နေပါတယ်။ တစ်နေရာရာမှာ ပုန်း
အောင်းနေခြင်းဘဲဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကနေဘာစဉ်းစားမိသလဲ ဆိုတော့ သူဟာ ငတ်မွတ်ပြီးတော့ သေဆုံးသွားတော့မလို ဖြစ်တယ်။
ဒါမှမဟုတ် ပျောက်ကွယ်သွားတော့ မလိုဖြစ်တယ်။ ဒါပေမယ့်လည်း သူ့ကိုအစာဝဝကျွေးထားပါတယ်။ ရေလည်း တိုက်ထားပါတယ်။ သူအခု
ဆင်းလာပြီး ဘာပြောသလဲဆိုတော့ငါဟာဘုရားသခင်မိန့်တော်မူတယ်ဆိုတဲ့အကြောင်းကို ပြော ပါတယ်။ မင်းတို့စိတ်ထဲမှာ
စိတ်မချသေးဘူးဆိုရင်တောင်ထိပ်ပေါ်ကိုတက်သါ◌ားကြပြီးတော့ ဘုရားသခင်ဘယ်သူလဲ ဆိုတာ သက်သေပြကြမှာဖြစ်ပါတယ်။
ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ဟာ တစ်ခြားရုပါရုံတစ်ခုပေးဖို့ရှိနေလို့ဘဲဖြစ်ပါတယ်။

သူဘာပြောသလဲဆိုတော့ ယဇ်ပလ္လင်ကိုရွေးပါ။ယဇ်ပလ္လင်ကိုလုပ်ပါ။ နွားသူငယ်လေးကို ရွေးပြီးတော့သတ်ပါ။ ကိုယ် တော်ရှင်အတွက်
ယဇ်ပလ္လင်ကို ငါပြုလုပ်မယ်။ငါ့ရဲ့နွားကိုလည်းငါတင်မယ်။ ငါတို့နှစ်ဦးစလုံးယဇ်ပူဇော် မယ်။
ဘုရားသခင်ဟာအဖြေပေးတဲ့ဘုရားဖြစ်တဲ့အတွက် ကိုယ်တော်ရှင်ကို ငါတို့ခွင့်ပြုမယ်။ ကိုယ်တော်ရှင်ကိုယ်တော်တိုင် သူ့ကိုမပြောခဲ့ဘူးဆိုရင်
ကိုယ်တော်ရှင်ဘယ်လိုနည်းနဲ့မဆိုပြုလုပ်မှာမဟုတ်ပါဘူး။ မကြာမီမှာ ကိုယ်တော်ရှင်မိန့်တော်မူပါတယ်။ငါဒါကိုပြုလုပ်တယ်။
အားလုံးအမှုပြုလုပ်တယ်။ ကိုယ်တော်ရှင်ရဲ့အမိန့်တော်နဲ့ဘဲဖြစ်ပါတယ်။

34 ၃၄။ ဆွဲဆောင်မှုဆိုတာဘာလဲ? ယဇ်ပရောဟိတ်ပေါင်း (၄၀၀) တောင်ကုန်းမှာရပ်နေပါတယ်။ သူ့ရဲ့မြင်း လှည်းထဲမှာလည်း
ဘုရင်ပါပါတယ်။ ဘုရင်မှာစစ်ဝတ်တန်ဆာတွေနဲ့ဘေးနားမှာလည်း အစောင့်အရှောက် တွေနဲ့ ဝိုင်းရံထားပါတယ်။ ဒီအိုပြီးတော့
မျက်နှာမှာမုတ်ဆိတ်မွေးတွေ ဗလပွနဲ့ ကတုံးဖြစ်နေတယ်။ သူ့ဆံပင်တွေကလည်းသူ့မျက်နှာပေါ်ကိုကျနေတယ်။ သိုးရေကိုခြုံ ထားတဲ့လူဟာ
နောက်ပြီးအမွေးအမျှင်တွေထူထပ် နေတဲ့လူတစ်ယောက်ဟာ တောင်ဝှေးကိုကိုင်ပြီးတော့ ရပ်နေပါတယ်။ နောက်ပြီးတော့
အခြားလက်တစ်ဖက် မှာလည်းဆီပုလင်းကို ကိုင်ထားခြင်းဘဲဖြစ်ပါတယ်။ အဲဒါကတော့ သုံးနှစ်ခွဲလို့ဘဲဆိုပါတယ်။နှင်းတစ်စက်
တောင်ကျမှာမဟုတ်ဘူးလို့ပြောပါတယ်။ ငါမပြောမချင်းနှင်းတစ်စက်တောင်မကျဘူးလို့ပြောပါတယ်။ ဘုရားရဲ့
နေရာမှာယူပြီးတော့အဲဒီလိုမျိုးတွေပြောတယ်။ အရိပ်အမြွတ်တွေပေးတယ်။ အဲဒီအခါမှာ သူတို့အားလုံးစကားတွေပြော ကြပါတယ်။
ဒီအိုနေတဲ့ပုဂ္ဂိုလ်ကြီးက ထပြီးတော့တောင်ကုန်းပေါ်မှာရပ်နေတယ်။ လူတွေအား လုံးကိုလည်းခေါ်လိုက်ပါတယ်။
ဘာဟာဆွဲဆောင်မှုဖြစ်ပါသလဲ? ဘုရားသခင်ဟာသူ့ရဲ့ပရောဖက်ကို သူသေ သေချာချာအတိအကျ ဖေါ်ပြထားပါတယ်။ ပရောဖက် ပြုချက်ကို
ဘုရားသခင်ကပြည့်စုံစေခြင်းဖြစ်ပါတယ်။ ဘုရားသခင်ကာသမိုင်းကိုပြုလုပ်ခြင်းဖြစ်ပါတယ်။နှုတ်ကပတ်တော်ကို
ပြည့်စုံစေခြင်းဘဲဖြစ်ပါတယ်။

35 ၃၅။ နှစ်ရာပေါင်းအနည်းငယ်ကြာတဲ့အခါမှာ ဒီလိုဘဲ ဝိညာဉ်တော်ဘိသိတ်ပေးထားတဲ့ လူတစ် ယောက်ရှိ လာပါတယ်။ သူက
တောထဲကနေထွက်လာပါတယ်။ဘယ်အဖွဲ့အစည်းနဲ့မှအဆက်သွယ်မရှိပါဘူး။ သို့သော် လည်းဘဲ သူ့ရဲ့ဖခင်ကတော့
အဖွဲ့အစည်းနဲ့ပက်သက်နေပါတယ်။ ယဇ်ပရောဟိတ်တစ်ဦးဖြစ်ပါတယ်။ သူဟာတောထဲကနေထွက်လာတယ်။သိုးရေကိုဝတ်ထားတယ်။

ဆံပင်တွေကလည်းသူ့မျက်နှာပေါ်မှာ ဖိုးလိုျဖားလျားကျနေပါတယ်။ အသားညိုမဲ့အစား အသားမဲနေပါတယ်။ဒီလူရဲ့ဆွဲဆောင်မှု ကဘာဖြစ်ပါသလဲ?သူဟာ ယေရုရှလင်မြို့နဲ့ ယုဒပြည်တစ်ပြည်လုံးကို ဆွဲဆောင်ပါတယ်။လူအချို့ကဘာပြောသလဲဆိုတော့ အဲဒီမှာ လူရိုင်းတစ်ယောက်ရှိနေတယ်။ သူဟာလူတွေကိုရေထဲကိုနှစ်ဖို့ကြိုးစားနေတယ်။ အဲလိုမျိုးကြားဖူး ကြသလားလို့ ပြောဆို မေးမြန်းကြပါတယ်။

36 ၃၆။ တစ်ချို့လူတွေကလည်းစူးစမ်းလေ့လာကြတယ်။ စပ်စုတယ်။ ဒါနဲ့ဘဲသူတို့ပြောပါတယ်။ ဒါကတော့ မေရှိယဘဲဖြစ်နိုင်ပါတယ်။ တစ်ယောက်သောသူကလည်း ဘာပြောလဲဆိုတော့ ပရောဖက်တစ်ပါးပါး ဖြစ်နိုင်ပါတယ်။သူတို့ဘယ်လိုစဉ်းစားရမလဲ ဆိုတာ သူတို့မသိနိုင်ပါဘူး။ ဒါပေမယ့် ဘုရားသခင်က ဟေရှာယအခန်းကြီးလေးဆယ်ကို ပြည့်စုံစေခြင်းဘဲဖြစ်ပါတယ်။ သူဘာ ပြောသလဲဆိုတော့ သူနောက်ဆုံးသော နေ့ရက်များမှာဘာလုပ်မလဲဆိုတာကို ပြောခြင်းဘဲဖြစ်ပါတယ်။ သူ့ရဲ့အစေခံကျွန်ကိုသူ စေလွှတ်ပြီးတော့သူပြုလုပ်မယ့်အရာဘဲဖြစ်ပါတယ်။

နောက်တော့ကျွန်တော်တို့ ဘာတွေ့သလဲဆိုတော့အဲဒီရက်သတ္တပတ်အနည်းငယ်နောက်ပိုင်းမှာ သူ့ရဲ့သတင်းစကားနဲ့ ပက်သက်လို့ အဲဒီလူကအရမ်းကိုယုံကြည်စိတ်ချမှုရှိပါတယ်။ နောက်ဆုံး သူဘာပြောသလဲဆိုတော့ အဲမှာကိုယ်တော်ရှင်တစ်ပါး ရပ်နေပါတယ်။ သင်တို့ရဲ့အလယ်မှာဘဲရပ်နေပါတယ်။သူ့ရဲ့ဖိနပ်တွေတော်ကြိုးကိုမှ ငါငုံ့ပြီးတော့မဖြည်ထိုက်ပါဘူး။ သူဟာသန့်ရှင်းသောဝိညာဉ်တော်၌ သင်တို့ကိုဗတ္တိဇံပေးမယ်။မီးဗတ္တိဇံကိုလည်းပေးနိုင်ပါတယ်။ မင်းတို့ကိုငါ ရေဗတ္တိဇံပေးသကဲ့သို့ ဘဲဖြစ်ပါတယ်။

37 ၃၇။ တစ်နေ့သောအခါမှာသာမန်လူငယ်တစ်ဦးရောက်လာပါတယ်။ အသက်သုံးဆယ်ခန့်ရှိပြီးတော့ သူဟာဗတ္တိဇံကိုခံခဲ့ပါတယ်။ ဒီလူလာတဲ့အခါမှာ ပရောဖက်ကအရမ်းစိတ်လှုပ်ရှားတယ်။ အရမ်းကိုစိတ်ဝင်စားသွားပါတယ်။ အဲဒီနေ့မှာ ပရောဖက်က ထူးထူးခြားခြားဘဲပြုမူပါတယ်။ ပရိတ်သတ်ကတော့အဲဒီလိုကြည့်ပြီး တော့ သူဒီပရောဖက်ရဲ့အပြုအမူကို ငေးကြည့်ရုံမှတစ်ပါးဘာမှမလုပ်နိုင်ပါဘူး။ သူက ဒြီမစ်မ်နားမှာဘဲ အြင်းပွားခဲ့ပါတယ်။သူတို့ဘာပြောသလဲဆိုတော့ ဘုရားသခင် ဒီယဇ်ပလ္လင်ကို တည်ဆောက်ခဲ့ပါတယ်။ ဘုရားသခင်ကျွန်တော်တို့ကိုတည်ဆောက်ဖို့ပြောခဲ့ပါတယ်။ မောရှေဟာ ပရောဖက်ဖြစ်ပါတယ်။ငါတို့ မောရှေကိုယုံကြည်ပါတယ်။ ယဇ်ကောင်ဟာဘာမှအဓိပ္ပါယ်မရှိဘဲနဲ့ အလဟသဖြစ်မသွားပါဘူး။

ယောဟန်ပြန်ဖြေတာကိုကျွန်တော်ကြားရပါတယ်။ ဘယ်လိုပြန်ဖြေသလဲဆိုတော့ သမ္မာကျမ်းစာထဲမှာ သင်တို့မဖတ်ရဘူးလား? ပရောဖက်ဒံယေလမိန့်တော်မူသကဲ့သို့ နေ့စဉ်ယဇ်ပူဇော်ခြင်းကတော့ ပျောက်ပြယ်သွား မှာဖြစ်ပါတယ်။အဲဒီအ ချိန်ကာလရောက်လာပြီဖြစ်ပါတယ်။ (ဟေရှာယ ၄၀) မှာဆိုထားတာကို သင်တို့မတွေ့ရဘူးလား? တော၌ဟစ်ကြော်သောအသံသည် ထာဝရဘုရား ကြွတော်မူတဲ့လမ်းကို ပြင်ဆင်ခြင်းဘဲဖြစ်ပါတယ်။ငါ့အတွက်ပရောဖက်ပြုချက် နှစ်ခုဖြစ်ပါတယ်။ နောက် တစ်ခုကတော့ ငါတို့ပရောဖက်တွေလွှန်ခဲ့တဲ့ နှစ်ပေါင်း (၄၀၀) ကဖေါ်ပြထားတာကို မမှတိကြဘူးလား? မာလခိက အခန်းကြီး ၃ မှာဆိုထားတဲ့အတိုင်း ငါ့လမ်း ကိုပြင်ဆင်ဖို့အတွက် ငါ့တမန်ကိုငါပြင်ထားမယ်လို့ဆိုထားပါတယ်။ ဒီပရောဖက်ပြုချက်ပြည့်စုံတယ် ဆိုတာ သင်တို့မသိပေဘူးလား? ပရောဖက်ပြုချက်ကပြည့်စုံနေပြီဖြစ်ပါတယ်။

38 ၃၈။ အဲဒီအချိန်မှာဘဲပရောဖက်က လှည့်ပြီးပြောလိုက်ပါတယ်။ ဘုရားသခင်ရဲ့သိုးသူငယ်တော်မြတ်ကြွလာ ပြီ။ဒီကမ္ဘာလော ကကြီးရဲ့အပြစ်တွေကို ယူဆောင်သွားတဲ့ဘုရားသခင်ရဲ့သိုးသူငယ်တော်မြတ်ဘဲဖြစ်ပါတယ်။ အဲဒီဆွဲဆောင်မှုကဘာလဲ? သူ့ရဲ့ ပရောဖက်ပြုချက်ဆီကိုရောက်အောင်ပရောဖက်ကို ပြောင်းလဲပေးခြင်း ဘဲဖြစ်ပါတယ်။

ဘာဖြစ်လာမလဲဆိုတာကို သတိပြုပါ။ယခုအခါမှာ သာမန်လူတစ်ယောက်ရောက်လာပါပြီ။ ဘယ်သူမှ သူ့ကိုမ သိပါဘူး။ သူကတော့လက်သမားဆရာရဲ့သားဘဲဖြစ်ပါတယ်။ ရေထဲကနေလမ်းလျှောက်ပြီးထွက်လာပါတယ်။ ယောဟန်တည်းဟူသောကြီးမြတ်တဲ့ပရောဖက်က ငါဟာသင့်ရဲ့ကလက်ထဲမှာ ဗတ္တိဇံခံဖို့ လိုပါသေးသလား? ကိုယ်တော်ဘာကြောင့် ကျွန်ုပ်ထံကိုလာပါသလဲဆိုပြီးတော့တောင် သူ့ကိုမေးရပါတယ်။

ကိုယ်တော်ရှင်မိန့်တော်မူသည်မှာပရောဖက်နှင့်နူတ်ကပတ်တော်အတွက် ဖြောင့်မတ်ခြင်းတွေအားလုံး ပြည့်စုံစေဘို့အတွက်ဘဲဖြစ်ပါတယ်လို့ ဆိုပါတယ်။

ဒါကြောင့်မို့လို့ သူကယဇ်ပူဇော်ခြင်းကိုနားလည်ပါတယ်။ အဲဒီယဇ်ပူဇော်ခြင်းတွေကို မတင်ဆက်မီ သေသေချာ ချာဆေးကြောရမည်ဆိုတာကိုလည်း နားလည်ပါတယ်။ အဲဒါနဲ့ဘဲကိုယ်တော်ရှင်ကို သူက ဗတ္တိဇံပေးလိုက်ပါတယ်။

39 ၃၉။ နောက်တစ်ခုဆွဲဆောင်မှုတစ်ခုဖြစ်ပါတယ်။ သူ ရေကနေထွက်တဲ့အချိန်မှာဘဲဖြစ်ပါတယ်။ ဒီပရော ဖက်ကသူ့ရဲ့အသက်ကို ပြောဆိုဖို့အတွက် အင်မတန်မှဘဲ သစ္စာရှိသူဖြစ်ပါတယ်။ သူက အပေါ်ကို၊အထက် ကိုကြည့်ပြီးတော့ ကောင်းကင်တံခါး ပွင့်လှစ်လျှက်ရှိတာကို သူတွေ့ပါတယ်။ ဘုရားသခင်ရဲ့ဝိညာဉ်တော်ကိုသူတွေ့ပါတယ်။ ချိုးငှက်ကဲ့သို့ သူ့အပေါ်ကိုဆင်း သက်လာပါတယ်။ နောက်ပြီးတော့အသံတော်က ဘာပြောသလဲဆိုတော့ ဒါ ငါချစ်မြတ်နိုးရာ ငါရဲ့သားဖြစ်တယ်။ ငါအင်မတန် နှစ်သက်တယ်လလို့ဆိုပါတယ်။ ဘုရားသခင်က ညပရောဖက်ရဲ့သတင်းစကားကို ဖေါ်ပြပါတယ်။ယော်ဒန်မြစ်မှာ လူတွေအားလုံး စိတ်ဝင်စားဖွယ်ကောင်းအောင်ဆွဲဆောင်နေခြင်းဘဲဖြစ်ပါတယ်။

40 ၄၀။ ညီအကိုတစ်ဦးကသိပ်မကြာခင်က သီချင်းတစ်ပုဒ်ကိုဆိုပါတယ်။ သူသီချင်းဆိုဖို့အတွက် ဘဲဖြစ်နေ ပါတယ်။ ဟိုး..တောင်ကုန်းပေါ်မှာ ကားတိုင်ကြီးတည်နေပါတယ်။ ကရာနီတောင်ပေါ်မှာဘာဆွဲဆောင်မှုရှိပါသ လဲ? ဘာသာရေးနဲ့ပက်သက်တဲ့ကမ္ဘာလောကကြီးကို ကျွန်တော်တို့ ကြည့်ရတဲ့အခါမှာ ကိုယ်တော်ရှင်ကိုစီရင်ချက်ချပါတယ်။ ရောမအစိုးရက ကိုယ်တော့်ကို သေခြင်းဆိုပြီးတော့ စီရင်ချက်ချလိုက်ပါတယ်။ ဒီအခါမှာ ကိုယ်တော်ကသူခိုးနှစ်ယောက်ရဲ့ကြားမှာ ကားတိုင်တင်ပြီး အသတ်ခံ

ရပါတယ်။ ရေငတ်ပြီးတော့ရေလည်းမသောက်ရပါဘူး။ သူ့ရဲ့ကိုယ်ခန္ဓာကနေ သွေးတွေစီးကျလာပါတယ်။ သူအဲဒီမှာ၊ ကားတိုင်ပေါ်မှာ ချိတ်ဆွဲခြင်းခံရပြီးတော့ ငိုကြွေးပါတယ်။ ကျွန်ုပ်အဖ၊ ကျွန်ုပ်အဖ၊ဘာကြောင့် ကျွန်ုပ်ကို စွန့်ပစ်တော်မူသလဲလို့ ဆိုပါတယ်။ အဲဒီမှာဘာသာရေးပုဂ္ဂိုလ်တွေရပ်နေပါတယ်။ သူ့ကိုကြည့်နေပါတယ်။ ဓမ္မဟောင်းကျမ်းရဲ့ပရောဖက်ပြုချက်ကို သူတို့ နည်းနည်းလေးမှမသိပါဘူး။ ဒီအချိန်မှာဒီကရာနီတော်ကုန်းပေါ်မှာ ဒီဓမ္မဟောင်း ပရောဖက်ပြုချက်တွေ ပြည့်စုံတယ်ဆိုတာကိုသူတို့ လုံးဝမသိကြပါဘူး

ဒါဝိဒ်ကိုယ်တော်တိုင်လည်းရေးသားထားတာကိုတွေ့ရပါတယ်။ ဝိညာဉ်တော်၌ရှိနေတဲ့အခါမှာ အခြားသော ပရောဖက်များကဲ့သို့သူကလည်းပြုမူပါတယ်။ ဒါဝိတ်က ဆာလံ (၂၂) ခွေးတို့သည် အကျွန်ုပ်ကိုဝိုင်း လျှက်စုဝေးသောလူစုတို့သည် ဝိုင်း ရံလျှက်နေ၍ အကျွန်ုပ်ကိုထိုးဖေါက်ကြပါပြီ။ကိုယ်အရိုးရှိသမျှကို အကျွန်ုပ်ရေ တွက်နိုင်ပါပြီ။ သူတို့သည် အကျွန်ုပ်ကိုကြည့်နေ၍အားရလျှက်နေကြပါ၏လို့ ဒါဝိဒ်မင်းကြီး စပ်ဆိုထား ပါတာကိုတွေ့ရပါတယ်။ ဒါဝိဒ်မင်းကြီးကမိမိကိုယ်တိုင်ခံစားရသကဲ့သို့ ရေး သားထားပါတယ်။ အဲဒါက ဒါဝိတ်မဟုတ်ပါဘူး။ဒါဝိတ်အထဲမှာရှိနေတဲ့ ခရစ်တော်ဘဲဖြစ်ပါတယ်။

နောက်ပြီးတော့ ပရောဖက်ပြုချက်တစ်ခုဖြစ်ပေါ်လာပါသေးတယ်။ အဲဒီပရောဖက်တွေကို အမျိုးမျိုးအများများ ရှိတဲ့အထဲကကရာနီတောင်ကုန်းပေါ်မှာ ပြည့်စုံသွားတဲ့ ပရောဖက်ပြုချက်တစ်ခုဘဲဖြစ်ပါတယ်။ကရာနီတောင် ကုန်းပေါ်မှာ ဘာဆွဲဆောင်မှု ရှိပါသလဲ? ဘုရားသခင်က သူ့ရဲ့နှုတ်ကပတ်တော်ကို ပြည့်စုံစေခြင်းဘဲဖြစ်ပါတယ်။

41 ၄၁။ နောက်ထပ်ဆွဲဆောင်မှုတစ်ခုကတော့ကရာနီတောင်ကုန်းပေါ်မှာဖြစ်ပျက်ခဲ့ပါတယ်။ ပင်တေကုတ္တေနေ့ မှာဘဲဖြစ်ပါတယ်။ အဲဒီဘာသာရေးပွဲတော်ကို သူတို့တွေအားလုံး တက်ရောက်ကြပါတယ်။ သူတို့အားလုံးသူတို့ကိုယ်သူတို့ အင်မတန် ဘုရားတရားကြည်ညိုကိုင်းရှိုင်းတယ်လို့ ထင်ကြပါတယ်။ကိုယ်တော်ရှင်ထံ တော်ပါးမှာ (၁၀) ရက်တိတိဘာမှမကြားရသေးပါဘူး။ အဲဒီအချိန်မှာဘဲရုတ်တရက် ပျားအုံကဲ့သို့ အဆောက်အ ဦးရဲ့ထိပ်ကနေပြီးတော့ သူတို့ကထွက်ပေါ်လာပါတယ်။ လမ်းထဲမှာလည်းရှိ ပါတယ်။ အော်ဟစ်ပြီး ချီဆောင် သွားကြပါတယ်။

အဲဒါဘာလဲ? အဲဒီအဒိပ္ပါယ်ကဘာလဲ?ဒီလူတွေအားလုံး အရက်မူးနေကြသလား?

သေချာကြည့်ပါ။ ပရောဖက်တစ်ပါးသူတို့အလယ်မှာရပ်နေပါတယ်။ ပရောဖက်တစ်ပါးကဲ့သို့ သူတို့အလယ်မှာ ရှိနေ ပါတယ်။ နောက်ပြီးတော့ ဘာပြောလဲဆိုတော့ ဣသရေလလူတို့သည် ယုဒပြည် ယေရုရှလင်မြို့မှာသင်တို့နေထိုင်ကြတယ်ဆိုရင် ဒါတွေအားလုံးကို သင်တို့သိသင့်တယ်လို့ဆိုပါတယ်။ငါ့ရဲ့စကားတွေကို သင်တို့နားထောင်ပါ။ ဒီလူတွေဟာ သင်တို့ထင်သလိုအရက်မူးနေတာမဟုတ်ပါဘူး။ သူတို့ဟာ ပရောဖက်ယောလ ဟောပြောခဲ့တဲ့အတိုင်းဘဲဖြစ်ပျက်နေတာပါ။ နောက်ဆုံးသောနေ့ ရက်ကာလမှာ အဲဒါတွေဖြစ်ပျက်မယ်လို့ပရောဖက်ပြုချက်ရှိပါတယ်။ ငါ့ရဲ့ဝိညာဉ်အားလုံးကို သူတို့အပေါ်မှာသွန်းလောင်းမယ်လို့ ဆိုထားပါတယ်။ အဲဒါကလည်း ဆွဲဆောင်မှုတစ်ခုဖြစ်ပါတယ်။

42 ၄၂။ ဘာသာရေးကိုင်းရှိုင်းတဲ့သူတွေအားလုံးဟာအသက်တာရဲ့အရှင်သခင်မင်းသားကို ကားတိုင်ပေါ်မှာ တင်ခဲ့ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ကြွလာတော်မူမယ်ဆိုတဲ့ ကတိတော်ကိုလည်း သူတို့မသိမမြင်ပါ ဘူး။ဆွဲဆောင်မှုဘဲဖြစ်ပါတယ်။ သူဟာ ဘယ်သူလဲ?ဘာအဓိပ္ပါယ်လဲ? ဒီလူတွေနဲ့ပက်သက်လို့ဘာဖြစ်မှာ လဲ?

ယနေ့လည်းထိုနည်းအတိုင်းဘဲဖြစ်ပါတယ်။ဒီနေ့ရက်ကာလအထိ များစွာသောအရာတွေကို ကျွန်တော်တို့ဖြတ်သန်းသွား ရမှာဖြစ်ပါတယ်။ယနေ့လည်း ထိုနည်းတူဘဲ ဖြစ်ပျက်နေပါတယ်။ မေးခွန်းကလည်း အလားတူမေးခွန်းဘဲမေးခြင်းခံရပါတယ်။ အဲဒါတွေအားလုံးဟာ ဘာတွေလဲ?လမ်းထဲမှာ ဟိုဘက်ကြည့်လိုက် သာဘက်ကြည့်လိုက်၊ ကားတွေကလည်း မစ်ရှီဂန်ကနေဖလော်ရီဒါကိုသွားတယ်၊ မိန်းကနေ ကယ်ရီဖိုးနီးယား ကိုသွားတယ်။ အဲဒါတွေကိုကြည့်နေပါတယ်။ ဒီမနက်လည်း ကျွန်တော်ကား စီးပြီးထွက်လာပါတယ်။ သို့မဟုတ်နေ့လယ်ခင်းအချိန်မှာ ကျွန်တော်တို့လမ်းထဲကို လျှောက်သွားပါတယ်ကျွန်ုပ်ရဲ့ ဇနီးသည်က တော့ ကားလိုင်စင်တွေကိုသွားကြည့်နေပါတယ်။အဲဒီအချိန်မှာ ကျွန်တော်ဒီကျမ်းချက်ကို သတိရပါတယ်။ ဒီကျမ်းချက်ရဲ့ အဓိပ္ပါယ် ဘာလဲ?

နှုတ်ကပတ်တော်ဆိုထားခဲ့တဲ့အတိုင်းဘဲအသေကောင်ရှိတဲ့နေရာမှာ လင်းယုန်ငှက်တို့ စုဝေးရောက်ရှိနေကြ ပါတယ်။

43 ၄၃။ ကျွန်တော်ဇနီးသည်ကို ကျွန်တော်ပြောလိုက်ပါတယ်။ ဟန်နီ ဟိုတစ်နေ့ညက ငါတို့အားလုံးကိုနှုတ်ဆက်ခဲ့တယ်။ ငါက အားလုံးကိုနှုတ်ဆက်ခဲ့တယ်။ ဒီကမ္ဘာလောကကြီးမှာငါနဲ့ရင်းနှီးသမျှလူတွေအားလုံး ကို ငါနှုတ်ဆက်ခဲ့တယ်။ နောက်ပြီးတော့ငါကဟိုးကွင်းထဲကိုသွားပြီးတော့ ဘုရားသခင်ဘာခိုင်းမလဲဆိုတာကို သွားပြီးတော့နားထောင်မယ်လို့ပြောတာကိုသတိရသလား။ အဲတော့ မင်းကဒီသီချင်းလေးကိုဆိုခဲ့တယ်။

အရှေ့နဲ့အနောက်ကနေသူတို့လာကြလိမ့်မယ်။

ဝေးကွာလှတဲ့နယ်မြေတွေကနေ သူတို့လာကြလိမ့်မယ်။

သူတို့ဟာကျွန်ုပ်တို့ရဲ့ဘုရင်ကြီးနဲ့အတူ သူ့ရဲ့ဧည့်သည်တော်အဖြစ်စားပွဲသောက်ပွဲကျင်းပမှာဖြစ်တယ်။

ဒီဘုရားဖူးတွေက ကောင်းကြီးဘယ်လောက်ခံစားရလဲ။

ကိုယ်တော်ရှင်ရဲ့မျက်နှာတော်ကိုထောက်ထားပြီးတော့ ဘုရားသခင်ရဲ့ မေတ္တာတော်နဲ့တောက်ပရွှန်းလဲ့နေပါတယ်။

ကိုယ်တော်ရှင်ရဲ့ကျေးဇူးတော်ကို မြည်းစမ်းကြည့်ကြပါ။

ကိုယ်တော်ရှင်ရဲ့ သရဖူ တော်မှာ ကျောက်မျက်တွေအနေနဲ့တောက်ပကြပါ။

44 ၄၄။ အဲဒါကတော့ဆွဲဆောင်မှုတစ်ခုဘဲဖြစ်ပါတယ်။ ကြိုတင်ခွဲခန့်မှတ်သားထားတဲ့ဘုရားသခင်ရဲ့မျိုးစေ့တော်ဟာ ဘာမှတတ်နိုင်မှာမဟုတ်ပါဘူး။ ဒါပေမယ့်နှုတ်ကပတ်တော်နောက်ကို လိုက်ဖို့ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အသက်တာထက်ပိုပြီးတော့အဓိပ္ပါယ်ရှိတဲ့နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အသက်တာတွေကို ကိုယ်တော်ရှင်ယူပါ။ဒါပေမယ့်လည်းနှုတ်ကပတ်တော်ကို မယူလိုက်ပါနဲ့။ ဆွဲဆောင်မှုဆိုတာဘာလဲ? ဘုရားသခင်ဟာ ပုံမှန်အတိုင်းဘဲသူ့ရဲ့နှုတ်ကပတ်တော်တွေကို သူပြည့်စုံစေတာဖြစ်ပါတယ်။ ဇာခရိရဲ့နှုတ်ကပတ်တော်ကိုသူကပြန်လည်ပြည့်ဝစေတာဖြစ်ပါတယ်။ ပရောဖက်ဇာခရိကို ပြောပြခြင်းဘဲဖြစ်ပါတယ်။

ကျွန်တော်ဟာ ခုနကဘဲ အခန်းငယ်ကိုး ကိုဖတ်သွားတဲ့အခါမှာ ဘာအကြောင်းလဲဆိုတော့ သခင်ယေရှု ဗိမာန်တော်ထဲကိုဝင်ရောက်လာတဲ့အချိန်ဘဲဖြစ်ပါတယ်။ ဗိမာန်တော်မဟုတ်ပါဘူး။ ယေရုရှလင်မြို့ကိုယင်ရောက်ခြင်းဘဲဖြစ်ပါတယ်။ သူဟာမြည်းဖြူကလေးကိုစီးလာပါတယ်။ ပရောဖက်ဇာခရိရဲ့ပရောဖက်ပြုချက် ပြည့်စုံသွားခြင်းဘဲဖြစ်ပါတယ်။ အို...ဇိအုန်သတို့သမီးအလွန်ဝမ်းမြောက်လော့။ အို....ယေရုရှလင်သတို့သမီး ကြွေးကြော်လော့။တရားသဖြင့်စီရင်၍ကယ်တင်ခြင်းသို့ရောက်သော သခင်သင်၏အရှင်မင်းကြီးသည် မြည်းမနှင့်မြည်းလေးကိုစီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သူတို့ရှိရာသို့ကြွလာတော်မူသည်ကိုကြည့်ရှုလော့လို့ဆိုထားတဲ့ ကျမ်းချက်ဘဲဖြစ်ပါတယ်။

45 ၄၅။ နောက်ဆုံးသောအချိန်မှာဘာတွေဖြစ်ပျက်မလဲဆိုတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဇာခရိအနာဂတ္တိကျမ်းမှာဘဲအနည်းငယ်စာမျက်နှာများကို လှန်ပြီးတော့ကြည့်မယ်ဆိုရင် ဘာပြောထားသလဲဆိုတာကိုတွေ့ရမှာဖြစ်ပါတယ်။ နောက်ဆုံးသောနေ့ရက်ကာလများအတွက်ကိုကျွန်တော်တို့ကြည့်ရမှာဖြစ်ပါတယ်။ အဲဒါကတော့ အလယ်ခေတ်ကာလဘဲဖြစ်ပါတယ်။ အခုကျွန်တော်တို့နောက်ဆုံးသောနေ့ရက်များကို ကြည့်ကြ ပါစို့။ ဇာခရိ (၁၄:၄)ကနေစပြီးတော့ဖတ်မှာဖြစ်ပါတယ်။ သေချာ နားထောင်ပါ။ ကျွနု်ပ်တို့ဟာကျမ်းချက်ကိုတောက်လျှောက်ဖတ်သွားမှာဖြစ်ပါတယ်။ အားလုံးပေါင်း အခန်းငယ်ကိုးခန်းဘဲရှိ ပါတယ်။အခန်းငယ်လေးက နေကိုးအထိဖြစ်ပါတယ်။ သေချာနားထောင်ပါ။ကိုယ်တော်ရှင်ကြွလာတော်မူမယ့်အကြောင်းကို ပရောဖက် ပြုခြင်းဘဲဖြစ်ပါတယ်။ နောက်ဆုံးသောနေ့ရက်ကာလများအတွက်ဖြစ်ပါတယ်။ သေချာနားထောင်ပါ။ အဲဒါက တော့ဘုရားသခင်မိန့်တော်မူခြင်းဘဲဖြစ်ပါတယ်။ အဲဒါကတော့ ကျမ်းချက်များဘဲဖြစ်ပါတယ်။ ဇာခရိ(၁၄:၉) ဖြစ်ပါတယ်။ အဲဒီမှာဘာ ပြောထားပါသလဲ? သူတို့မသိကြပါဘူး။ ဒီနေ့လည်းဘာဖြစ်သလဲ? ဇာခရိအခန်းကြီး ၁၄ ကကိုယ်တော်ရှင်ကြွလာတော်မူခြင်းအ ကြောင်းကို ဖေါ်ပြထားပါတယ်။

ထိုနေ့ရက်၌ခြေတော်သည်ယေရုရှလင်မြို့အရှေ့သံလွင်တောင်ပေါ်မှာရပ်၍ သံလွင်တောင်အ ရှေ့ဘက်မှ အနောက်ဘက်တိုင်အောင် အလယ်၌ကွဲသဖြင့် အလွန်ကြီးသောချိုင့်ဖြစ်လိမ့်မည်။ တောင်တစ်ဝက်သည် မြောက်ဘက်သို့ရင်း၊ တစ်ဝက်သည်တောင်ဘက်သို့ရင်း ရွှေ့ရလိမ့်မည်။.

သင်တို့သည် ငါ့တောင်ကြားချိုင့်လမ်းဖြင့်ပြေးကြလိမ့်မည်။ ထိုချိုင့်သည် အာဇလမြို့တိုင်အောင် မှီလိမ့်မည်။ယုဒပြည် အောဇိမင်းလက်ထက် မြေကြီးလှုပ်၍ သင်တို့သည်ပြေးကဲ့သို့ တစ်ဖန်ပြေးကြလိမ့်မည်။ ငါ၏ဘုရားသခင်ထာဝဘုရား ကြွလာ တော်မူ၍ မိမိသန့်ရှင်းသူအပေါင်းတို့သည်ပါကြလိမ့်မည်။

46 ၄၆။ နောက်ထပ်မြေငလျှင်လှုပ်ခြင်းဖြစ်ပြီးတော့မြေကြီးကွဲအက်သွားမှာဖြစ်ပါတယ်။ သမ္မာကျမ်းချက်ကို ဆက်ပြီးတော့ကြည့်မယ်ဆိုရင်အခန်းငယ်-၅ကိုတွေ့ရပါတယ်။ အဲဒါကတော့သံလွင်တောင်နဲ့ပက်သက်တဲ့မြေငလျှင်တုန်လှုပ်ခြင်းဘဲဖြစ်ပါတယ်။ ဟေရှာယ(၂၉:၆)နဲ့ ဗျာဒိတ် (၁၆:၉)မှာ အဲဒါကိုအတည်ပြုထားပါ တယ်။အတိအကျဘဲဖြစ်ပါတယ်။ အဲဒါဘာလဲ?ကိုယ်တော် ရှင်ပထမကြွလာတော်မူခြင်းရဲ့ ပရောဖက်ဘဲဖြစ် ပါတယ်။ သူဟာလည်းကိုယ်တော်ရှင် ဒုတိယအကြိမ်ကြွလာတော်မူခြင်းကို သိ နှင့်နေပါတယ်။ မြေငလျှင်ကြီးများလှုပ်တဲ့ကာလကဲ့သို့ဘဲဖြစ်မယ်လို့ ဆိုပါတယ်။ မြေငလျှင်တွေ အခု ဘာဖြစ်နေပါသလဲ?

အဲဒီ မြေငလျှင် လှုပ်ခြင်းနဲ့ပက်သက်လို့ကြိုတင်ဖေါ်ပြထားတာတွေကို ကြည့်ကြပါစို့။ ထိုနေ့ရက်၌ အလင်းမရှိ။ မြတ်သောအရာတို့သည် ယုတ်လျော့လိမ့်မည်။ နေ့မဟုတ်၊ ညမဟုတ် ထာဝရဘုရားသိတော်မူသော နေ့ရက်ဖြစ်၍ညဥ့်ဦးယံအချိန်ရောက်မှ လင်း လိမ့်မည်။ အို... ဘုရားသခင်။

47 ၄၇။ ညဥ့်ဦးယံအချိန်ရောက်မှလင်းလိမ့်မည်ဟု အလားတူ ပရောဖက်က ပြောပါသည်။ လူတွေဟာ မျက်စိကွယ်နေကြပါတယ်။ ဘာဟာဆွဲဆောင်မှုရှိပါသလဲ?ထပ်ပြီးတော့ ကျမ်းချက်နှစ်ချက်လောက် ဆက်ဖတ် ကြပါစို့။

ထိုနေ့ရက်၌ အသက်ရေသည်ယေရုရှလင်မြို့မှထွက်၍ နွေကာလဖြစ်စေ၊ ဆောင်းကာလဖြစ်စေ။ အရှေ့ပင်လယ်သို့တစ်ဝက်၊ အနောက်ပင်လယ်သို့ တစ်ဝက် စီးသွားလိမ့်မည်။ ထာဝရဘုရားသည် တစ်ပြည်လုံးတွင်ရှင်ဘုရင်ဖြစ်တော်မူမည်။

ထိုနေ့ရက်၌ ထာဝရဘုရားတစ်ပါးတည်း၊နာမတော်တစ်ပါးတည်း ဖြစ်တော်မူမည်။

ညဥ့်ဦးယံအချိန်မှအလင်းလင်းမည်လို့ဆိုထားပါတယ်။ မှန်ပါတယ်။

ဘုန်းတော်တို့သွားရာလမ်းကို သင်သေချာစွာရှာဖွေတွေ့ ရှိမှာဖြစ်ပါတယ်။

ရေလမ်းကနေသွားရင်လည်း ယနေ့အလင်းကိုတွေ့ရမှာဖြစ်ပါတယ်။

သခင်ယေရှုနာမ တော်မြတ်၌မြုပ်နှံထားခြင်းဘဲဖြစ်ပါတယ်။

အသက်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊သင့်အပြစ်တွေ အားလုံး အတွက်နောင်တရပါ။ သန့်ရှင်းသောဝိညာဉ်တော်က အမှန်တစ်ကယ်ဘဲဝင်ရောက်လာမှာဖြစ်ပါတယ်။ ညဥ့်ဦးယံအလင်း ရောင် ရောက်ရှိလာမှာဖြစ်ပါတယ်။

ခရစ်တော်နဲ့ ဘုရားသခင်ဟာတစ်ပါးတည်းဖြစ်တယ်ဆို တာကို ဖေါ်ပြခြင်းဘဲဖြစ်ပါတယ်။

ကျွန်တော်တို့ ဘယ်နေရာကိုရောက်နေသလဲဆိုတာ ကြည့်ပါ။

နိုင်ငံတွေအား လုံးဟာ ပျက်စီးနေပါတယ်။

ဣသရေလနိုင်ငံကတော့ နိုးထလျှက်ရှိပါတယ်။

ပရောဖက်တွေကြိုတင်ဟောပြောထားတဲ့အတိုင်းဘဲဖြစ်ပါတယ်။

နောက်ဆုံးသောနေ့ရက်ကာလ အတွက်မြေလျှင်လှုပ်ခြင်းဘဲဖြစ်ပါတယ်။

တစ်ပါးအမျိုးသားတို့ရဲ့နေ့ရက်တွေကိုရေတွက်ထားပါတယ်။

လယ်ထွန်ရမဲ့ထွန်လမ်းကြောင်းအတိုင်းဖြစ်နေပါပြီ။

ကွဲပြားနေတဲ့ ဣသရေလတွေအားလုံးမိမိတို့ရဲ့နေရာကို ပြန်လာပါ။

သင့်ကို ကန်ထုတ်လိုက်ပါတယ်။ဒါပေမယ့်လည်း အဲဒီအရာတွေအားလုံးကို လှည်းအသစ်နဲ့ ပြန်ပြီးသယ်လိုက် ပါတယ်။ အဲဒီကနေထွက်လာပါ။ ဒါမှမဟုတ်ရင် သေခြင်းတရားက သင့်ကို ရိုက်ခတ်သွားမှာဖြစ်ပါတယ်။ဘုရားသခင်က အတည်ပြုထား ပါတယ်။ ပြောတဲ့အတိုင်းပဲ ဖြစ်လာမှာဖြစ်ပါတယ်။

48 ၄၈။ နောက်ထပ်ကျမ်းချက်တစ်ချက်ကိုဓမ္မဟောင်းကျမ်းမှာ ကျွန်တော်တို့ ဆက်လက်ဖတ်ရှုရှာဖွေလေ့လာ နိုင်ပါတယ်။မာလခိအခန်းကြီး ၄ ပဲဖြစ်ပါတယ်။

မီးဖို၌မီးလောင်သကဲ့သို့လောင်သောနေ့ရက်ကာလသည် ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒု စရိုက်ကိုပြုသောသူအပေါင်းတို့သည် အမှိုက်ခြောက်ဖြစ်လိမ့်မည်။

မာလခိအခန်းကြီး (၃)ကိုကြည့်မယ်ဆိုရင်လည်း ဘုရားသခင်ပထမအကြိမ်ကြွလာတော်မူခြင်းကို တွေ့ရမှာ ဖြစ်ပါတယ်။ ဘာရာသာစတော့စီးလ်ကိုယ်တိုင်လည်း သူက FootNote ရေးသားထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်အဲ့ဒါကို မကြိုက်ပါဘူး။ သူကအောက်ကနေပြီး လိုင်းတားပြီးရေးထားပါတယ်။ ယောဟန်ရဲ့အမှုတော်ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ အဲဒါက မာလခိအခန်းကြီး ၃ နဲ့ဆိုင်တယ်လို့ ဆိုပါတယ်။ သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနဲ့ ဧလိယအကြိုရောက်ရှိ လာခြင်းဖြစ်ပါတယ်။

မီးဖို၌ မီးလောင်သကဲ့သို့ရောက်ရှိလာသောနေ့ရက်ကာလသည် ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒုစရိုက်ကိုပြုသောသူအပေါင်းတို့သည် အမှိုက်ခြောက်ဖြစ်လိမ့်မည်။ သူတို့အရင်းအဖျားမျှမကျန်ကြွင်းစေခြင်းငှာ ထိုနေ့ရက်သည် ရောက်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ ငါ၏နာမကိုကြောက်ရွံ့သောသူတို့၌ကား တရားတော် နေမင်းသည် အနာပျောက်စေသောအတောင်တို့နှင့်ပေါ်ထွန်းတော် မူမည်။ သင်တို့သည် ထွက်သွား၍ တင်းကုပ်၌နွားသူငယ်ကဲ့သို့ခုန်လိမ့်မည်။ မတရားသောသူတို့ကိုလည်း နင်းကြလိမ့်မည်။ ထိုသို့ငါစီရင်သောနေ့ရက်၌သူတို့သည် သင်တို့ခြေဖဝါးအောက်၌ မြေမှုန့်ဖြစ်ကြလိမ့်မည်ဟုကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ ဣသရေလအမျိုးအပေါင်းတို့အဖို့ဟောရပ်အရာ ၌ ငါမှာထားသောတရားတည်းဟူသော ငါ၏စီရင်ထုံးဖွဲ့တော်မူချက်တို့ကိုအောက်မေ့ကြလော့။

49 ၄၉။ ယခုအခါမှာဧလိယရောက်ရှိလာပြီဖြစ်ပါတယ်။ ကြည့်ရှုလော့။ ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ကြီးမရောက်မီ ပရောဖက်ဧလိယကို သင်တို့ရှိရာသို့ ငါစေလွှတ်မည်။

နောက်ဆုံးဓမ္မဟောင်းကျမ်းစာ၏အဆုံးပိုင်း ကျမ်းချက်ပဲဖြစ်ပါတယ်။ ပရောဖက်ဧလိယကို စေလွှတ်မည်အကြောင်း ရေးသားထားသောကျမ်းချက်ပဲ ဖြစ်ပါတယ်။

အဲ့ဒါကတော့ ဗတ္တိဇံဆရာယောဟန်ပဲဖြစ်ပါတယ်။ အခုအခါမှာ တစ်လောကလုံးလည်း မီးလောင်မကျွမ်းပါဘူး။ ဖြောင့်မတ်တဲ့သူတွေလည်းကောက်ကျစ်စဉ်းလဲတဲ့သူတွေအပေါ်မှာ ဖြတ်လျှောက်မသွားနိုင်သေးပါဘူး။ မဟုတ်ပါဘူး။ထာဝရဘုရား၏ ကြောက်မက်ဖွယ်သောနေ့ရက်ကြီး မရောက်မီလို့ဆိုထားပါတယ်။ ငါသည်လာ၍သင်တို့ပြည်ကို ကျိန်ခြင်းဘေးနှင့် ဒါဏ်မခတ် မည်အကြောင်းထိုပရောဖက်တို့သည်သားတို့နှင့်အဘတို့ကိုငင်း၊ အဘတို့နှင့်သားတို့ကိုငင်းအသင့်အတင့်ဖြစ်စေမည်ဟုမိန့်တော် မူ၏။

သန့်ရှင်းသော ဝိညာဉ်တော်၏ အမှန်တရားကိုသတိပြုပါ။ ဧလိယ၏ တစ်ဖန်ပြန်လာခြင်းကို လျစ် လျူမရှုပါနှင့်။ (မာလခိ

၃)မှပြောပါသည်။ မြင်ပါသည်။ ကျွန်ုပ်၏ သတင်းစကားပို့ဆောင်သူကို သင်၏ မျက်မှောက်ရှေ့မှာယူဆောင်လာပါသည်။ သခင်ယေရှုသည် ယောဟန်အကြောင်းကို အမေးခံရပါသည်။ သူပြောပါသည်။ ‘သင်ဒါကို လက်ခံနိုင်လျှင် ဒါဟာ ပရောဖက်ပြောပါသည်။ သင်၏ မျက်မှောက်ရှေ့တွင် ကျွန်ုပ်၏ သတင်းစကား ပို့ဆောင်သူကိုယူဆောင်လာပါမည်။ ဒါဟာ ဧလိယဖြစ်ပါသည်။ (မာလခိ ၃)

50 ၅၀။ သမ္မာကျမ်းစာသည်အမှန်တရားဘဲ ပေးပါသည်။ ယခုကြည့်ပါ။ .... ဘယ်သူယုံကြည်ချင်လဲဆိုတာ ပြသပါ။ ဘယ်သူကြည့်ချင်သလဲဆိုတာ ပြသပါ။ သတိရပါ။ သခင်ယေရှုသည် သမ္မာကျမ်းစာအလယ်၌ရပ်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဝက်က ပြည့်နေပါသည်။ သူ၏ ဒုတိယအကြိမ်ပြန်လာခြင်း ‘ယခုလက်ခံခြင်းနှစ်ဟူ၍ ဟောပါမည်။ သခင်ဘုရားနှစ်ဟု ဟောပါမည်။ နှလုံးသားမဲ့နေသူကိုပြုပြင်ပါ။’ ထို့နောက်ရပ်ပါ။ မဟုတ်ပါ။ ‘တပါးအမျိုးသားကိုတရားမျှတမှု ယူဆောင်လာပါ။’ သူဒုတိယအကြိမ် မပြန်လာမီတိုင်အောင်...

51 ၅၁။ ဤသမ္မာကျမ်းစာကိုသတိပြုပါ။ ‘ထို့နောက်သူဧလိယ သားတို့နှင့်အဘတို့ကိုငင်း၊ အဘတို့နှင့် သားတို့ကိုငင်း အသင့်အတင့်ဖြစ်စေမည်။’ ယခု (မာလခိ ၄)ပြောပါမည်။ မရောနှောမိစေပါနှင့်။ ..... ဒါမှ မဟုတ် (မာလခိ၃) ယောဟန်၊ ဧလိယ၊ ခရစ်တော် မလာမီ လာသောသူ ဖြစ်ပါသည်။ ဖခင်များ၏ နှလုံး သားများကိုသားသမီးများထံသို့ သတင်းစကားယူဆောင်လာမည်။ အသစ်သော သတင်းစကား ဖြစ်ပါသည်။

ယခုသေချာကြည့်ပါ။ ထိုပရောဖက်သည်သားတို့နှင့်အဘတို့ကိုငင်း၊ အဘတို့နှင့်သားတို့ကိုငင်း အသင့်အတင့်ဖြစ်စေမည် ဟုမိန့်တော်မူ၏။ အဲဒါကတော့ ကိုယ်တော်ရှင်ဒုတိယအကြိမ်ကြွလာတော်မူတဲ့အခါနောက်ဆုံးသောနေ့ရက်မှာ သူဟာ တမန် တော်တို့ရဲ့ယုံကြည်ခြင်းကို ပြန်လည်ရောက်ရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့သမ္မာကျမ်းစာကို ကြည့်မယ်ဆိုရင် အစီအစဉ်စနစ် တကျရှိနေတာကို တွေ့ရပါတယ်။

အဲဒီကျမ်းချက်က ဓမ္မဟောင်းချက်ရဲ့နောက်ဆုံးအပိတ်ကျမ်းချက်ပဲ ဖြစ်ပါတယ်။ ညနေခင်းအချိန်မှာ အလင်းကိုတွေ့ရပါ တယ်။ အဲဒါကဘာလဲ? အဲဒါကထိပ်မှာဖြစ်ပါတယ်။ ဟိုး... တောင်ထိပ်အဖျား သစ်ပင်အဖျားမှာရှိတဲ့ထိပ်အဖျားကိုပဲ ဆိုလိုခြင်းဖြစ် ပါတယ်။

52 ၅၂။ ဒီမနက်ကျွန်တော်ပြောသလိုပဲဂိုဏ်းဂဏတွေအားလုံးကို ကျွန်တော်တို့ပြန်ဖြတ်ကျော်သွားရပါတယ်။ အဲဒါကတော့လိမ္မော်ပင်တော့မဟုတ်ပါဘူး။ ဒီမနက် ကျွန်တော်ပြောတဲ့အရာကတော့ စပျစ်ပင်တွေ၊သံပုရာပင်တွေ အားလုံးအမျိုးမျိုးပဲဖြစ်ပါတယ်။ အစကကဲ့သို့ပဲ ဖြစ်ပါတယ်။အဲဒါနဲ့ပတ်သက်လို့ နောက်ဆုံးဘာဖြစ်လာသလဲဆိုရင် အဲဒီဂိုဏ်းဂဏတွေအားလုံးဟာသူတို့ကိုယ်သူ တို့ ပြစားခဲ့ကြတယ်။ သူတို့မှာ အလင်းလင်းစရာမရှိပါဘူး။ နေ့၊ညလို့ခွဲခြားပြီးတော့ ခေါ်လို့မရလောက်အောင် ဖြစ်ခဲ့ပါတယ်။

သူတို့ဘာလုပ်နေသလဲ။ သူတို့ဘာလုပ်နေသလဲ။သံပုရာပင်ကတော့ လိမ္မော်ပင်ပေါ်မှာ ပြုလုပ်နေပါတယ်။ လိမ္မော်ပင်ရဲ့မူရင်းအသက်တာကို ယူပြီးတော့ သူတို့ကလှည့်ဖျားတယ်၊ သံပုရာကိုင်းတွေကိုကူးယုက်လိုက်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်က ပတ်တော်တွေကို ဂိုဏ်းဂဏတွေကအဲ့သလိုပဲလုပ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်မှာ သူတို့ရဲ့အစဉ်အလာနဲ့ထိရောက်မှုမရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ ကိုယ်တော်ရှင်ရဲ့ဝိညာဉ်တော်က ပြောပါတယ်။သူတို့ဟာ သံပုရာသီးတွေ၊ စပျစ်သီးတွေ သီးနေပါ တယ်။ တကယ့်မူရင်း လိမ္မော်သီးတော့မဟုတ်ပါဘူး။

53 ၅၃။ ဒါပေမယ့်လည်းပရောဖက်က ဘာပြောပါသလဲ။ ဒီညပြောတဲ့အကြောင်းအရာကတော့ အလားတူအ ကြောင်းအရာပဲဖြစ်ပါတယ်။ ဝမ်းမြောက်ကြပါ။ ယေရုရှလင်မြို့ရဲ့သတို့သမီးတွေ အော်ဟစ်ကြပါ။ဇိအုန်မြို့ရဲ့ သမီးတွေ အော်ဟစ်ကြပါ။ ဘာကြောင့် လဲဆိုတော့ သင်တို့ရဲ့ဘုရင်ဟာအင်မတန်နှိမ့်ချစွာနှင့် မြည်းဖြူလေးကို စီးပြီးတော့ သင်တို့ထံကို ရောက်လာတယ်လို့ဆိုထားပါ တယ်။ အဲဒီပရောဖက်ကပဲ ဘာပြောသလဲဆိုတော့ အချိန်တန်ပြီလို့ ပြောပါတယ်။နေကကျလာပြီးတော့ မြေကြီးပေါ်မှာ သီးနေတဲ့ အသီးတွေကို မှည့်ဝင်းစေပါတယ်။ ဘာကြောင့်မို့လို့ မမှည့်ဝင်းစေပါသလဲ။ မှည့်ဝင်းမဲ့အသီးမရှိလို့ပဲ ဖြစ်ပါတယ်။ဒါပေမယ့်လည်း အသက်တာကတော့ ဆက်လက်ပြီးတော့ လှည့်လည်သွားလာနေဆဲပဲ ဖြစ်ပါတယ်။

54 ၅၄။ အဲဒီအပင်ကပေါ်ထွက်လာတဲ့အခါမှာ စပျစ်နွယ်ပင်အားဖြင့် ပေါ်ထွက်လာပါတယ်။ လိမ္မော်ပင်ဖြစ်လို့ပါပဲ။ သေသေချာချာ ဖွဲ့စည်းပြီးတာကို တွေ့ရပါတယ်။ အဲဒါကတော့ စပျစ်သီးပဲဖြစ်ပါတယ်။ထပ်ပြီးတော့ ထွက်လာပါတယ်။ ဒီတစ်ခါမှာတော့ သံပုရာ ပင်အနေနဲ့ ပေါ်ထွက်လာပါတယ်။ဆက်လက်ပြီးတော့ နောက် တစ်ခုအဖြစ် ပေါ်ထွက်လာပါတယ်။ အဲဒီအသီးက ဘာအသီးလဲဆို ရင်လိမ္မော်သီးတစ်ပိုင်း သံပုရာသီး တစ်ပိုင်း ဖြစ်ပါတယ်။ မျိုးယုက်ထားတဲ့အရာပဲဖြစ်ပါတယ်။ ပြောင်းလဲထားတဲ့အရာပဲ ဖြစ်ပါ တယ်။ လုံးဝလှည့်ဖျားဖို့အတွက်ပေါ်ထွက်လာပါတယ်။ အဲဒီအပင်ကနေပဲ ပေါ်ထွက်လာပါတယ်။ အခွံရှိပါတယ်။ ရွေးချယ်ထားတဲ့သူတွေကိုလည်း လှည့်ဖျားလုနီးပါးဖြစ်နေပါတယ်။ လိမ္မော်သီးကဲ့သို့ဖြစ်ပြီးတော့တကယ့်တကယ်တော့ လိမ္မော်သီးမဟုတ်ပါဘူး။

ဒါပေမဲ့လည်း အလင်းပေါ်ထွက်လာမှာဖြစ်ပါတယ်။ အဖွဲ့အစည်းတွေက တဆင့်ပေါ်ထွက်လာပြီဆိုရင် ပြီးခဲ့တဲ့အဖွဲ့အ စည်းကနေသူမပေါ်ထွက်လာခြင်းပဲဖြစ်ပါတယ်။ ထပ်မံပြီးတော့ ပေါ်ထွက်လာခြင်းဖြစ်ပါတယ်။လိမ္မော်သီးတွေသီးမှာဖြစ်ပါတယ်။ သူဟာ မြေကြီးထဲကို သွားမယ်ဆိုရင် အဲ့သလိုပဲဖြစ်မှာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ အလင်းပြန်လည်ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

အဲဒါက ဘာဆွဲဆောင်မှုဖြစ်ပါသလဲ? ဘယ်လိုဖြစ်ပေါ်လာပါသလဲ? ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ပြည့်စုံစေခြင်းပဲ ဖြစ်ပါတယ်။ ဓမ္မဟောင်းကျမ်းစာမှာ သက်သေနှစ်ဦးရှိပါတယ်။အဲဒီသက်သေနှစ်ဦးအတိုင်းပဲ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

55 ၅၅။ (ယောဘ၁၄း၁၂) ကိုကြည့်မှာဖြစ်ပါတယ်။ ဓမ္မသစ်ကျမ်းချက်ဖြစ်ပြီးတော့သခင်ယေရှုမိန့်တော်မူခြင်း ဖြစ်ပါတယ်။ ငါအမှန် အကန်ဆိုသည်ကားငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက်သာ၍ကြီးသောအမှုတို့ကို လည်း ပြုလိမ့်မည်လို့ဆိုထားတာကို တွေ့ရပါတယ်။

(လုကာ ၁၈း၂၂-၃၀) မှာလည်း ကိုယ်တော်ရှင်မိန့်တော်မူထားတာကိုတစ်ဖန်တွေ့ရပါတယ်။ ထိုနည်းတူ လောတလက် ထက်၌ လူများတို့သည် စားသောက်ရောင်းဝယ်လျက်၊အိမ်ဆောက်လျက်၊ စိုက်ပျိုးလျက် နေသကဲ့သို့၎င်း၊ လောတသည် သောဒုံ မြို့မှထွက်သောနေ့၌နေသကဲ့သို့ ကောင်းကင်မှ ကန့်နှင့်ရောသော မီးမိုးရွာ၍ ထိုလူအပေါင်းတို့ကိုသုတ်သင်ပယ်ရှင်းသကဲ့သို့၎င်း၊ လူသားပေါ်ထွန်းသောနေ့၌ ဖြစ်လိမ့်မည်။

သမ္မာကျမ်းချက်များကို ကြည့်ပါ။လူသားဖြစ်တယ်။ သခင်ယေရှုက မနေ့၊ ယနေ့နှင့် ထာဝရကာလအတူတူပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဂိုဏ်းဂဏများ ပေါ်ထွက်လာပါတယ်။ အထွဋ်အထိပ် ဟိုးသစ်ပင်ထိပ်ဖျားအထိ ရောက်ခဲ့ပါတယ်။ကိုယ်တော်ရှင် ဘာပြော ပါသလဲ? (ရှင်ယောဟ ၁၄၊ သို့ ၁၅) မှာ ကိုယ်တော်ရှင် ဘာပြောထားပါသလဲ? ငါ၌မတည်သော အကိုင်းအခက်တွေက အသီးသီးမှာမဟုတ်ပါဘူး။ အဲဒီအကိုင်း အခက်တွေကို ဖြတ်တောက်ခြင်းခံရမှာ ဖြစ်ပါတယ်။ မီးထဲကိုပစ်ချပြီးတော့ လောင်ကျွမ်းခြင်းခံရမှာ ဖြစ် ပါ တယ်။ ဒါပေမဲ့လည်း အသီးမသီးတဲ့အကိုင်းအခက်တွေအားလုံးကို ဖြတ်တောက်ပစ်မှာ ဖြစ်ပါတယ်။

56 ၅၆။ နောက်မိုးနဲ့အရှေ့မိုး တကယ်ပဲရှိမှာဖြစ်ပါတယ်။ နောက်ဆုံးသောခေတ်ကာလမှာ အုပ်စုငယ်လေးကိုယ်တော်ရှင်နဲ့အတူ မြည်းကလေးကို စီးပြီးတော့ နိမ့်နိမ့်ချချနဲ့ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ဒါမှမဟုတ်လည်း ဂိုဏ်းဂဏကနေပြီးတော့ ငိုကြွေးနေမှာ ဖြစ်ပါတယ်။ ထာဝရဘုရား၏နာမတော်၌ ကြွလာတော်မူသော ဘုရင်သည် ဟောရှဏ္ဏာဖြစ်စေသတည်းလို့ ပြောကြမှာဖြစ်ပါတယ်။ ယနေ့ခေတ်ကာလမှာ ဘာဖြစ်နေပါသလဲ?တောင်ပေါ်မှာ ဘာဆွဲဆောင်မှုရှိပါသလဲ?

57 ၅၇။ သိပ်မကြာသေးမီကာလကဒီပလ္လင်မှာရပ်ပြီးတော့ သန့်ရှင်းသောဝိညာဉ်တော်ပြောဆိုတဲ့အကြောင်းကိုပြောလိုပါတယ်။ အချိန်ကာလတစ်ခုရောက်တဲ့အခါမှာ သင့်ရဲ့အရှေ့မှာစိုက်ထူထားတဲ့တိုင်ကို သူ့ကို ဆွဲထုတ်လိုက်မဲ့အချိန် ရောက်လာမှာပါ။ သင့်ရဲ့ဂိတ်တံခါးကိုလည်း သူတို့ပယ်ရှားပစ်လိုက်မှာဖြစ်ပါတယ်။ သင်က အဲဒီကနေဖြတ်ထွက်သွားရင်လည်း စိတ်မဆိုးရပါဘူး။ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ဂိတ်တံခါးအဲ့လိုမျိုး ချိုးဖျက်ခြင်းခံရပြီးတော့ တောင်ကုန်းဘေးမှာ ပုံထားခြင်းခံရတယ်ဆိုရင်ကျွန် တော့်ရှေ့မှာ တောင်ကုန်းကို ကျွန်တော်ကြည့်ပြီးတော့အကုန်လုံးတူးထုတ်ပြီးတော့ အားလုံးကိုအကုန်လုံးအမှိုက်ပုံထားသကဲ့သို့ပုံထားမယ်ဆိုရင် ကျွန်တော်ဘာဖြစ်မလဲဆိုတာကို ကျွန်တော်မကြည့်ပါဘူး။ ကျွန်တော်ကြည့်ပြီးတော့ကျွန်တော် ရစ်ကီ အဲဒီဂိတ် တံခါးဝမှာရပ်နေပြီးတော့ တံခါးခေါက်နေတာကိုကျွန်တော်တွေ့ပါတယ်။ ဘာကြောင့် ငါ့ကိုမပြောသလဲလို့ ကျွန်တော်မေးပါတယ်။ သူကကျွန်တော့်ကို စိတ်ဆိုးပါတယ်။ အဲဒါနဲ့ ကျွန်တော်သူ့ကို ရိုက်လိုက်မိပါတယ်။ကျွန်တော် နောက်ပြီးတော့ ဘာပြောသလဲဆို တော့ ငါလက်ဝှေ့ထိုးတဲ့ဝိုင်းထဲမှာ ရှိမနေကတည်းက ငါဒီလိုထိုးကြိတ်တာတွေမလုပ်တော့ပါဘူး။ ဒါပေမဲ့တော့ အခု ငါလုပ်ချင် တယ်။ သူ့ကို ကျွန်တော်ထိုးလိုက်မိပါတယ်။ သူလဲကျသွားတဲ့အခါမှာလည်း သူ့ကို တစ်ဖန်ပြန်ဆွဲထူပြီး ထပ်ထိုးပါတယ်။သုံး ခေါက်လောက် ကျွန်တော် သူ့ကိုအဲ့လိုထိုးပြီးတော့တောင်ကုန်းပေါ်ကနေ ကန်ချလိုက်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်အဲဒီ ကနေဖြတ်သွားလိုက်ပါတယ်။ အဲဒါမှားနေတယ်ဆိုတာကိုလည်း ကျွန်တော့်နှုတ်ကနေကျွန်တော်ဖွင့်ပြောလိုက်မိပါတယ်။ နောက် ပြီးတော့ သူ့ကိုပြန်ဆွဲထူပြီးတော့လက်ဆွဲနှုတ်ဆက်လိုက်ပါတယ်။ နှုတ်ကလည်း ကျွန်တော်ပြောတဲ့အရာကတော့ ငါဟာ နင့်ကိုစိတ်မဆိုးပါဘူး။ ဒါပေမဲ့လည်း ငါဟာ နင့်ကိုသိစေချင်တယ်။ မင်းငါ့ကိုဒီလိုမျိုးစကားမပြောသင့်ဘူးလို့ ကျွန်တော် သူ့ကိုပြောလိုက် ပါတယ်။ နောက်ပြီးတော့ကျွန်တော်ပြန်လှည့်ပြီးတော့ ပြန်လာတဲ့အခါမှာ သန့်ရှင်းသောဝိညာဉ်တော်က ဂိတ်တံခါးဝမှာရပ်နေပါ တယ်။ အဲဒီဂိတ်တံခါးဝကနေ ဖြတ်ဝင်ပါလို့ ပြောလိုက်ပါတယ်။ အဲဒီတိုင်လည်းလဲသွားပါပြီ။ နောက်ပြီးတော့ နောက်ဖက်ကိုလှည့် ပါလို့ ကျွန်တော့်ကိုပြောပါတယ်။ဒီစာအုပ် ကျွန်တော်လိုအပ်တဲ့စာအုပ်ပဲ ဖြစ်ပါတယ်။ ဒီစာအုပ်ကတော့ အကောင်းဆုံးဗဟုသုတ ပေါင်းချုပ်စာအုပ်ပဲ ဖြစ်ပါတယ်။ကျွန်တော့်ရဲ့အခက်အခဲအားလုံးကို ဖော်ပြသွားတဲ့စာအုပ်လည်း ဖြစ်ပါတယ်။ အာမင်။

ဒီစာအုပ်ကတော့ နှုတ်ကပတ်တော်ပဲဖြစ်ပါတယ်။ အဲဒီနှုတ်ကပတ်တော်ကတော့ ဘုရားသခင်ပဲဖြစ်ပါတယ်။ သင့်ရဲ့အခက်အခဲတွေအားလုံးကို ကျော်လွှားသွားစေမှာဖြစ်ပါတယ်။ ဘာလုပ်ရမလဲဆိုတာကိုကျွန်တော်ခင်ဗျားတို့ကို ပြောပြချင်ပါတယ်။

58 ၅၈။ လွန်ခဲ့တဲ့(၃) နှစ်လောက်က ကျွန်တော့်ရဲ့မိတ်ဆွေတစ်ယောက်အကြောင်းကို ကျွန်တော်ကြားရပါ တယ်။သူကတော့ မြို့တော်မှာ စစ်တမ်းကောက်ရတဲ့သူဖြစ်ပါတယ်။ ကျွန်တော့်လမ်းကနေလျှောက်သွားတယ် ဆိုရင် အောက်ပိုင်းလမ်းထဲမှာ နေပါ တယ်။ သူက တိုင်ကိုလှဲလိုက်တဲ့သူပဲ ဖြစ်ပါတယ်။ ကျွန်တော်အပြင်ကို ထွက်သွားပြီးတော့ ဘာဖြစ်တာလဲ မတ်ဒ်လို့မေးလိုက်ပါ တယ်။ မစ္စတာကင်းရဲ့သားဖြစ်ပါတယ်။ သူက ကျွန်တော်နဲ့ရင်းနှီးတဲ့မိတ်ဆွေပဲဖြစ်ပါတယ်။ သူက ဘာပြန်ပြောသလဲဆိုတော့ ဘီ လီ သူတို့ကတော့လမ်းကိုချဲ့မဲ့အစီအစဉ်ရှိတယ်လို့ ပြောပါတယ်။

ခင်ဗျားတို့အားလုံးမှတ်ထားကြပါ။ကျွန်တော်ပြောချင်တဲ့အကြောင်းအရာကတော့ အဲဒီမှာတံတားတစ်ခုရှိ ကောင်းရှိပါလိမ့်မယ်။ ဘရာသာဝပ်ဒ်ကို ကျွန်တော်ပြောဖူးပါတယ်။ ခင်ဗျားရဲ့ပိုင်ဆိုင်မှုတွေအားလုံးကို သေသေချာချာဆွဲကိုင်ထားပါ။ အဲဒီတံတား ကတော့ တစ်ခုခုပဲ။ အဲဒီတံတားကိုဖြတ်သွားတဲ့အခါတစ်ခုခုဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီမှာ လမ်းတွေအားလုံးပျက်စီး သွားပါတယ်။ ကျောက်ခဲတွေ၊ ကျောက်တုံးတွေ အားလုံးအကုန်လုံးကို ပစ်ပယ်လိုက်မှာ ဖြစ်ပါတယ်။ သူကဘာပြောသလဲဆိုတော့ ခင်ဗျားရဲ့ပိုင်ဆိုင်မှုကို သေသေချာချာဆွဲကိုင်ထားပါ။ မစ္စတာကင်းမ်ကဘာထပ်ဖြစ်လာမလဲဆိုတာကို ကျွန်တော့်ကိုပြောပြပါ တယ်။

ကျွန်တော်ဝင်သွားတဲ့အခါကျွန်တော့်ဇနီးသည် အဲဒီအထဲမှာ ထိုင်နေပါတယ်။ ဟန်နီ၊ တစ်ခုခု အဲဒီအပေါ်မှာ ရေးထားတာကို

တွေ့ရပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူတယ်လို့ တစ်နေရာရာမှာရေးထားပါတယ်။

59 ၅၉။ ကျွန်တော်ဝင်သွားပါတယ်။စာအုပ်ထဲကို ကြည့်လိုက်ပါတယ်။ အဲဒီထဲမှာ ရေးထားတာကတော့ ဖြစ်ပျက်လာမယ်ဆိုတာ ကိုရေးထားခြင်းပဲဖြစ်ပါတယ်။ နောက်နှစ်ပေါင်း (၈၀) ကြာတဲ့အခါ ဖြစ်ပါတယ်။

နောက်ပြီး ကျွန်တော်ကြည့်လိုက်တဲ့အခါမှာကျွန်တော်ပြောလိုက်မိပါတယ်။ ဟန်နီ၊ အချိန်တန်ပြီ၊ ငါတို့အ နောက်ပိုင်းကိုလှည့်ကြစို့။

နှစ်ရက်ခန့်ကြာသောအခါ အတန်းထဲတွင်ရပ်နေပြီးတော့ မနက် (၁၀) နာရီခန့်အချိန်မှာ ဘုရားသခင်၏ဝိညာဉ် တော်၌ကျွန်တော်ရောက်သွားပါတယ်။ ချိုးငှက်ကလေးတွေ ပျံသန်းသွားတာကိုလည်း ကျွန်တော်တွေ့ရပါတယ်။ ငှက်ငယ်ကလေးများနဲ့ တူပါတယ်။ ခင်ဗျားတို့ သတိရကြမှာပါ။ ကျွန်တော်ဟာကောင်းကင်တမန် (၇) ပါးကို ပိရမစ်ပုံစံနဲ့တွေ့ခဲ့ပါတယ်။ အဲဒီကောင်းကင် တမန်တွေကျွန်တော့်ထံပြေးလာကြခြင်းပဲ ဖြစ်ပါတယ်။ အနောက်ဘက် တူလ်စန်မြို့သို့သွားပါ။အရှေ့မြောက်ဘက် မိုင် (၄၀) ခန့် သွားပါ။ အဲဒီအခါမှာ ကော့ကယ် ဘယ်လ်တွေကို သင်ကကောက်နေရမှာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း သိုးဟယ်ဘယ်တွေကို သင်ကကောက်နေရမှာဖြစ်ပါတယ်။ အဲဒီမှာတော့ သူတို့ကို Of Your Clothes လို့ ခေါ်ပါတယ်။

60 ၆၀။ Bro. Fred Sothmann ကတော့ ကျွန်တော့်ကိုထိုင်ပြီးကြည့်နေပါတယ်။ အဲဒီမနက်ကပဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းကိုကျွန်တော်မေ့လိုက်ပါတယ်။

ကျွန်တော်ဘာပြောသလဲဆိုတော့မြေလျင်လှုပ်သလိုပဲ ပေါက်ကွဲသံကြီးကြားရပါတယ်။ အကုန်လုံးနီးပါး အဲဒီ နယ်တစ်ဝိုက်မှာတုန်လှုပ်သွားပါတယ်။ လူတွေဘယ်လိုများခံနိုင်ရည်ရှိပါ့မလဲလို့ကျွန်တော်စဉ်းစားမိပါ တယ်။ တော်တော်လန့်သွားပါတယ်။ ကျွန်တော်က ဖုန်းနှစ်စ်မှာမတ်တပ်ရပ်နေပါတယ်။ ခင်ဗျားတို့အားလုံးလည်း ကျွန်တော်ပြောတာကိုဒီညနားထောင်ပြီးတော့ထား ပါ။ ကျွန်တော်ဟောခဲ့တဲ့ တရားဟောချက်တစ်ပုဒ်ဖြစ်ပါ တယ်။ဒီအချိန်ဟာ ဘယ်အချိန်လဲဆိုတဲ့ တရားဟောချက်ကို ဟောခဲ့တာ ကိုမှတ်တမ်းတင်ထားပါ။ကျွန်တော်တို့ ဘယ်နေရာကိုရောက်နေပြီလဲ?ကျွန်တော်အနောက်ပိုင်းကိုသွားပါတယ်။ ခင်ဗျားတို့ တော် တော်များများကတော့ တိပ်ခွေတွေရှိနေပါတယ်။အဲဒါတွေနဲ့လည်း ပတ်သက်ပြီး ခင်ဗျားတို့သိထားတာရှိပါ တယ်။ လွန်ခဲ့တဲ့တစ် နှစ်ဒါမှမဟုတ် တစ်နှစ်ထက်ပိုပြီးတော့ အဲဒီအဖြစ်အပျက်ဖြစ်ပျက်ခဲ့ပါတယ်။

61 ၆၁။ ကျွန်တော်အနောက်ဖက်ကိုသွားပါတယ်။ ဘာဖြစ်လာမလဲဆိုတာကို ကျွန်တော်စဉ်းစားနေမိပါတယ်။ တစ်နေ့သောအခါမှာကိုယ်တော်ရှင်ထံကနေပြီးတော့ ခေါ်တဲ့အသံကို ကျွန်တော်ကြားရပါတယ်။ ကျွန်တော့်ဇနီးသည်ကို ကျွန်တော်ပြောပြပါတယ်။ ဟန်နီ ငါ့အလုပ်ကတော့ ပြီးသွားပြီလို့ ငါထင်တာပဲလို့ကျွန်တော်ပြောပါ တယ်။ ကျွန်တော် မသိပါဘူး။ ကျွန်တော်ဘာပြောလဲဆိုတော့ဘုရားသခင်ကတော့ ကျွန်တော်နဲ့ပတ်သက်လို့ ယခုအခါမှာပြီးဆုံးသွားကောင်းပြီးဆုံးသွားနိုင်မယ် ဖြစ်ပါတယ်။ ကျွန်တော်အိမ်ပြန်ရတော့မှာဖြစ်ပါတယ်။ ဘီလီနဲ့အတူ ကလေးတွေကို ခေါ်ပြီးတော့အိမ်ပြန်ပါ။ကလေးတွေနဲ့တူတူ မင်းအတွက်ပြင်ဆင်ပေး မှာပါ။ ဆက်လက်ပြီးတော့ ဘုရားသခင်နဲ့အတူအသက်ရှင်ပြီး မှန်မှန်ကန်ကန်ပဲနေထိုင်ပါ။ ကလေးတွေအားလုံး ကျောင်းတက်ပါစေ။သူတို့ကို သွန်သင်ဆုံးမပြီးတော့ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေတဲ့စိတ်နဲ့ကြီးပြင်းလာ အောင်လုပ်ပေးပါ။ သူမက ဘာပြန် ပြောလဲဆိုတော့ အဲဒါမမှန်ပါဘူး ဘီလ် လို့ပြန်ပြောပါတယ်။ ကျွန်တော်က တော့မဟုတ်ဘူး။ လူတစ်ယောက်အနေနဲ့ ဘယ်လိုမှခံ နိုင်မှာမဟုတ်ဘူးလို့ ပြောပါတယ်။

တစ်နေ့သောမနက်မှာ ကိုယ်တော်ရှင်ကကျွန်တော့်ကိုနှိုးပါတယ်။ နိုးပါတော့၊ စဘီးနိုးကန်မှာပဲ နိုးပါတော့ လို့ပြောပါတယ်။ကျွန်တော်က စာရွက်နဲ့ ကျွန်တော့်ရဲ့ကျမ်းစာကို ယူပြီးတော့ ကျွန်တော့်ရဲ့ဇနီးသည်ကလည်း ကျွန်တော့်ကို ဘာပြောလဲဆိုတော့ မင်းဘယ်သွားမလဲလို့ မေးပါတယ်။ကျွန်တော်ကတော့ ဘယ်သွားမလဲဆိုတာကို မသိဘူး။ ဘယ်အချိန်ပြန်လာမလဲဆိုတာကိုပဲ ပြောပြပါတယ်။

62 ၆၂။ ကျွန်တော်ကတော့တောင်ကုန်းပေါ်တက်သွားတယ်။ ရေပိုက်ကနေတစ်ဆင့် တွယ်ကပ်နေပြီးတော့လင်းယုန်ငှက်တွေပျံ ဝဲနေတဲ့နေရာကိုရောက်တယ်။ ကျွန်တော် အဲဒီမှာသမင်မလေးတစ်ကောင်ရပ်နေတာကို တွေ့တယ်။ ကျွန်တော်အဲဒီမှာဒူးထောက် ပြီးဆုတောင်းတယ်။ကျွန်တော့်လက်တွေကိုမြှောက်ပြီးတော့ ဓားတစ်ချောင်းနဲ့ ကျွန်တော့်လက်ထဲမှာဓားတစ်ချောင်းကိုင်ထားပါ တယ်။ ကျွန်တော်လှည့်ပတ်ပြီး ကြည့်လိုက်ပါတယ်။ကျွန်တော်စဉ်းစားမိတဲ့အရာကတော့အဲဒါဘာလဲ?ငါ့ကိုယ်ငါတောင်မှမသိဘူး။ ဒီငါ့လက်ထဲ မှာရှိတဲ့ ဓားကလည်း တောက်ပပြီးတော့အရောင်တစ်လက်လက်နဲ့ နေထဲမှာဝင်းနေတယ်လို့ ကျွန်တော်ပြောမိပါတယ်။ ကျွန်တော့်အနားမှာလည်း မိုင်ပေါင်းများစွာအတွင်းမှာ လူတစ်ယောက်မှမရှိဘူး။ကျွန်တော်ဟာ တောင်ကုန်းကြီးပေါ်မှာ ရောက်နေပါတယ်။ အဲဒါက ဘယ်ကနေပြီးတော့ လာပါသလဲ? ကျွန်တော်က အသံကြားရပါတယ်။ အဲဒါက ဘုရင်ကြီးရဲ့ဓါးပဲဖြစ်တယ်လို့ ဆိုပါတယ်။ ကျွန်တော်ကလည်း ပြန်ပြောမိပါတယ်။ ဘုရင်ကြီးရဲ့သူရဲကောင်းတွေကသာအဲဒီဓားကို ကိုင်တယ်လို့ဆိုပါ တယ်။

သူက အသံကနေ ကျွန်တော့်ကိုပြန်ပြောပါတယ်။ဘုရင်ရဲ့ဓားမဟုတ်ပါဘူး။ ဒါပေမယ့်လည်း ဘုရင်ကြီးရဲ့ဓား ဖြစ်ပါတယ်။ ကိုယ်တော်ရဲ့နှုတ်ကပတ်တော်ဖြစ်တယ်လို့ ဆိုပါတယ်။ မကြောက်ပါနဲ့။ အဲဒါကတော့ တတိယမြောက်ဆွဲငင်ခြင်းပဲဖြစ်ပါတယ်။ ThirdPull ပဲဖြစ်ပါတယ်။ သင့်သာသနာပြုခြင်းကို ဖော်ပြရတဲ့အရာတွေပဲ ဖြစ်ပါတယ်။

63 ၆၃။ ကျွန်တော်ကတော့မိတ်ဆွေတစ်ယောက်နဲ့အတူ အမဲလိုက်ပါတယ်။ ဘာဖြစ်သလဲဆိုတာကို မသိဘဲနဲ့ အမဲသွားလိုက်ပါတယ်။ တစ်စုံတစ်ယောက်သောသူက ကျွန်တော့်ကိုခေါ်ပါတယ်။ ကျွန်တော့်ကိုဒီကောင်းကင်တမန်ရဲ့ပုံနဲ့ပတ်သက်လို့ ကျွန်တော့် ကို ဝေဖန်တဲ့သူကပဲကျွန်တော့်ကိုခေါ်ခြင်းဖြစ်ပါတယ်။ သူက အဲဒါကိုယူလိုက်ပါတယ်။ ကျွန်တော်က တူလ်စန်ကိုသွားပါတယ်။ သူ့သားနဲ့ပတ်သက်လို့ သွားရခြင်းပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့သူ့သားက သေလုမြောပါးဖြစ်နေပါတယ်။ မကြာခင်အ တွင်းမှာပဲ

အသတ်ခံရတော့မဲ့အခြေအနေမျိုးမှာပဲဖြစ်နေပါတယ်။ အဲဒီမှာ သူကျွန်တော့်ကို တွေ့ပါတယ်။သူကျွန်တော့်ကို ဖက် လိုက်ပါတယ်။ နောက်ပြီး ဘာပြောလဲဆိုတော့ ငါဝေဖန်တဲ့သူက အခုတော့ငါ့ရဲ့တစ်ဦးတည်းသော သားကလေးကို ကယ်ဖို့လာ တယ်လို့ဆိုပါတယ်။ ဒီလူသားတွေရဲ့အဖွဲ့အစည်းကတော့ ကျွန်တော့်ကိုခေါ်ပြီးတော့ အော်စကာပေးချင်ပါတယ်။ဘာပဲပြောပြော ကျွန်တော်ကတော့ အသက်ကို ကယ်ခွင့်ရပါတယ်။

64 ၆၄။ နောက်ပြီးတော့ကျွန်တော်တို့ပြန်လာကြပါတယ်။ ကျွန်တော် တောင်ပေါ်ကိုတက်သွားပြီးတော့အမဲလိုက်ပါတယ်။ အဲဒီ မှာ Bro.Fred နဲ့ ကျွန်တော်ကတော့ တစ်မနက်မှာ လမ်းလျှောက်ထွက်လာပါတယ်။ ကျွန်တော့်မှာလုံတစ်ချောင်းပါလာပါတယ်။ ကျွန်တော် အဲဒီလုံကို ကြည့်လိုက်ပြီးတော့သူတို့ဘယ်သွားလဲဆိုတာကို ကြည့်လိုက်ပါတယ်။ ကျွန်တော်က ပြောလည်းပြောပါ တယ်။ Bro. Fred အဲဒီတောင်ပေါ်ကိုမနက်စောစောတက်သွားပါ။ ဒါပေမဲ့လည်း နေကုန်ဘို့အချိန်ကိုရောက်လာတဲ့အခါမှာ တခြားတစ်နေရာကို ကျွန်တော်ရောက်မယ်လို့ ဆိုပါတယ်။ ကျွန်တော်ကတော့ ဝက်တွေကို မပစ်ပါဘူး။သူတို့ကို မသတ်ပါဘူး။ ပေမဲ့ လည်း သူတို့ဒီလမ်းကနေလာမယ်၊အုပ်လိုက်ကြီးဖြစ်နေမယ်ဆိုရင် သူတို့ရှေ့ကနေ ကျွန်တော်ပစ်မှာပဲ ဖြစ်ပါတယ်။နောက်ပြီး တော့ပြန်ပြေးမှာပဲဖြစ်ပါတယ်လို့ ကျွန်တော်ပြောပါတယ်။

65 ၆၅။ Bro. Fred က အပြင်ထွက်သွားပြီးတော့ဘယ်နေရာမှာမှ ဝက်တွေကို မတွေ့ပါဘူး။ သူ့လက်နဲ့ ကျွန်တော့်ကို လှမ်းပြတာ ကိုကျွန်တော်တွေ့ပါတယ်။ ကျွန်တော်ချိုင့်ဝှမ်းထဲကို ဆင်းသွားပါတယ်။ အဲဒီမှာတစ်ဖက်နဲ့တစ်ဖက် ကွာခြားတဲ့ချောက်ကြီးတွေ ကို တွေ့နေရပါတယ်။ နေကလည်း ထွက်နေပါပြီ။ကျွန်တော်တောင်ကုန်းတစ်ဖက်နေပြီး လာပါတယ်။ ဘာကိုမှလည်း မစဉ်းစားပါ ဘူး။ ဒီပရောဖက်ပြုခြင်းအကြောင်းတွေကိုလည်း မစဉ်းစားမိပါဘူး။ ထိုင်ပြီးစောင့်နေပါတယ်။အနားယူနေပါတယ်။ ကျွန်တော်စဉ်း စားမိတာကတော့ အဲဒီဝက်တွေဘာဖြစ်သွားပြီလဲလို့ကျွန်တော်စဉ်းစားမိပါတယ်။

ကျွန်တော်ထိုင်ပြီးတော့ လူနီတွေလုပ်သလိုပဲခြေကို တင်ပလက်ချိတ်ထိုင်နေပါတယ်။ ကျွန်တော့်ရဲ့ခြေထောက် ကိုလည်းကျွန်တော်ကြည့်နေပါတယ်။ အဲဒီမှာ ကျွဲခေါင်းကို တွေ့နေရပါတယ်။ အဲဒီတော့ကျွန်တော်အဲ့ဒါကို ကောက်ကိုင်လိုက်ပါတယ်။ နောက်ပြီး ဒါထူးဆန်းလိုက်တာ အခုတူလ်စန်မြို့ရဲ့အရှေ့မြောက်ပိုင်း မိုင်(၄၀) လောက်ကို ရောက်နေပြီ။ ငါ့သားလေးဂျိုးဇက် လည်းငါ့ကိုထိုင်ပြီးစောင့်နေမှာပဲလို့ ကျွန်တော်ပြောမိပါတယ်။ နောက်ပြီးကျွန်တော်ကြည့်လိုက်တဲ့အခါမှာ ဝက်အုပ်ကိုတွေ့လိုက် ရပါတယ်။ အဲဒီဝက်အုပ်ကကျွန်တော့်နဲ့ ကိုက် (၁၀၀၀) လောက်ပဲ ကွာနေပါတယ်။ တောင်ပေါ်မှာဖြစ်ပါတယ်။ ကျွန်တော်လည်းကျွဲခေါင်းကို လွှတ်ပစ်လိုက်ပါတယ်။ သူတို့ကို ရအောင်ငါပစ်မယ်။ Bro. Fred ကို သွားခေါ်မယ်။ကျွန်တော်စာလေး တစ်စောင်ရေး ပြီးတော့ ဘယ်လမ်းကနေလာရမလဲဆိုတာကို ရေးပေးလိုက်မယ်။အဲဒါမှ Bro. Frank ရောက်လာမှာဖြစ်ပါတယ်။

ကျွန်တော် တောင်ပေါ်ကို တက်ပါတယ်။အတတ်နိုင်ဆုံး အမြန်ဆုံး အခြားတစ်ဖက်ကို ရောက်အောင် ပြေးသွားပါတယ်။အဲဒီအချိန်မှာပဲ ရုတ်တရက်တစ်စုံတစ်ယောက်က ကျွန်တော့်ကို ပစ်လိုက်တာကို ခံစားရပါတယ်။ အဲဒီလိုပေါက်ကွဲမှုမျိုး ကျွန်တော် တစ်ခါမှ မကြားခဲ့ရပါဘူး။ တစ်နိုင်ငံလုံးကို တုန်လှုပ်သွားစေခဲ့ပါတယ်။ အဲ့လိုပေါက်ကွဲပြီးနောက်ကျွန်တော့်ရှေ့မှာ ရပ်နေတာက ကောင်းကင်တမန် (၇) ပါးပဲ ဖြစ်ပါတယ်။

66 ၆၆။ ကျွန်တော်Bro. Fred နဲ့သူတို့ကိုမကြာခင် အချိန်လေးမှာတွေ့ပါတယ်။ အဲဒါဘာလဲ? ကျွန်တော်က တော့ အဲ့ဒါပဲလို့ ပြန် ဖြေလိုက်ပါတယ်။ခင်ဗျားဘာလုပ်မှာလဲလို့ သူကမေးပါတယ်။

အိမ်ပြန်မယ်။ကိုယ်တော်ရှင်မိန့်တော်မူတယ်။ နက်နဲတဲ့အရာ (၇) ခုကတော့သမ္မာကျမ်းစာထဲမှာဒီနှစ်ပိုင်းအ တွင်းမှာ လျှို့ဝှက်နက်နဲစွာနဲ့ ရှိနေပါတယ်။ဂိုဏ်းဂဏတွေနဲ့အရာခပ်သိမ်းကလည်း နက်နဲစွာရှိနေပါတယ်။ ဘုရားသခင်က ဒီနက်နဲတဲ့အရာ (၇)ခုကို ကျွန်တော်တို့ကို ဖွင့်ပြမှာဖြစ်ပါတယ်။ တံဆိပ် (၇) ခုမှာ ရှိနေပါတယ်။

မြေကြီးထဲကနေပြီးတော့ စက်ဝိုင်းအဝိုင်းပေါ်ထွက်လာပါတယ်။ မြူမှုန်တွေနဲ့ထိုင်းနေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာတောင်ပေါ်ကိုတက်သွားပါတယ်။ အနောက်ဘက်ကို လှည့်ပတ်သွားပါတယ်။ အဲဒီကနေပြီးတော့နူတ်ကပတ်တော်ပေါ်ထွက် လာပါတယ်။ သိပ္ပံပညာရှင်တွေကတော့အမျိုးမျိုးစမ်းသပ်စစ်ဆေးပါတယ်။ မိုင် ပေါင်းသုံးဆယ်မြင့်မားပြီးတော့ အလျားကတော့နှစ်ဆယ့်ငါးမိုင်လောက်ရှိပါတယ်။ ပိရမစ်ပုံစံစက်ဝိုင်း ပဲဖြစ်ပါတယ်။

67 ၆၇။ ဟိုးတစ်နေ့ကဆိုလို့ချင်ရင်အဲဒီမှာရပ်နေတဲ့အခါမှာ ရုပ်ပုံကို ညာဘက်ကို လှည့်လိုက်ပါတယ်။ သခင်ယေရှုကိုတွေ့ရပါတယ်။ အသင်းတော်ခုနစ်ပါးခေတ်ကာလမှာ တွေ့ရသကဲ့သို့ဖြစ်ပါတယ်။ အသင်းတော်ခုနစ်ပါးခေတ်ကာလမှာ တွေ့ရသကဲ့သို့ ဖြစ်ပါတယ်။ ခေါင်းကတော့ ဆံပင်အဖြူအတုကိုတပ်ထားပါတယ်။ တကယ့်ကို ကြီးမြတ်တဲ့ဘုရားသခင်ဖြစ်ပါတယ်။ ကိုယ်တော် ရှင်ဟာအာလဖနှင့်ဩမေဃဖြစ်ပါတယ်။ သူဟာ ပထမနှင့်နောက်ဆုံးလူဖြစ်ပါတယ်။ သူဟာအကြီးမြတ်ဆုံးတရားသူကြီးဖြစ်ပါ တယ်။ ထာဝရကာလဖြစ်ပါ တယ်။ မတ်တပ်ရပ်နေပါတယ်။ဒီခေတ်ကာလရဲ့သတင်းစကားကိုလည်း အတည်ပြုပါတယ်။ ညနေ ခင်းအ ချိန်မှာအလင်းတွေ့လိမ့်မယ်လို့ ဆိုထားပါတယ်။ အဲဒါတွေအားလုံးဟာ ဘာအကြောင်းတွေလဲ? အဲဒါတွေဟာ ဘာတွေလဲ?

68 ၆၈။ ကျွန်တော်အနောက်တိုင်းကိုသွားပါတယ်။ အဲဒီအနောက်တောင်ပေါ်ကိုပဲ သွားခြင်းဖြစ်ပါတယ်။ ကျွန်တော်ဟာဘန်းစဖွတ်တွေနဲ့အတူ ဖြတ်သွားပါတယ်။ နောက်ပြီး ကျွန်တော်ဘာပြောလဲဆိုတော့ ကျောက်ကိုပစ်လိုက်ပါလို့ မစ္စတာဝတ်ဒ်ကို ပြော လိုက်ပါတယ်။ကိုယ်တော်ရှင်မိန့်တော်မူတယ်လို့ ဆိုပါတယ်။ ဘုရားသခင်ရဲ့ဘုန်းတော်ကိုသင်တွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်နေ့မှာ အဲဒီမှာ ရပ်နေတဲ့အခါမှာလေဖွေဆင်းသက်လာပါတယ်။ အဲဒီတောင်တွေကိုလည်း ပွင့်ထွက်မတတ် ဖြစ်ပါတယ်။

ကျောက်တုံးကျောက်သားတွေဟာ ထိပ်မှာရရှိတဲ့သစ်ပင်တွေကို ဖြတ်လိုက်သလိုဖြစ်ပါတယ်။ကျွန်တော့်ခေါင်းပေါ်နဲ့ သုံးပေ၊ လေးပေအကွာလောက်မှာ ဖြစ်ပါတယ်။အင်မတန်ကြီးမားတဲ့ပေါက်ကွဲမှု ဖြစ်ပါတယ်။ အဲဒီအခါမှာ ညီအစ်ကိုတွေအားလုံးအဲဒီကိုပြေးလာပါတယ်။ အဲဒီမှာ (၁၅) မိနစ်ကြာတဲ့အခါမှာ လူတွေမတ်တပ်ရပ်နေပါတယ်။ တရားဟောဆရာတွေဖြစ်ပါတယ်။ တစ်ခြားလူတွေလည်းပါပါတယ်။ အဲဒါဘာလဲလို့ သူကပြောပါတယ်။ဘာလဲလို့ မေးပါတယ်။

ကျွန်တော်ကတော့ အနောက်ဖက်ကမ်းခြေကိုတော့ တရားစီရင်ခြင်းသက်ရောက်တော့မယ်လို့ ဆိုပါတယ်။

69 ၆၉။ နောက်နှစ်ရက်ကြာတဲ့အခါမှာအလာစကာကို နစ်မြုပ်သွားလုနီးပါး မြေငလျင်လှုပ်လိုက်ပါတယ်။ နေဝင်တောင်ရဲ့အပေါ် မှာတွေ့ရတဲ့ အလင်းတန်းကတော့ ကော်လိုရာဒိုသစ်တော အရီဇိုးနားပြည်နယ်မှာရှိတဲ့ကော်လိုရာဒိုသစ်တောပေါ်မှာ တွေ့ရတဲ့ အလင်းတန်းကတော့ ဘာအလင်းတန်းလဲ? အဲဒီထူးခြားတဲ့အရာအဲဒီမှာဖြစ်ပျက်ခဲ့ပါတယ်။ လူတွေအားလုံးကို အရှေ့ဖက်ကနေ အနောက်ကို သွားစေပါတယ်။သူတို့ ကျောက် တွေကို ကောက်ကိုင်ပြီးတော့ အဲဒီထိထားတဲ့နေရာကို ကျောက်တွေနဲ့ဝိုင်းရံချထားလိုက်ပါတယ်။ သူတို့အားလုံး တစ်ယောက်စီမှာ တစ်ယောက်ကို ကျောက်တုံးတစ်တုံးစီသုံးဖက်သုံးတန်းမှာ ချထားလိုက်ပါတယ်။ အဲဒီနေရာမှာပဲ စားပွဲပေါ်မှာရှိပါတယ်။ စာရွက်တွေကိုဖိထားပါတယ်။ နိုင်ငံကိုကျော်ဖြတ်ပြီးသွားပါတယ်။ အဲဒီလိုငလျင်တောင်ပေါ်မှာ ဖြစ်ပျက်လာတဲ့အဖြစ်အပျက်က ထူးခြားပါတယ်။ ကော်လိုရာဒို သစ်တောထဲမှာဖြစ်ပျက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

70 ၇၀။ ဂျူနီယာဂျက်ဆင်ကနားထောင်နေပါတယ်။ သူ့ရဲ့အိမ်မက်ကို သင်တို့သတိရပါသလား? ကျွန်တော် အနက်အဓိပ္ပါယ်ဖွင့် ပေးခဲ့ပါတယ်။ နေဝင်တဲ့အချိန်မှာရောက်သွားပါတယ်။အဲ့ဒီနေဝင်တဲ့တောင်မှာ ဖြစ်ပျက် ခဲ့ခြင်းဘဲဖြစ်ပါတယ်။ ညနေခင်းအချိန် ဖြစ်ပါတယ်။ နေဝင်ချိန်သတင်းစကားကတော့ ဒီသမိုင်းကျောင်းမှာ ပေါ်ထွက်လာပြီဖြစ်ပါတယ်။ပရောဖက်ပြုခြင်းလည်းဖြစ်ပါ တယ်။ ပြည့်စုံစေခြင်းလည်းဖြစ်ပါတယ်။ ညနေခင်းအ ချိန်မှာအလင်းပေါ်ထွက်လာမှာဖြစ်ပါတယ်။ နေဝင်တောင်ပေါ်မှာဖြစ်ပါ တယ်။ ကော်လိုရာဒိုသစ်တောထဲမှာဖြစ်ပါတယ်။ တူလ်စန်မြို့ရဲ့မြောက်ဖက် မိုင်(၄၀) အကွာမှာဖြစ်ပါတယ်။မြေပုံကိုကြည့်ပါ။ အဲဒီမှာနေဝင်တောင်ရှိပါတယ်။ အဲဒီမှာဘဲ အတိအကျဖြစ်ပျက်ခဲ့ပါတယ်။ အဲဒီအကြောင်းနဲ့ပက်သက်လို့ကျွန်တော်မသိနားမ လည်ခဲ့ပါဘူး။ ဟိုတစ်နေ့ကမှ နားလည်ခဲ့ရပါတယ်။

71 ၇၁။ သူတို့ဘယ်တော့မှသေဆုံးကြမှာမဟုတ်ပါဘူး။ သူ့ကိုယ်သူအမြဲတမ်းဘဲ မလိုမှဲ့ဘဲတည်မြဲနေပါတယ်။ ဟိုအစအဦးကထဲကဖြစ်ပါတယ်။ သခင်ယေရှုအဲဒီမှာရပ်ပြီး ကျွန်ုပ်တို့ကိုကြည့်နေပါတယ်။နေဝင်တောင်ပေါ်မှာဖြစ်ပါတယ်။ နေဝင်တဲ့အလင်းဖြစ် ပါတယ်။ နေဝင်တဲ့အလင်း ပေါ်ထွက်လာပါတယ်။ဘုရားသခင်ဟာ သူ့ကိုယ်သူဖော်ပြထားပါတယ်။ အဲဒါဘာဖြစ်ပါသလဲ? ဘုရား သခင်နဲ့ခရစ်တော်ဟာတစ်လုံးတစ်ဝတည်းဖြစ်တယ်ဆိုတဲ့ အချက်များဘဲဖြစ်ပါတယ်။ အဖြူရောင်ဖြစ်ပါတယ်။ဘယ်နှစ်ယောက်အဲ့ဒါကိုတွေ့ခဲ့ပါသလဲ?ကိုယ်တော်ရှင်ခေါင်းဟာအဖြူရောင်ဆံပင်အတုကို ဝတတ်ဆင်ထားပါတယ်။ (ဗျာဒိတ်-၁) မှာကျွန်တော်တို့ပြောခဲ့သလိုဘဲဖြစ်ပါတယ်။ အင်မတန်ကြီးမြတ်တဲ့ ဘုရားသခင်ဘဲဖြင်ပါတယ်။တန်ခိုးအာဏာနဲ့ပြည့်စုံပါတယ်။ အခြားအသံကိုမကြားရပါဘူး။ တစ်ခြားဘုရားလည်းမရှိပါဘူး။တစ်ခြားဘာမှမရှိပါဘူး။ သူ့အထဲမှာတည်ရှိနေတဲ့အရာကတော့ကိုယ်တော်ရှင်ဘုရားသခင်ဘဲဖြစ်ပါတယ်။ သူ့ဦးခေါင်းတော်ကို ပတ်စည်းလျှက်ရှိပါတယ်။ အာမင်။

72 ၇၂။ နေဝင်တောင်ပေါ်မှာဘာဖြစ်ခဲ့ပါသလဲ? ဘုရားသခင်ကသူ့ရဲ့နှုတ်ကပတ်တော်ကို အတည်ပြုခဲ့ပါ တယ်။ အဲဒီအသံတွေ အားလုံးကတော့အဲဒီအကြောင်းအရာတွေဘဲဖြစ်ပါတယ်။ ဘုရားသခင်က သူ့ရဲ့နှုတ်က ပတ်တော် ကတိတော်ကိုပြည့်စုံစေခြင်းဘဲဖြစ်ပါတယ်။ (ဗျာဒိတ် ၁၀:၁-၇) ပါ အကြောင်းအရာဘဲဖြစ်ပါတယ်။သတ္တမမြောက် ကောင်းကင်တမန်ရဲ့နက်နဲတဲ့ အရာတွေအားလုံးပြီးဆုံးမဲ့အချိန်ဘဲဖြစ်ပါတယ်။ (ဗျာဒိတ် ၁၀:၁-၇) နောက်ဆုံးသတင်းစကားကိုနောက်ဆုံးအသင်းတော်ခေတ် ကာလမှာ ပေးအပ်ခြင်းဘဲဖြစ်ပါတယ်။ ဒီခေတ်ကာလမှာ ပြည့်စုံစေမှာဖြစ်ပါတယ်။(လုကာ ၁၇:၃၀) မှာ ဘုရားသခင်ရဲ့ သားတော်ဖြစ်တဲ့ လူသားကိုဖော်ပြမယ့်အချိန်ဘဲဖြစ်ပါတယ်။

အဲဒီအချိန်မှာ မိစ္ဆာပရောဖက်တွေပေါ်ထွက်လာမှာဖြစ်ပြီးတော့ အန္တိခရစ်တွေလည်း ပေါ်ထွက်လာမှာဖြစ်ပါ တယ်။ အံ့သြဘွယ်နိမိတ်လက္ခဏာတွေ ပြုလုပ်မှာဖြစ်ပါတယ်။ ဖော်ပြမှာဖြစ်ပါတယ်။ရွေးချယ်ထားတဲ့သူတွေ ကိုတောင် လှည့်ဖျားသွားမှာ ဖြစ်ပါတယ်။ လူတွေအားလုံးဟာသံသယဝင်နေဆဲဖြစ်ပါတယ်။ ခါတိုင်းလိုဘဲ အသင်းတော်ကလည်း ဒွိဟသံသယစိတ်တွေနဲ့ပြည့်ဝနေပါတယ်။

73 ၇၃။ သိပ္ပံပညာအရဆိုရင်တူလ်စန်မြို့တောက်လျှောက်မှာ သူတို့အမျိုးမျိုးရေးသားပါတယ်။ သတင်းစာတွေ ထဲမှာလည်းထည့်ပါတယ်။ လန်မန်တောင်ပေါ်မှာ အင်မတန်ကြီးမားတဲ့ တမယ်လ်ကြီးတွေနဲ့သူတို့မတွေ့နိုင်ပါ။ ကျွန်တော်တို့ ရပ်နေတဲ့နေရာကနေပေါ်ထွက်လာခြင်းဘဲဖြစ်ပါတယ်။ အနောက်ဖက်ကိုရွှေ့လျားပျောက် ကွယ်သွားပါတယ်။ အဲဒါပြီးဆုံးသွားပြီဆိုတာ ဖော်ပြ ခြင်းဘဲဖြစ်ပါတယ်။အနောက်ဖက်ကမ်းခြေကို ရောက်မ သွားပါဘူး။ တရားစီရင်ခြင်းကတော့ ဘယ်အချိန်မှာဖြစ်လာသလဲဆိုတော့ သူသွားတဲ့လမ်းအတိုင်း ဘဲဖြစ်လာ ပါတယ်။ဖုန်းနစ်စ်ကိုဆက်သွားပါတယ်။ နောက်ပြီး ပရက်စ်ကော့တိုင်အောင်ဖြတ် ပြီးတော့ အနောက်ဖက်ခြမ်း ကို ရောက်သွားပါတယ်။သူတို့ဘယ်ကိုသွားနေပါသလဲ? အလာစကာမြို့ထဲကိုသွားနေခြင်းဘဲဖြစ်ပါတယ်။ မိုးခြိမ်းသံတွေလည်းကြားနေရပါတယ်။

74 ၇၄။ အဲ့လိုမျိုးသေချာလေ့လာတဲ့အခါမှာ သူတို့အားလုံး တူလ်စန်မှာနေပြီးမေးခွန်းမေးနေကြဆဲပဲ ဖြစ်ပါတယ်။ သိပ္ပံပညာအား ဖြင့် သုတေသနတွေပြုတယ်။ ဘာလဲဆိုတာကိုရှာဖွေစုံစမ်းလေ့လာကြပါတယ်။ အင်မတန်မြင့်မားတဲ့အတွက်ကြောင့် သူတို့မြူမှုန် တွေ၊ နှင်းတွေအပေါ်မှာ ကျနေတယ်။ ဒါမှမဟုတ်အပေါ်မှာ ဘာမှရှိမှာမဟုတ်ဘူးလို့ သူတို့ဆိုပါတယ်။ အဲဒါဘာလဲ? ဘယ်နေရာ မှာလဲ? သူတို့အားလုံးဟာသဘာဝထက်လွန်ကဲတဲ့အရာတွေအတွက် ဒွိဟဖြစ်နေပါတယ်။ ကောင်းကင်မှာ ပျံဝဲပြီးကျနေပါတယ်။

ပညာရှိအမတ်တွေကလည်း အနောက်ကနေ အဲဒီကြယ်ကြီးနောက်ကို လိုက်နေပါတယ်။ ဘယ်မွေးဖွားဖွားမြင်တော်မူတဲ့ ဂျူးတို့ရဲ့ ဘုရင် ဘယ်မှာလဲလို့ မေးကြပါတယ်။ အဲဒါဘာလဲ? ဘုရားသခင်က သူ့ရဲ့နှုတ်ကပတ်တော်ကိုပြည့်စုံစေခြင်းပဲဖြစ်ပါတယ်။ ယာ ကုပ်အမျိုးကနေ ကြယ်တစ်လုံးပေါ်ထွန်းမယ်လို့ဆိုထားပါတယ်။

75 ၇၅။ ကောင်းကင်မှာရှိတဲ့ဘုရားသခင်က ညနေခင်းအချိန်မှာ အလင်းများပေါ်ထွန်းမယ်လို့ သတိပေးခဲ့ပါ တယ်။လွန်ခဲ့တဲ့ (၃) နှစ်က ဒီနက်နဲတဲ့အရာတွေကို ပရောဖက်ပြုခဲ့ပါတယ်။ဘယ်အချိန်ရောက်ပြီလဲ? အခုအချိန်ကတော့ သမိုင်းကျောင်းအချိန်ကပဲ ဖြစ်ပါတယ်။ ဖြတ်ကျော်သွားပါပြီ။ ကတိတော်ဟာပြည့်စုံသွားပါပြီ။ ဒီအချိန်ဟာ ဘယ်အချိန်ဖြစ်ပါသလဲ? ဘယ်လိုဆွဲဆောင်မှုရှိပါ သလဲ? ဘုရားသခင်ဟာ သူ့ရဲ့နှုတ်ကပတ် တော်ကို ပြည့်စုံစေခြင်းပဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ မနေ့၊ ယနေ့နဲ့ ထာဝရကာလ အတူတူပဲဖြစ်ပါတယ်။ ကဲဆုတောင်းကြပါစို့။

76 ၇၆။ အိုအဖဘုရားသခင် လူတွေကို ကျွန်တော်အချိန်အကြာကြီးဆွဲတယ်။ ကျွန်တော်ထင်ထားတာထက်ပိုကြာပါတယ်။ ကျွန်တော်ဆုတောင်းပါတယ် ဘုရားသခင်၊ တစ်ခုခုပြောဖို့၊တစ်တစ်ခုခုဖြစ်ပေါ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီလူတွေဘယ်နေရာမှာပဲဖြစ်ဖြစ် နားလည်နိုင်ဖို့မစတော်မူပါ။ ကြည့်ရှုခြင်းအားဖြင့် နားလည်ခြင်းအားဖြင့် သူတို့နားလည်နိုင်ဖို့ယုံကြည်လက်ခံနိုင်ဖို့ မစတော်မူပါ။ ကိုယ်တော်ရှင်ဟာ စစ်မှန်တဲ့ခရစ်တော်ဖြစ်ပါတယ်။နှုတ်ကပတ်တော်များလည်း အတည်ပြုခြင်းခံရပါတယ်။ ကိုယ်တော်ရှင်ရဲ့နှုတ် ကပတ်တော်ကိုအတည်ပြုပါ တယ်။ ဒီအချိန်ကာလ၊ ဒီရာသီမှာ ပြည့်စုံစေဖို့ပဲဖြစ်ပါတယ်။

သခင်ယေရှုဘုရားကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်များအတိုင်းပဲ ဒီကမ္ဘာလောကကြီးဟာ သောဒုံမြို့ရဲ့အခြေအနေကို ရောက်နေပါတယ်။ ကျွန်တော်တို့အားလုံး ဒါကို သိပါတယ်။ကျွန်တော်တို့အားလုံး အဲဒါကို ကြည့်နိုင်ပါတယ်။ ကိုယ်တော်ရှင်က အဲဒီနေ့ရက်တွေမှာမိန့်တော်မူပါတယ်။ သောဒုံမြို့ မှာကဲ့သို့ ဆိုထားပါ တယ်။ တစ်ပါးအမျိုးသားတွေနဲ့ဟောဗြဲလောကကြီးထဲကို သတင်းစကားပို့ဆောင်သူ (၃) ဦးကို စေလွှတ်ခဲ့ပါ တယ်။တစ်ယောက်ကတော့ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်တယ်။ ဘုရားသားတော်ကိုယ်တိုင် လူသားအဖြစ်နဲ့ မိမိကိုယ်ကို ဖော် ပြတယ်။ အံ့ဘွယ်နိမိတ်လက္ခဏာတွေ ပြုလုပ်တယ်။ စာရာကိုလည်းပြောပြတယ်။ အာဗြဟံကိုလည်း တဲနောက်ကွယ်မှာ စာရာ ဘာလုပ်နေတယ်ဆိုတာကိုလည်းပြောပြခြင်းပဲဖြစ်ပါတယ်။

ကိုယ်တော်ရှင်မိန့်တော်မူသည့်အတိုင်းပဲတစ်ပါးအမျိုးသားကမ္ဘာကြီးမှာ အဲဒီအတိုင်းပဲ ပြန်ပြီးတော့ သောဒုံမြို့က အခြေအနေမျိုးဖြစ်မယ်လို့ ကိုယ်တော်ရှင်ဆိုထားပါတယ်။ ကျွန်တော်တို့ အဲဒီအချိန်ကိုရောက်နေပါပြီ ကိုယ်တော်၊ တစ်ခြားပရောဖက်ပြု ချက်တွေကလည်း အလားတူအခြေအနေကိုပဲအတည်ပြုပြီးတော့ ဧလိယကို နောက်ဆုံးသောနေ့ရက်များမှာ စေလွှတ်ပါတယ်။ ဧလိယရဲ့ဝိညာဉ်ကို ဒီကမ္ဘာလောကကြီးကို စေလွှတ်ပါတယ်။ ဖခင်တို့ရဲ့စိတ်ဓာတ်ကိုသားသမီးတွေဆီမှာ ပြန်လည်ရောက်ရှိဖို့စေဖို့ ပဲဖြစ်ပါတယ်။ ကျွန်တော် ဆုတောင်းပါတယ်။ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကို ဒီအချိန်ကာလမှာ ကိုယ်တော်ရှင်ပြည့်စုံစေဖို့ပဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ မနေ့၊ ယနေ့နဲ့ ထာဝရကာလအတူတူပဲ ဖြစ်ပါတယ်။ မစတော်မူပါအဖ၊ ကိုယ်တော်ရှင်နဲ့အားလုံး ဟာ ဆိုင်ပါတယ်။ ဒီကောင်းချီးမင်္ဂလာတွေကိုကိုယ်တော်ရှင်ချပေးသနားတော်မူပါ။ ပြောဆိုပြီးခဲ့တဲ့အရာတွေကို အတည်ပြုပေး တော်မူပါ။ ဘုရားဘုန်းတော်ထင်ရှားစေပါ။ယေရှုနာမဌ် ဆုတောင်းပါတယ်။ အာမင်။

77 ၇၇။ စကားတစ်ခွန်းကိုပြောဖို့ရန်အတွက် လူတစ်ဦးအနေနှင့် အတည်ပြုရမှာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ် ကြောင်း အတည်ပြုရမှာဖြစ်ပါတယ်။ တစ်ခုခုကိုပြောဖို့အတွက်ဘုရားသခင်အမှုပြုဖို့ လိုပါတယ်။ ဘုရားသခင်က အနက်ဖွင့်ဆိုမဲ့ သူမလိုပါဘူး။ မိမိဖာသာမိမိ အနက်ဖွင့်ဆိုခြင်းပဲ ဖြစ်ပါတယ်။

ယခုအခါမှာ ကျွန်တော်တို့ဆုတောင်းဖို့အတွက်တန်းစီရမှာဖြစ်ပါတယ်။ ဖျားနာတဲ့လူတွေအတွက် ဆုတောင်း ပေးဖို့ဖြစ်ပါ တယ်။ ဘုရားသခင်အလိုတော်ရှိပါက ဘယ်သူမှ ဘယ်လူသား၊ ဘယ်အမျိုးသမီးမှ ဘယ်လူသားမှဘယ်ကောင်းကင်တမန်မှ သင့် ကိုမပေးပျောက်နိုင်ပါဘူး။ ဒါပေမယ့်လည်း ဘုရားသခင်ကတော့ပေးပျောက်နိုင် ပါတယ်။ ကိုယ်တော်ရှင်ကတော့ သင်လုပ်ရမဲ့အ ရာ၊ သင်လက်ခံရမယ့်အရာကိုပြင်ဆင်ပေးထားပါတယ်။

78 ၇၈။ လူသားမရှိဘူး။ကောင်းကင်တမန်မရှိဘူး။ ဘာမှလည်းမရှိပါဘူး။ ဘုရားသခင်ကိုယ်တော်တိုင် သင့်ရဲ့အပြစ်တွေကို ခွင့်လွှတ်ပေးနိုင်ပါတယ်။ အဲဒါ့တွေအားလုံး အမှုပြုပြီးပြီဖြစ်ပါတယ်။သခင်ယေရှုပြုလုပ်ခဲ့ပါတယ်။ ကားတိုင်ပေါ်မှာ ပြုလုပ်ခဲ့ခြင်းပဲဖြစ် ပါတယ်။ဒါပေမယ့်လည်း သင့်ကိုအောင်မြင်ကောင်းစားစေမှာ မဟုတ်ပါ ဘူး။ သင့်ကိုလည်းအမြတ်အစွန်းရစေမှာမဟုတ်ပါဘူး။ သင်လုပ်လက်ခံပြီးမှသာ ဖြစ်လာမှာဖြစ်ပါတယ်။

ကိုယ်ပြုလုပ်နိုင်မဲ့အရာတစ်ခုကတော့ဘုရားသခင်ပြုလုပ်ခိုင်းတဲ့အရာတွေကို လက်ခံဖို့ပဲဖြစ်ပါတယ်။ ယုံကြည် သူတွေအတွက်အနာရောဂါဖြစ်တဲ့သူတွေအပေါ်မှာ လက်တင်ပြီး ဆုတောင်းလို့ရပါတယ်။ ခေတ်ကာလပေါင်းများစွာ ခေတ်အဆက်ဆက် သူတို့ပြုလုပ်ခဲ့ပါတယ်။ နိုးထမှုစည်းဝေးပွဲတွေမှာသူတို့လုပ်ခဲ့ခြင်းပဲဖြစ် ပါတယ်။ အဲ့ဒါကို သူတို့ဘာခေါ်လဲဆိုတော့ ဘုရားသခင်လို့ ပဲခေါ်ပါတယ်။

79 ၇၉။ အာဗြဟံကနိမိတ်လက္ခဏာတွေများစွာကို တွေ့ခဲ့ရပါတယ်။ သို့သော်လည်း သူနောက်ဆုံး တွေ့မြင်ရတဲ့နိမိတ်လက္ခဏာ အချိန်ကို ရောက်လာပါတယ်။ သောဒုံမြို့မီးမလောင်ကျွမ်းမီက ဖြစ်ပါတယ်။ဘုရားသခင်က သူ့ကိုယ်သူဖော်ပြပါတယ်။ လူပုံသဏ္ဍာန်အားဖြင့် ဖြစ်ပါတယ်။ ထိုအရာကိုသင်ယုံကြည်ပါသ လား? သခင်ယေရှုကလည်းထပ်မံဖြစ်မယ်လို့ ပြောပါသလား?

80 ၈၀။ ရေဒီယိုနဲ့ဒါမှမဟုတ် တယ်လီဖုန်းနဲ့ ဒီနိုင်ငံတစ်ဝှမ်းလုံးမှာသင်တို့နားထောင်နေဆဲဖြစ်မယ်ဆိုရင် ဆုတောင်းခြင်းအတွက်

အဆင်သင့်ပြင်ထားပါ။ဆုတောင်းကြပါ။ လက်ကိုင်ပုဝါလေးတွေရှိရင်လည်း အသင့်ပြင်ဆင်ထားကြပါ။ဘုရားသခင်ဘာလုပ်မလဲ ဆိုတာကိုတော့ ကျွန်တော်တို့ မပြောလိုတော့ပါဘူး။ ဒါပေမဲ့လည်းကျွန်တော်ကြိုးစားတာထက်စာရင် အများကြီးသာပါတယ်။ ကိုယ်တော်ရှင်ဟာအချုပ်အခြာအာဏာပိုင်ဆိုင်သောသခင် ဖြစ်ပါတယ်။ သူအမှုပြုချင်တဲ့အရာကိုသူအမှုပြုပါတယ်။ ကျွန်တော် ကတော့ နာခံဖို့ပဲဖြစ်ပါတယ်။ကိုယ်တော်ရှင်ဘာပြောသလဲဆိုတာကို ကျွန်တော်ပြောနိုင်ပါတယ်။

81 ၈၁။ သူတို့ဟာအဲဒီနိုင်ငံနားတစ်ဝိုက်မှာ မတ်တပ်ရပ်နေပါတယ်။ သူတို့အားလုံး အထုပ်တွေ၊အပိုးတွေနဲ့ကျပ်သိပ်ပြီးတော့ ဒီ ထဲကိုရောက်နေပါတယ်။ ဒီစကားတွေနဲ့ပတ်သက်လို့သူတို့ဘုရားသခင်ကို ဘယ်လိုမေးမလဲဆိုတာကို ကျွန်တော်စဉ်းစားမိပါ တယ်။ ဒီဆွဲဆောင်မှုဟာ ဘာဖြစ်ပါသလဲ?ဘုရားသခင်က ကျွန်တော်တို့အလယ်မှာ ဆက်လက်ပြီးလှုပ်ရှားနေမယ်ဆိုရင် ဒီမှာလဲလူစိမ်းတွေရှိကောင်းရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့အလယ်မှာ လှုပ်ရှားနေပါတယ်။သူဟာ ကျွန်တော်တို့အကြားမှာ ကောင်း ချီးပေးပါတယ်။ သူ့ရဲ့ဝိညာဉ်ကိုလည်းဖော်ပြပါတယ်။ ကိုယ်တော်ရှင်ဟာ မနေ့၊ ယနေ့နဲ့ ထာဝရကာလအတူတူပဲဖြစ်ပါတယ်။ ကျွန် တော်တို့ တစ်ယောက်စီဟာဒီသတင်းစကားပို့ဆောင်တဲ့သူနှစ်ဦးပဲ ဖြစ်ပါတယ်။ တကယ်ပဲ ဖြစ်တယ်ဆိုတာကိုယုံကြည်နိုင်ပါသ လား?

82 ၈၂။ ဆုတောင်းခံဖို့အတွက်တန်းစီဖို့ပြောမဲ့အစား ကျွန်တော်ဘာပြောချင်လဲဆိုတော့ အရမ်းပဲပူလောင်ပြီး ဒီအထဲမှာလှောင် ပိတ်နေတယ်လို့ပဲ ပြောချင်ပါတယ်။ ကျွန်တော်ဒီကနေ ကြည့်လိုက်မယ်ဆိုရင်ဆုတောင်းဖို့တန်းစီနေတဲ့သူတွေကို ကျွန်တော်မ ခေါ်နိုင်ပါဘူး။ ဒီနေရာမှာရပ်ခိုင်းထားဖို့လည်း အလွန်ပဲခက်ခဲပါမယ်။ ဒီဘက်လမ်းကနေ ကျွန်တော်ခေါ်မှာဖြစ်ပါတယ်။အနာရောဂါဖြစ်နေတဲ့သူတွေ၊ ထမ်းစင်နဲ့လာတဲ့သူတွေအားလုံး လဲလျောင်းနေတဲ့သူတွေကအစဘယ်လိုမှလုပ်နိုင်မှာမဟုတ်ပါဘူး။ ဘယ် နေရာမှာ ထိုင်ရမလဲဆိုတာကိုလည်းမပြောနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကိုယ်ရှိတဲ့နေရာမှာပဲ နေပါ။ ဘုရားသခင်ကိုယုံကြည်ပါ။ ခင် ဗျားတို့မှာ ဆုတောင်းကဒ်ပြားလေးတွေရှိတယ်ဆိုရင် ကိုင်ထားပါ။အဲဒါကတော့ ကောင်းတာပဲဖြစ်ပါတယ်။ ခင်ဗျားတို့ရှိရာနေရာ ကိုကျွန်တော်ရောက်အောင်လာခဲ့ပါမယ်။ ခင်ဗျားတို့ တန်းစီပြီးလာကြမယ်ဆိုရင်လာနိုင်ပါတယ်။ ဒါပေမယ့်လည်း တန်းစီပြီး တစ် ယောက်ပြီးတစ်ယောက် လာနိုင်မှာဖြစ်ပါတယ်။

83 ၈၃။ မစ္စတာရဲဖတ်စ်ကပြီးခဲ့တဲ့တနင်္ဂနွေနေ့က တန်းမစီပါဘူး။ သူ့မှာဆုတောင်းကဒ်ပြားလေးရှိတယ် လို့လည်းကျွန်တော်မ ထင်ပါဘူး။ မစ္စတာရဲဖတ်စ် ရှိပါသလား? ဒီည သူကဘယ်မှာလဲ?သူဒီမှာရှိသလား? သူကဟိုးအနောက်ဖက်မှာ ရှိပါတယ်။ ခင်ဗျား မှာ ဆုတောင်းကဒ်ပြားရှိပါသလား မစ္စတာရဲဖတ်စ်။မရှိဘူးမဟုတ်လား။ သူ့မှာဆုတောင်းကဒ်ပြားမရှိပါဘူး။ သူက ဒီညလည်း ဟိုး မှာပဲထိုင်နေပါတယ်။ အဲဒါအင်မတန်ကောင်းတဲ့နေရာပဲ ဘရာသာရဲဖတ်စ်။

84 ၈၄။ ခင်ဗျားအဲဒီမှာရှိနေရုံတင်မကပါဘူး။ ယုံကြည်ခြင်းလည်း ရှိဖို့လိုပါတယ်။ အမျိုးသမီးလေးတစ်ယောက်က ကိုယ်တော်ရှင် ရဲ့ဝတ်ရုံတော်ကို တို့ရုံနဲ့ပဲ ကိုယ်တော်ရှင်ကသိပါတယ်။ကိုယ်တော်ရှင်က မနေ့၊ ယနေ့နဲ့ ထာဝရကာလအတူတူပဲဖြစ်ပါတယ်။ ဟေဗြဲစာလုံးနှင့်ပြောရမယ်ဆိုရင် ဓမ္မသစ်ကျမ်းထဲမှာ ကိုယ်တော် ရှင်ဟာ ဒီနေ့ညယဇ်ပုရောဟိတ်ကြီးပဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ သူ့ကို တို့ထိနိုင်ပါတယ်။ ခင်ဗျားတို့ရဲ့စိတ်နှလုံးခံစားချက်နဲ့ တို့ထိနိုင်ပါတယ်။ အဲဒါကို ယုံကြည်ပါသလား? ယုံကြည်ခြင်းသက်သက်သာ ရှိပါ။ သံသယမဖြစ်ပါနှင့်။ ယုံကြည်ပါ။ တကယ်ကိုဖြစ်လာမှာ ဖြစ်ပါတယ်။ ခင်ဗျားတို့လိုချင်တာကိုရနိုင်ပါတယ်။ နှုတ်ကပတ်တော်ကို ယုံကြည်တယ်ဆိုရင် ရနိုင်ပါတယ်။ဒါပေမဲ့လည်း ယုံကြည်ဖို့ပဲလိုပါတယ်။ ခင်ဗျားတို့ လုပ်နိုင်ပါတယ်။ ခင်ဗျားတို့နှုတ်ကပတ် တော်ကို ယုံကြည်ကြပါသလား? ဘယ်နှယောက်ယုံကြည်နိုင် ပါသလဲ? ဘုရားသခင် ကောင်းချီးပေးပါစေ။

ဘယ်သူဘယ်သူလဲဆိုတာ ကျွန်တော်မသိပါဘူး။ခင်ဗျားတို့တစ်ယောက်ကိုမှ ကျွန်တော်မသိပါဘူး။ ခင်ဗျားတို့ကိုသိဖို့ရန် လည်းကျွန်တော့်အလုပ်မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့အလုပ်ဖြစ်ပါတယ်။ ဒါတွေအားလုံးကိုသိဖို့ရန်အတွက် ကိုယ်တော်ရှင်က အားလုံးကို လုပ်မှာဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကိုသင်တို့ယုံကြည်မှသာ ကိုယ်တော်ရှင်အမှုပြုမှာ ဖြစ်ပါတယ်။ အခု ယုံကြည်ပါ သလား?

85 ၈၅။ အိုအဖဘုရားသခင်၊ကျွန်တော်တို့ဟာ မျိုးစပ်ထားတဲ့ခရစ်ယာန်အုပ်စုတွေ မဟုတ်ပါဘူး။ ကျွန်တော် တို့ဟာတစ်စုံတစ် ယောက်သောသူလည်းမဖြစ်သင့်ပါဘူး။ ကလေးငယ်ကဲ့သို့ ကျွန်တော်တို့ကို ချော့မော့ပြီးတော့ထားရမဲ့အချိန်လည်း မဟုတ်ပါ ဘူး။ ကိုယ်တော်ရှင်မှာ အဲ့လိုမျိုးအမျိုးအစားမရှိပါဘူး။တကယ်အကြမ်းခံနိုင်တဲ့ ယုံကြည်သူတွေ ကိုယ်တော်ရှင်ရထားတာဖြစ်ပါ တယ်။ ဘုရားသခင်ရဲ့ရှေ့တော်မှာ လူတစ်ဦးရဲ့နှလုံးသားကို မီးတောက်မီးလျှံတွေတောက်လောင်စေပါတယ်။ အာဗြဟံကဲ့သို့ပဲ ကျွန်တော်တို့ဟာ ဘုရားသခင်ကို ယုံကြည်ပါတယ်။ကိုယ်တော်ရှင်ဟာ ကိုယ်တော်ရှင်ကိုယ်တော်တိုင် ကိုယ်တိုင် ကိုယ်တော့်ကိုသိစေရန်အတွက် ခွင့်ပြုပါတယ်။ နောက်ပြီးတော့ ကိုယ်တော်ရှင် သူ့ရှေ့မှာပေါ်လာတယ်။နိမိတ်လက္ခဏာတွေကို ပြုလုပ်တယ်။ နောက်တော့ သူဟာ ကိုယ်တော့်ကို ယုံကြည်ပါတယ်။ သူ့ရဲ့ကိုယ်ခန္ဓာကိုလည်း လူငယ်ကဲ့သို့ပြန်ပြီးတော့ကိုယ်တော်က ပြောင်း လဲစေပါတယ်။ သူ့ဇနီးသည်ကိုလည်း ပြောင်းလဲစေပါတယ်။သူ့ရဲ့ဇနီးသသည်ဟာ သူ့ရဲ့ကိုယ်ခန္ဓာရဲ့ တစ်စိတ်တစ်ဒေသပဲ ဖြစ်ပါ တယ်။သူတို့ထွက်လာပြီးတော့ ကလေးငယ်တစ်ယောက်ကို မွေးပါတယ်။ကိုယ်တော်ရှင်ကတိတော်နဲ့ယှဉ်တဲ့ သားပဲဖြစ်ပါတယ်။

86 ၈၆။ ကိုယ်တော်ရှင်ကတိထားတော်မူတဲ့အတိုင်းပဲဒီနေ့ရက်ကာလမှာ အလားတူအဖြစ်အပျက်တွေဖြစ်ပျက် မယ်လို့ ဆိုထားပါတယ်။ ကိုယ်တော်ရှင်ဒီနှုတ်ကပတ်တော်ကို အတည်ပြုပေးပါမည့်အကြောင်း ကျွန်တော် ဆုတောင်းပါတယ်။ကျွန်တော်တို့ဟာ ဒီ ကတိတော်တစ်ခုအပေါ်မှာ တည်ပြီးတော့ အမှုပြုမှာဖြစ်ပါတယ်။သောဒုံမြို့ကဲ့သို့ဖြစ်မယ်ဆိုတာသိရပါတယ်။ သောဒုံမြို့ကို မီး လောင်ကျွမ်းပြီး တရားမစီရင်ခင်မှာအရင်ဆုံးတရားစီရင်ခြင်းဖြစ်လာပါတယ်။ ပြီးမှသာမီးလောင်ကျွမ်းပါတယ်။တစ်ပါးအမျိုးသား တွေကိုကျရောက်တော့မှာဖြစ်ပါတယ်။ ယုဒတွေအတွက်တော့ သုံးနှစ်ခွဲခန့်အချိန်ရှိပါတယ်။ဘေးဒဏ်ကြီးကာလတစ် လျှောက် မှာဆိုရင် သုံးနှစ်ခွဲကတော့ယာကုပ်အမျိုးအမှုရောက်တဲ့နေ့ဖြစ်ပါတယ်။ ဒံယေလသီတင်း (၇၀) ကို ဆက်လက်နေခြင်းပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်း တစ်ပါးအမျိုးသားတွေကို ရေတွက်ထားပါတယ်။ သူတို့သွားရတော့မယ့်အချိန်ရောက်လာပါပြီ။ ကိုယ်တော် ရှင်က

သူတို့ကိုနိမိတ်လက္ခဏာပေးပါတယ်။ တစ်ဖန်ထပ်ပြီးတော့ ဖြစ်ပေါ်လာဦးမယ်လို့လည်း ဆိုထားပါတယ်။မစတော်မူပါ ကိုယ်တော်။ ကိုယ်တော်ရှင်ရဲ့ လက်ထက်တော်ထဲမှာ ကျွန်တော်တို့ရှိနေပါတယ်။ကိုယ်တော်ရှင်သင့်တော်သလို ကျွန်တော်တို့ကို အမှုပြုတော်မူပါ။ သခင်ယေရှုနာမတော်မြတ်၌ ဆုတောင်းပါတယ်။ အာမင်။

87 ၈၇။ အခုအခါမှာစိတ်မလှုပ်ရှားပါနှင့်။ စိတ်လှုပ်ရှားနေရင် ဘာဖြစ်လာပါမလဲ။ ကျွန်တော်ကတော့ ဒီနေရာမှာပဲ တစ်ခုခုကိုလုပ်နေပါတယ်။ ဘုရားရှင်မြတ်တော်မူခြင်းအပေါ်မှာ မူတည်နေပါတယ်။ဒါပေမယ့်လည်း ဒါကိုဘာကြောင့် ကျွန်တော်အမှုပြုရသလဲ။ ကိုယ်တော်ရှင်မိန့်တော်မူတဲ့အတွက်ပဲ ဖြစ်ပါတယ်။ ဒီကိစ္စကို ဖြေရှင်းခြင်းပဲဖြစ်ပါတယ်။အကယ်၍ ကိုယ်တော်ရှင်ဟာ သူ့ကိုယ်သူ အမှုပြုပြီးတော့ အတည်ပြုပြီးတော့သင်တို့အရှေ့မှာ ပြုလုပ်ခဲ့တယ်ဆိုလို့ချင်ရင် ကိုယ်တော်ကိုသင်တို့မယုံကြည်နိုင်ပေးဘူးလား။ အမှန်တကယ်ပဲ ယုံကြည်နိုင်မှာဖြစ်ပါတယ်။ယုံကြည်ခြင်းသာရှိပါ။ ယုံကြည်ပါ။ ကျွန်တော်ဒီဘေးပတ်ပတ်လည်ကို ကြည့်ပါရစေ။သန့်ရှင်းသောဝိညာဉ်တော် ဘယ်ကိုလမ်းပြမလဲဆိုတာကို ကြည့်ပါရစေ။ကိုယ်တော်ရှင်အမှုပြုမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဘာ လုပ်မလဲဆိုတာကိုကျွန်တော်တို့မသိပါဘူး။ ဒါဟာ ကိုယ်တော်ရှင်နဲ့ပဲဆိုင်ပါ တယ်။ သင့်မှာယုံကြည်ခြင်းသာရှိမယ်ဆိုရင် ယုံကြည်ခြင်းသာရှိမယ်ဆိုရင်ယုံကြည်ခြင်းသက်သက်သာရှိပါ။ယုံကြည်တဲ့သူတွေအားလုံးအတွက် မဖြစ်နိုင်တဲ့အရာဘာတစ်ခုမှမရှိပါဘူး။ အဲ့ဒါသင်တို့အားလုံးယုံကြည်ပါ သလား။ သင်တို့လက်တွေကို မြှောက်ပြီးတော့ယုံကြည်ပါတယ်လို့ ပြောပါ။ ပရိသတ်ကလည်း ယုံ ကြည်ပါ တယ်လို့ ပြောပါတယ်။ကျွန်တော်တို့ရဲ့စိတ်နှလုံးအကြွင်းမဲ့ ကျွန်တော်နှုတ်ကပတ်တော်ကို ယုံကြည်ပါတယ်။

88 ၈၈။ နောက်ဆုံးမှာတော့သုံးခုအနေနဲ့ အတည်ပြုမှာဖြစ်ပါတယ်။ အဲ့လိုမျိုး ကိုယ်တော်ရှင်အမှုပြုတဲ့အခါမှာဖြောင့်တန်းနေတဲ့ အချိန်သုံးချိန်ရှိပါတယ်။ အဲဒါမှန်ကန်တယ်ဆိုတဲ့ အကြောင်းတွေကိုကျွန်ုပ်ကို သက်သေပြ မှာဖြစ်ပါတယ်။ သင်ဘယ်ကိုရောက်နေ သလဲဆိုတာကိုကျွန်တော်ဂရုမစိုက်ပါဘူး။ သင်ဘယ်သူလဲဆိုတာ ကိုလည်း ဂရုမပြုပါဘူး။သင်ယုံကြည်ခြင်းသာ ထားပြီးတော့ယုံ ကြည်ပါ။ သင်အမျိုးမျိုးလှည့်ပတ်ပြီးတော့နှိုးဆွစရာမလိုပါဘူး။ ဒီနည်းပဲဖြစ်ပါတယ်။

အမျိုးသမီးတို့ဆုတောင်းပါ။ သင်တို့ကိုကျွန်တော်မသိပါဘူး။ သင်တို့ဘယ်မှာနေလဲ။ ဘယ်ကလာတာ တွေလဲဆိုတာကို ကျွန်တော်မသိပါဘူး။ဒါပေမယ့်လည်း သင့်ရဲ့လက်ထဲမှာ ကလေးငယ်တစ်ယောက်ကို ချီထားပါတယ်။ ဒါမှမဟုတ်သင့်ပေါင်ပေါ်မှာတင်ထားပါတယ်။ ကျွန်တော်ကတော့ ခင်ဗျားကိုလုံးဝမသိဘူး။လူစိမ်းတစ်ယောက်ပဲဖြစ်ပါတယ်။ အဲဒီမိန်းကလေးကို ကြိုက်လိုက်လို့ချင်ရင်ပုံမှန်ရှိပါတယ်။ နေကောင်းနေ တဲ့ပုံဖြစ်ပါတယ်။ သူဟာလှပတဲ့မိန်းကလေးတစ်ယောက်ဖြစ်ပါတယ်။ ဆံပင်အနီ လေးနဲ့ ဖြစ်ပါတယ်။ သူမကို ကျွန်တော်ကြည့်နေပါတယ်။ သူမဟာခြေမသန်စွမ်းဖြစ်နေတဲ့ပုံလည်း မပေါ်ပါဘူး။ သူမဘာဖြစ်နေ လဲဆိုလည်း ကျွန်တော်မသိပါဘူး။အဲဒီကလေးငယ်အတွက် ဘာမှမသိပါဘူး။ ဒါပေမယ့်လည်း အဲဒီနေရာမှာ ကလေးငယ်နဲ့ထိုင်နေတယ်ဆိုတာကို ကျွန်တော်တွေ့မြင်ပါတယ်။ နောက်ပြီးတော့ဆုတောင်းပေးပါတယ်။သင်နဲ့တစ်မိနစ်လောက် စကားပြောရမှာ ဖြစ်ပါတယ်။ ဒါမှ သင့်ရဲ့ဝိညာဉ်ကိုဖမ်းမိမှာဖြစ်ပါတယ်။ သခင်ယေရှုက ရေတွင်းနားက အမျိုးသမီးကို ပြောသကဲ့သို့ပဲဖြစ်ပါတယ်။ သောက်ရေယူခဲ့ပါလို့ဆိုပါတယ်။တစ်ယောက်ယောက်ကို ထိုးပြဖို့ပဲဖြစ်ပါတယ်။ Bro.Fred ကတော့ အဲဒီနေရာမှာ ထိုင်နေပါ တယ်။ အဲဒီနေရာမှာ ထိုင်နေတဲ့လူတွေကိုလည်းကျွန်တော်သိပါတယ်။ သူတို့ဟာ အကူအညီလိုအပ်တဲ့သူတွေဖြစ်ပါတယ်။ ဒါပေ မယ့်လည်းခင်ဗျားတို့က လူစိမ်းတွေပဲဖြစ်ပါတယ်။

ကျွန်တော်ဟာဘုရားသခင်ရဲ့ပရောဖက်ဖြစ်ကြောင်း ခင်ဗျားတို့ ကျွန်တော့်ကိုယုံကြည်ပါသလား? ဒီညကြားရတဲ့အရာ အားလုံးဟာသမ္မာတရားဖြစ်တယ်ဆိုတာကိုလည်း ခင်ဗျားတို့ ယုံကြည်ပါသလား? ကျွန်တော့်ကိုဘုရားသခင်တစ်ခုခုဖော်ပြတယ် ဆိုရင် ခင်ဗျားတို့ဘာလုပ်သလဲဆိုတာကို သိရမှာဖြစ်ပါတယ်။ခင်ဗျားတို့ မလုပ်ခဲ့တဲ့အရာတွေကိုလည်း သိရမှာဖြစ်ပါတယ်။ ဒါမှမ ဟုတ်ခင်ဗျားတို့နဲ့ပတ်သက်လို့ တစ်ခုခုချို့ယွင်းတာတွေ ခင်ဗျားတို့ရဲ့အလိုဆန္ဒတွေအဲဒါတွေဟာ မှန်ကန်မှုရှိသလား၊ မရှိဘူးလား ဆိုတာကို ခင်ဗျားတို့သိရမှာဖြစ်ပါတယ်။ဟုတ်တယ်မဟုတ်ပါလား? နောက်ပြီးတော့ကိုယ်တော်ရှင်အမှုပြုတယ်ဆိုရင် ကိုယ်တော် ရှင်ရဲ့နှုတ်ကပတ်တော်ကို ကိုယ်တော်ရှင်ကအတည်ပြုမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်က မနေ့၊ ယနေ့နဲ့ ထာဝရကာလအတူတူပဲ ဖြစ်ပါတယ်။ အဲဒါကတော့ (ရှင်လုကာ ၁၇း၃၀) မှာ ဖော်ပြထားပြီးသားဖြစ်ပါတယ်။ သင်အဲဒါကိုယုံကြည်ပါသလား?

89 ၈၉။ အဲဒီအချိန်မှာအမျိုးသမီးတစ်ယောက်က လက်ကိုထောင်ပြပါတယ်။ သူ့ကို ကျွန်တော်လုံးဝမသိပါဘူး။သူနဲ့ကျွန်တော် ဟာ တစိမ်းတွေပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူမရဲ့ဝိညာဉ်ကို ကျွန်တော်ကဖမ်းယူဖို့ကြိုးစား ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးပဲဖြစ်ပါ တယ်။ အဲဒီမှာလည်း လူအချို့တွေဆွဲနေတာကိုတွေ့ရပါတယ်။ ယခုအခါမှာ သင့်ရဲ့စိတ်နှလုံးနဲ့အတူ အားလုံးကိုသင်ယုံကြည်မှာ ဖြစ်ပါတယ်။ ကလေးမငယ်လေးအတွက်ပဲ ဖြစ်ပါတယ်။ ခင်ဗျားအတွက် မဟုတ်ပါဘူး။ သင်က စိတ်တက်ကြွနေပါတယ်။ဒါပေမယ့် လည်း အဲဒီစိတ်တက်ကြွမှုကြောင့် သင်က စိတ်အနှောင့်အယှက်ဖြစ်နေတာမဟုတ်ပါဘူး။ သင့်ရဲ့စိတ်နှလုံးထဲမှာရှိနေတဲ့ ကြီးမား တဲ့အရာကတော့ မိန်းကလေးငယ်ပဲဖြစ်ပါတယ်။ ဘုရားသခင်က သင့်ကိုပြောပြနိုင်ပါတယ်။ ဘာလဲဆိုတာကို ဖော်ပြနိုင်ပါတယ်။သင်အဲဒါကို ယုံကြည်နိုင်ပါတယ်။ သင့်အတွက် အထောက်အကူဖြစ်ပါသလား? သင်ယုံကြည်ပါသလား? အဲဒါကတော့ ဦးနှောက် ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာရခြင်းပဲ ဖြစ်ပါတယ်။ အဲဒါမှန်ပါတယ်။ အခုအခါမှာကလေးငယ်ရဲ့ခေါင်းပေါ်ကို သင့်ရဲ့လက်ကိုတင်ပြီး ဆုတောင်းပါ။

90 ၉၀။ အဖဘုရားသခင်ကိုယ်တော်ရှင်မိန့်တော်မူတဲ့အတိုင်းပဲ ယုံကြည်တဲ့သူတွေကို ဒီနိမိတ်လက္ခဏာတွေဖြစ်လာမယ်လို့ ကိုယ်တော်ရှင်ဆိုပါတယ်။ အနာရောဂါဖြစ်နေတဲ့ သူတွေရဲ့အပေါ်ကိုလက်ကိုတင်ပြီး ဆုတောင်းတဲ့အခါမှာ သူတို့ရောဂါပျောက် မယ်လို့ဆိုထားပါတယ်။ဒီအမျိုးသမီးက ယုံကြည်သူဖြစ်ပါတယ်။ သူမရဲ့လက်က ကလေးငယ်အပေါ်မှာတင်ထားပါတယ်။ ကလေးငယ်ပြန်ပြီးတော့ နေကောင်းသွားဖို့မစ တော်မူ ပါ။ သခင်ယေရှုနာမ၌ ဆုတောင်းပါတယ်။သခင်ယေရှုနာမ၌ ဒီဆုတောင်းချက်ကို ဆုတောင်းပါတယ်။ အာမင်။

သင်တို့ယခုအခါမှာအားလုံးယုံကြည်ကြပါသလား ? သင်ယုံကြည်ပါကအားလုံးဖြစ်နိုင်တဲ့အရာတွေပဲ ဖြစ်ပါ တယ်။ အမှန်တကယ်ပဲဖြစ်ပါတယ်။

ကျွန်တော်က အမျိုးသမီးတစ်ဦးကို သိပါတယ်။သူမနားမှာ ထိုင်နေတဲ့အမျိုးသမီးပဲ ဖြစ်ပါတယ်။ ဒါပေမယ့် လည်း သူမကတော့သိပ်ပြီးတော့ရိုးသားမဲ့ပုံမပေါ်ပါဘူး။ သူမရဲ့နာမည်ကိုလည်းကျွန်တော်မပြောနိုင်ပါဘူး။ ဒါပေမယ့်လည်း တစ်မိနစ်လောက် ကျွန်တော် သူမကိုကြည့်နေရင် ကျွန်တော်သိလာမှာဖြစ်ပါတယ်။ အမျိုးသမီးကိုကြည့်ခြင်းအားဖြင့်လည်းကျွန်တော်သိပါတယ်။ ဒါပေမယ့်လည်း ခင်ဗျားရဲ့အခက်အခဲ ဘာဖြစ် တယ်ဆိုတာကို ဘုရားသခင်ကျွန်တော့်ကို သိခွင့်ပေးမှာပါ။ ခင်ဗျားအတွက် အထောက်အကူဖြစ်ပါသလား ? ဆီးချိုရောဂါပဲ ဖြစ်ပါတယ်။အဲဒါမှန်ပါသလား ? မှန်တယ်ဆိုရင်လက်ထောင်ပြပါ။ အမှန်တကယ်ပဲ ဖြစ်ပါတယ်။

အဲဒီအမျိုးသမီးတစ်ယောက်လဲလျှောင်းနေပါတယ်။ ခင်ဗျားနားမှာ ထိုင်နေပါတယ်။ သူလည်း အဲဒီလိုပဲဖြစ်ပါ တယ်။ သူကကျွန်တော်နဲ့မသိတဲ့ တစိမ်းတစ်ဦးပဲ ဖြစ်ပါတယ်။ သူမကို တစ်စုံတစ်ယောက်သောသူကဆုတောင်းပေးနေပါတယ်။ ခြေလက်သေ နေတဲ့ကလေးလေးပဲဖြစ်ပါတယ်။ သင့်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပါသလား ? ဘုရားသခင်မစတော်မူမှာဖြစ်ပါတယ်။

91 ၉၁။ တစ်စုံတစ်ယောက်သောသူကပြန်ပြီးတော့ ဒီနေရာကိုရောက်လာပါတယ်။ အမျိုးသားတွေ ဟိုနားမှာ ထိုင်နေပါတယ်။ စီးကရက်သောက်ဖို့အတွက် သူတို့ကမသောက်ချင်ပါဘူး။ သူက စီးကရက်ဖြတ်ဖို့အတွက်ကြိုးစားနေပါတယ်။ စီးကရက်တွေ မသောက်ချင်လောက်အောင် မသောက်တော့အောင်ဘုရားသခင်စီးကရက် တွေကို သင်တို့ထံကနေအဝေးကို ယူဆောင်ပေးသွားမှာဖြစ်ပါတယ်။ကောင်းပြီ။ ခင်ဗျားတို့ ယုံကြည်ပါ သလား ?ခင်ဗျားတို့ယုံကြည်ရင် ရနိုင်ပါတယ်။ အဲဒီလိုမျိုး ခင်ဗျားလိုမျိုး အသက်တာမျိုး ကျွန်တော်တခါမှ မတွေ့ခဲ့ပါဘူး။

ဒီမှာလူတစ်ယောက်ရောက်နေပါတယ်။သူ့ရဲ့ကိုယ်ပေါ်မှာ အရိပ်မဲကြီးတစ်ခုရောက်နေပါတယ်။ ညာဘက်မှာဖြစ်ပါတယ်။ သူကတော့ထန်းပင်ပေါ်မှာ ဒါမှမဟုတ် ကုလားထိုင်ပေါ်မှာ လဲလျောင်းနေပါတယ်။သေလုမြောပါးဖြစ်နေပါတယ်။ သူ့ကို အရိပ်မဲကြီးတစ်ခုဖုံးကွယ်ထားပါတယ်။ သူ့မှာကင်ဆာရောဂါရှိပါတယ်။ အဲဒီလူကို ကျွန်တော်မသိပါဘူး။ တွေ့လည်းမတွေ့ဖူးပါဘူး။ ဘုရားသခင်ကတော့ သူ့အကြောင်းအားလုံး သိနေပါတယ်။ အဲဒါက အမှန်တရားပဲဖြစ်ပါတယ်။ဘုရားသခင်ကို သင်ယုံကြည်ပါသ လား ? ခင်ဗျားနဲ့ပတ် သက်လို့ တစ်ခုခုကိုယ်တော်ရှင် ကျွန်တော့်ကိုပြောပြနိုင်ပါတယ်။သင့်ရဲ့အနာရောဂါ ငြိမ်းခြင်းအတွက် အထောက်အကူဖြစ်ပါသလား ? ညီအစ်ကိုတို့က ဘာပြောသလဲဆိုတော့ဟုတ်ကဲ့ဖြစ်ပါတယ်လို့ ပြန်ဖြေပါတယ်။ (အယ်ဒီတာ၏မှတ်ချက်) ခင်ဗျား ဒီနေရာကိုရောက်လာတာကတော့ လူတစ်ယောက် ခင်ဗျားကို ခေါ်လာဖို့ပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်းခင်ဗျားက ဒီနေရာမှာ မဟုတ်ပါဘူး။ တစ်နေရာ◌ာက လာခြင်းပဲဖြစ်ပါ တယ်။ ခင်ဗျားမှာအင်မတန်ကြီးမားတဲ့ ရေထုကြီးရှိပါတယ်။ အဲဒီမှာ လူ တွေက ငါးမျှားကြပါတယ်။ ဟုတ်ပါတယ်။ အယ်ဘန်နီ၊ ကန်တူကီ၊စတဲ့နေရာတွေဖြစ်ပါတယ်။ အဲဒါမှန်ပါတယ်။ ယုံကြည်ပါ။ ခင်ဗျားပြန် သွားလို့ရပါတယ်။နေကောင်းသွားပါပြီ။ အဲဒါတွေအားလုံး ရောဂါပျောက်ကင်းသွားပါပြီ။ ခင်ဗျားယုံကြည်မယ်ဆိုရင်ယုံကို ယုံကြည်ရမှာဖြစ်ပါတယ်။ ခင်ဗျားအတွက် အမှုပြုခြင်းပဲဖြစ်ပါတယ်။ ခင်ဗျားယုံကြည်ပါသလား ?

92 ၉၂။ တက်နက်စီပြည်နယ်ကနေလာတဲ့လူငယ်ကလေး တစ်ယောက်ရှိပါတယ်။ သူ့မှာ ရင်ကျပ်ပန်းနာရှိပါ တယ်။ ဒီနေရာကမဟုတ်ပါဘူး။ ဒါပေမယ့်လည်း သူ့အနာရောဂါပျောက်မယ်ဆိုရင် ဘုရားသခင်ကို ယုံကြည်ပါ။ခင်ဗျားလက်ကိုင်ပုဝါကို ယူပါ။ ခင်ဗျား လက်နဲ့ပဲ ခင်ဗျားယူပါ။သူ့အနာရောဂါငြိမ်းသွားမှာပဲ ဖြစ်ပါတယ်။ ခင်ဗျားယုံကြည်မယ်ဆိုရင် သူကတော့ရောဂါပျောက်သွားမှာဖြစ်ပါတယ်။

အမျိုးသမီးတစ်ယောက်ငိုနေပါတယ်။ဒေါက်တာဗိုင်း ဘေးနားမှာရပ်နေပါတယ်။ သူမမှာလည်း အရိပ်မဲကြီးတစ် ခုရှိပါတယ်။ အင်မတန်မဲနေတဲ့အရိပ်ကြီးရဲ့လွှမ်းမိုးခြင်းကို ခံရပါတယ်။ သူ့လိုအမျိုးသမီးမျိုးကို ကျွန်တော်တခါမှမတွေ့ဖူးပါဘူး။ ဒါပေ မယ့်လည်း သူမမှာ ကင်ဆာရောဂါရှိပါတယ်။ သူမကို ဘာတစ်ခုမှမလုပ်ပေးဘူးဆိုရင် သူမကတော့သေဖို့သာ သေချာနေပါတယ်။ သခင်ခရစ်တော်ခင်ဗျားရဲ့ရောဂါကို ပျောက်ကင်းစေတယ်ဆိုတာ ယုံကြည်ပါသလား အစ်မ။ခင်ဗျားယုံကြည်နိုင်တယ် မဟုတ် လား ? ခင်ဗျားယုံကြည်တယ်ဆိုရင် ခင်ဗျားရောဂါ ပျောက်မှာပါ။

အမျိုးသမီးငယ်လေးတစ်ယောက် ညာဘက်မှာသူမနောက်မှာ ထိုင်နေပါတယ်။ သူမပါးစပ်ကိုလည်း လက်ကိုင် ပုဝါနဲ့အုပ် ထားပါတယ်။ သူမမှာ အစာအိမ်မှာ အနာရှိပါတယ်။ တအားနာနေပါတယ်။ သူမကို စိတ်ညှို့ခြင်းခံရပါတယ်။စုန်းပြုစားခြင်းခံရပါ တယ်။ ဝိညာဉ်မျက်စိလုံးဝကွယ်သွားအောင်ကိုပြုလုပ်ခြင်းခံရပါတယ်။ သူမကတော့ တစ်စုံတစ်ယောက်သောသူက သူမကို ခေါ် လာရပါတယ်။ခင်ဗျားမှာ အမျိုးသမီးရောဂါရှိပါတယ်။ ခင်ဗျားယုံကြည်မယ်ဆိုရင် ခင်ဗျားအိမ်ပြန်သွားတဲ့အခါမှာအနာရောဂါငြိမ်း သွားမှာဖြစ်ပါတယ်။

93 ၉၃။ လူငယ်တစ်ယောက်ရှိပါတယ်။သူကတော့ လူစိမ်းတစ်ယောက်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ရှေ့မှာ တည့်တည့်ကြီးထိုင်နေပါတယ်။ ကျွန်တော့်ကို ကြည့်နေပါတယ်။ ခင်ဗျားကတော့ ဘာလဲကျူတယ်ရီနိုင်ငံသားတစ်ယောက်ပဲ ဖြစ်ပါတယ်။ ကျွန်တော် ကတော့ ခင်ဗျားကို လုံးဝမသိတဲ့သူစိမ်းတစ်ယောက်ပဲဖြစ်ပါတယ်။ ခင်ဗျားအဲဒါကို သိပါတယ်။ ခင်ဗျားကတော့ ကျွန်တော်တို့နိုင် ငံသားမဟုတ်ပါဘူး။ ဒါပေမယ့်လည်း ဘုရားသခင် ခင်ဗျားကို အနာရောဂါငြိမ်းစေမှာဖြစ်ပါတယ်။ ခင်ဗျားရဲ့ဆန္ဒကို ပြည့်ဝစေမှာ ဖြစ်ပါတယ်။ ခင်ဗျားရဲ့အလိုဆန္ဒကဘာလဲဆိုတာကိုကျွန်တော်ပြောပြမယ်ဆိုရင်ခင်ဗျားလက်ခံမလား ?ခင်ဗျားဟာ သန့်ရှင်းသော ဝိညာဉ်တော်ဗတ္တိဇံကို လိုနေပါတယ်။အဲဒါအမှန်တကယ်ပဲဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံပါ ညီကို။

အသားမဲလူတစ်ယောက် ဟိုးအနောက်မှာထိုင်နေပါတယ်။ သူ့စိတ်နှလုံးမှာ ဝန်ထုပ်ပိုးနှင့် အရမ်းကိုလေးလံထိုင်းမှိုင်းနေပါတယ်။ သူ့ရဲ့ဇနီးသည်အတွက်ပဲဖြစ်ပါတယ်။ သူမကတော့ ဒီနေရာမှာမရှိပါဘူး။သူမမှာအခက်အခဲတစ်ခုရှိပါတယ်။ ခြေထောက် နဲ့ပတ်သက်တဲ့ရောဂါပဲ

ဖြစ်ပါတယ်။ဘုရားသခင်ပေးပျောက်နိုင်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ခင်ဗျားကော ယုံကြည်ပါသ လား? ခင်ဗျားကတော့သူစိမ်းတစ်ယောက်ပဲဖြစ်ပါတယ်။ ခင်ဗျားက ရေမြေခြားက လာရပါတယ်။ ခင်ဗျား ဂျမေကာက လာရပါတယ်။ ဘုရားသခင် ခင်ဗျားဘယ်သူဘယ်ဝါဆိုတာကို ဖော်ပြနိုင်တယ်ဆိုတာကိုခင်ဗျားယုံကြည်ပါသလား မစ္စတာဘယ်ဒီ။ သခင် ယေရှုက မနေ့၊ ယနေ့၊ ထာဝရကာလအတူတူပဲဖြစ်ပါတယ်။

94 ၉၄။ အမျိုးသမီးတစ်ယောက်ဟိုးအနောက်ဖက်မှာ ထိုင်နေပါတယ်။ အဲဒီအမျိုးသမီးကတော့ ဟိုးအဆုံး ဘက်မှာ ထိုင်နေပါတယ်။ မစ္စရိုက်ဘေးနားမှာပဲဖြစ်ပါတယ်။ သူမက နှလုံးမှာ ဝန်ထုပ်ဝန်ပိုးဖြစ်နေပါတယ်။သူမက သူမရဲ့သမီးလေးအတွက် ဆု တောင်းနေပါတယ်။ သူမက ခွဲစိတ်ကုသခံရမှာ ဖြစ်ပါတယ်။ သင့်ရဲ့စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပါ။သူဘာမှလိုမှာမဟုတ်ပါဘူး။ ယုံကြည်ခြင်းတစ်ခုတည်းသာ လိုပါတယ်။ ဘုရားသခင်ကပေးပျောက်နိုင်ပါတယ်။ ကျွန်တော်ကတော့ ပေးပျောက်နိုင်မှာမဟုတ် ပါဘူး။

ဟိုးမူကြိုကျောင်းကလေးကိုပြန်ရောက်သွားမယ်ဆိုရင် ဘုရားသခင်ရဲ့ဝိညာဉ်တော်ကို ကျွန်တော်တွေ့ရပါ တယ်။ အဲဒါကတော့ကောင်းကင်တမန်ဖြစ်ပါတယ်။ မူကြိုကျောင်းကလေးမှာ အလင်းတန်းလေးလှုပ်ရှား နေပါတယ်။ငယ်ရွယ်တဲ့မိန်းကလေးတစ်ယောက်အပေါ်မှာ ရောက်နေပါတယ်။ သူမမှာ ဝိညာဉ်ရေးရာအခက်အခဲရှိနေပါတယ်။ အဲဒီမိန်းကလေးကို ကျွန်တော်သိသလို ပဲ ဖြစ်ပါတယ်။ သူမဟာငယ်ရွယ်တဲ့မိန်းကလေး ဖြစ်ပါတယ်။ သူမမှာ အမျိုးသမီးရောဂါရှိပါတယ်။ သူမရဲ့နာမည်ကတော့မစ္စဝက် သ်ဖြစ်ပြီးတော့ အင်ဒီးယား နားက ဖြစ်ပါတယ်။ မစ္စဒေးဗစ်ဝက်သ်ဖြစ်ပါတယ်။ယုံကြည်ပါ။ ဘုရားသခင်က သင်အလိုရှိသမျှကို မစ တော်မူမှာဖြစ်ပါတယ်။

95 ၉၅။ အလင်းတန်းကိုတွေ့ရမှာဖြစ်ပါတယ်။ လူသားက ဖော်ပြတဲ့နေ့ရက်ပဲဖြစ်ပါတယ်။ သခင်ယေရှုဟာ မနေ့၊ ယနေ့၊ထာဝရကာလတူညီမှုမရှိဘူးဆိုရင် ကျွန်တော်နှုတ်ကပတ်တော်ကို သိမှာမဟုတ်ပါဘူး။ အဲဒါကိုခင်ဗျားတို့ယုံကြည်ပါသလား? ယုံကြည်သောသူတို့အတွက် အရာခပ်သိမ်းဟာမဖြစ်နိုင်ဘူးဆိုတာမရှိပါဘူး။ အားလုံးဟာ ဖြစ်နိုင်ပါတယ်။

မိုက်ကရိုဖုန်းတွေကိုအနှံ့အပြားဖြန့်ထားပါတယ်။ ဒီတဲတော်ထဲမှာလည်း ရှိပါတယ်။ ခင်ဗျားတို့ လက်ကိုထောင်ပြီးတော့ ကျွန်တော်ဟာယုံကြည်သူတစ်ဦးဖြစ်ပါတယ်လို့ပြောပါ။ခင်ဗျားတို့ရဲ့နယ်မြေ တွေထဲမှာဆိုရင် လူတိုင်းဟာ သူတို့လက်တွေကို သူတို့ထောင်ပြနိုင်ပါတယ်။ ဟိုးအပြင်ဖက်ကို ရောက်နေတယ်။ တစ်ခြားတစ် ဖက်မှာရောက်နေတယ်။ နိုင်ငံရဲ့တစ်ခြားတစ်နေရာမှာ ရောက်နေတယ်ဆိုရင် လည်း လက်ထောင်ပြပါ။ ဘာမှသံသယမဖြစ်ပါနဲ့။ ခင်ဗျားတို့မျက်လုံးတွေကို မှိတ်ထားပါ။ တစ်စုံတစ် ယောက်သောသူအပေါ်မှာ လက်ကိုတင်ပြီးတော့ဆုတောင်းပါ။ သူ့လက်ကိုကိုင်ပြီးဆုတောင်းပါ။ သူတို့ရဲ့ပုခုံးပေါ်မှာ တင်ထားပါ။ ကျွန်တော့်ရဲ့လက်တွေကိုတော့လက်ကိုင်ပုဝါပေါ်မှာ တင်ထားပါတယ်။ ဒီနေ့ဘာဖြစ်သလဲ? ဘာဖြစ်လာပါသလဲ?ယခုအခါမှာ ဘာဖြစ်လာပါသလဲ?ကိုယ်တော်ရှင်ရဲ့မျက်နှာတော်ဖြစ်ပါတယ်။

မေတ္တာနဲ့ တောက်ပနေပါတယ်။

ကိုယ်တော်ရှင်ကျေးဇူးတော်ကိုခံစားရသူများ

ကိုယ်တော်ရှင်ပေးတဲ့သရဖူပေါ်ကကျောက်မျက်များကဲ့သို့ ဖြစ်ပါတယ်။

ယခု ဆုတောင်းကြပါတယ်။ နေရာတိုင်းမှာရှိနေတဲ့သူတွေ ဆုတောင်းကြပါ။

96 ၉၆။ ကိုယ်တော်ရှင်အဖဘုရားသခင်ကိုယ်တော်ရှင်ရောက်လာပါပြီ။ အဲဒီအဓိပ္ပာယ်က ဘာလဲ? ဘုရားသခင် က သူ့ရဲ့နှုတ်ကပတ်တော်ကို ပြည့်စုံစေတဲ့အချိန်ဖြစ်ပါတယ်။ကိုယ်တော်ရှင် ဆွဲဆောင်မှုဆိုတာဘာလဲ?ကိုယ် တော်ရှင်က သူ့ရဲ့နှုတ်ကပတ်တော်ကို ပြည့်စုံခြင်းပဲဖြစ်ပါတယ်။ နိုင်ငံရဲ့တစ်ဖက်မှာ ဘာဖြစ်နေပါသလဲ?တယ်လီဖုန်းအားဖြင့် ဟောပြောခွင့်ရပါတယ်။ လူရာပေါင်း များစွာတို့ဟာနိုင်ငံရဲ့တစ်ဖက်မှနေပြီးတော့ သူတို့လက်တွေကို သူတို့ကိုင်ဆွဲထားကြပါတယ်။တစ်ယောက်ကိုတစ်ယောက် လက်တင်ပြီး ဆုတောင်းပေး နေကြပါတယ်။ အနောက်ဖက်ကမ်းခြေကနေပြီးတော့ အရှေ့ဖက်ကမ်းခြေ၊ မြောက်ဖက်ကမ်းခြေကနေပြီး တော့ တောင်ဖက်ကမ်းခြေစသည်တို့တစ်နေရာနဲ့တစ်နေရာဝေးကွာ နေပေမဲ့လည်း ချိတ်ဆက်လျက်ရှိပါတယ်။ နိုင်ငံခြားတိုင်းပြည်များမှ လူများအားလုံး ဒီနေရာမှာထိုင်နေပါတယ်။ များသောအားဖြင့် အမေရိကန်၊မက္ကဆီကို၊ ကနေဒါနိုင်ငံတွေကဖြစ်ပြီးတော့ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက်လက်ကိုဆွဲကိုင်ထားကြပါတယ်။ ဘုရားသခင်က သူ့ရဲ့နှုတ်ကပတ်တော်ကို ပြည့်စုံစေပါ တယ်။

အခုအချိန်မှာ လူတစ်ယောက်ကဘယ်လိုမတ်တပ်ရပ်ပြီးတော့ ဝိညာဉ်အားဖြင့် သူဟာ ပေတရုဆိုတဲ့လူ တစ်ယောက်ကိုနာမည်အားဖြင့် ခေါ်နိုင်မှာလဲ?ခင်ဗျားရဲ့နာမည်က ရှိမုန်ဖြစ်ပါတယ်။ ခင်ဗျားက ယောနရဲ့သား ဖြစ်တယ်လို့ဆိုပါတယ်။ ခင်ဗျားရဲ့ ခင်ပွန်းကို သွားခေါ်ပြီး ဒီကိုလာပါလို့ဆိုပါတယ်။ ကျွန်မမှာခင်ပွန်းမရှိပါဘူး။ တကယ့်တကယ်တော့ ခင်ဗျားမှာ (၅) ယောက်ရှိပါ တယ်လို့သူကပြောပါတယ်။

သူမက ဘာပြောလဲဆိုတော့ မေရှိယကဒီနေရာကိုရောက်လာတယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမယ့်လည်း ရှင်က ဘယ်သူလဲ? ငါကတော့ မေရှိယပဲဖြစ်တယ်လို့ ကိုယ်တော်ကပြန်ဖြေပါတယ်။

97 ၉၇။ ကိုယ်တော်ရှင်ဟာမနေ့၊ ယနေ့နဲ့ ထာဝရကာလအတူတူပဲဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကတိပေးတော် မူပါတယ်။ငါပြုသောအမှုထက်သင်တို့သာ၍ ပြုကြလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ ငါဟာခမည်းတော်ထံသို့ သွားရလို့ပဲဖြစ်ပါတယ်။ နောက် ဆုံးသောနေ့ရက်ကာလမှာ ပရောဖက်ဧလိယကိုသင်တို့ထံသို့ ငါစေလွှတ်မည်။ သူဟာ လူတွေရဲ့အတွေးအခေါ်တွေကို ပြောင်းလဲ မယ်။အဖတို့ရဲ့စိတ်နှလုံးကို သားသမီးတို့ထံသို့ ပြန်ရောက် ပြီးတော့ သမ္မာကျမ်းစာကိုတမန်တော်တို့ သွန်သင်သကဲ့သို့ သွန်သင် မှာဖြစ်ပါတယ်။ ညနေခင်းအချိန်မှာအလင်းရှိတယ်လို ဆိုထားတဲ့အတိုင်းပဲဖြစ်ပါတယ်။

ယခု ကျွန်တော်တို့ ဒီနေရာရောက်နေပါပြီ။ကြီးမြတ်တော်မူသော ကောင်းကင်ရဲ့အဖပဲဖြစ်ပါတယ်။ အချိန်ကာလ ဒီနေရာ မှာ ရှိနေပါတယ်။လက်တော်ကလည်း လူတွေအပေါ်မှာ ကျရောက်နေပါတယ်။

စာတန်မာရ်နတ် သင်ကရှုံးနိမ့်နေပါပြီ။သင်က လူလိမ်ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အစေခံအနေနဲ့ အစေခံတစ်ဦး သို့မ ဟုတ် အစေခံများအနေနဲ့သခင်ယေရှုနာမဥ္ဓ ကျွန်တော်တို့အမိန့်ပေးပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို နာခံပါ။လူတွေ ထဲကို ထွက်သွားပါ။ ဘာကြောင့်လဲဆိုတော့ ရေးသားထားတဲ့နှုတ်ကပတ်တော်ရှိလို့ပါပဲ? ငါ့ရဲ့နာမနဲ့ နတ်ဆိုးတို့ကိုသူတို့ကမောင်း ထုတ်လိမ့်မယ်လို့ ဆိုထားပါတယ်။

လူတွေအားလုံး လွတ်မြောက်ရတဲ့အခွင့်ကိုပေးမှာဖြစ်ပါတယ်။ မစတော်မူပါ။ အဖဘုရားသခင်။ ကိုယ်တော်ရှင် ဟာ ကောင်းကင်ရဲ့ဖခင်ဖြစ်တယ်။အနိုင်ရရှိသူလည်းဖြစ်ပါတယ်။ ကရာနီတောင်ကုန်းပေါ်က ကိုယ်တော်ရှင် ကဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဖျားနာခြင်းတွေအားလုံး၊ ရောဂါတွေအားလုံးနတ်ဆိုးရဲ့အလုပ်တွေအားလုံးကို ဖယ်ရှားနိုင်ခဲ့ပါတယ်။ ကိုယ်တော်ရှင်က ဘုရားဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ဒါဏ်ချက်တော်အားဖြင့် လူအများ ဟာအနာရောဂါငြိမ်းပါတယ်။ သူတို့အားလုံးလွတ်မြောက်ပါ တယ်။ သခင်ယေရှုနာမဥ္ဓဆုတောင်းပါတယ်။ အာမင်။

98 ၉၈။ အဖဘုရားသခင်ဒီနေရာမှာ ချထားတဲ့လက်ကိုင်ပုဝါတွေအားလုံးဟာ ကိုယ်တော်ရှင်ရဲ့ဝိညာဉ်ရှိနေတဲ့အချိန်ဖြစ်တဲ့အ တွက် သခင်ယေရှုခရစ်တော် လူတွေအပေါ်မှာဘိသိက်ပေးခြင်းဖြစ်ပါတယ်။ ကြီးစွာသောနိမိတ်လက္ခဏာတွေလည်း ကိုယ်တော်ရှင်ကတိပေးတဲ့အတိုင်း ဖြစ်ပါတယ်။ ကမ္ဘာမြေကြီးဟာ တုန်လှုပ်နေပါတယ်။မြေငလျင်လှုပ်ခြင်းတွေလည်း ဖြစ်ပေါ်နေပါတယ်။ ကိုယ်တော်ရှင်ပြောခဲ့တဲ့အတိုင်းပဲကြီးမြတ်တဲ့နိမိတ်လက္ခဏာတွေ ဖြစ်နေပါတယ်။ ကျမ်းစာချက်တွေက ပြည့်စုံနေပါတယ်။ ညနေခင်းအလင်းက တောက်ပနေပါတယ်။ ကျွန်တော့်ရဲ့ကိုယ်ခန္ဓာတွေကိုဒီလက်ကိုင်ပုဝါတွေပေါ်မှာ ကျွန်တော်လဲလျောင်းခိုင်းပါ တယ်။ ကိုယ်ခန္ဓာတစ်ခုလုံးယုံကြည်သူတွေအားလုံးကို ကိုယ်စားပြုပြီး ပြုလုပ်ခြင်းပဲဖြစ်ပါတယ်။ အရှေ့၊ အနောက်၊တောင်၊ မြောက်က လာသမျှလူတွေအားလုံးကိုကျွန်တော်ကိုယ်စားပြုပါတယ်။ နောက်ပြီးစာတန်ကို ကျွန်တော်ပြောပါတယ်။ ယေရှုခရစ် နာမဥ္ဓဒီလူနာတွေကနေပြီးတော့ ထွက်သွားပါ။ ဘုန်းတော်ထင်ရှားစေသည့် ဘုရားသခင်၏နှုတ်ကပတ်တော်ဘုန်းကြီးပါစေ။ ဘုရားသခင်၏နှုတ်ကပတ် တော်၌ နာဇရက်မြို့သားယေရှုခရစ်တော်ရဲ့နာမဥ္ဓဆုတောင်းပါ၏။ အာမင်။

99 ၉၉။ ယခုအခါမှာတိတ်ဆိတ်စွာ ငြိမ်သက်စွာ၊ နောက်ပြီး စိတ်နှလုံးကြေကွဲစွာနဲ့ပဲမိမိတို့၏စိတ်နှလုံးကို ယုံကြည်သူများကဲ့သို့ ချထားပါ။ အခုအခါမှာ သင်ဟာဘုရားသခင်ထံကနေ အနာငြိမ်းခြင်းကိုလက်ခံပါ။ သခင်ယေရှု၏နာမဥ္ဓဖြစ်ပါတယ်။ ထိုကဲ့သို့ပြုလုပ်ပြီးတော့ သင့်ရဲ့လက်ကို မြှောက်ထားမယ်ဆိုရင် အနာရော ဂါငြိမ်းခြင်းတွေရမှာဖြစ်ပါတယ်။ တခြားနယ်တွေမှာရှိတဲ့သူတွေ အားလုံးလည်း လက်ကို မြှောက်ထားပါ။ဒီနေရာမှာရှိတဲ့သူတွေ ကျွန်တော်တွေ့နိုင်သလောက် သူတို့လက်တွေကို ထောင်ထား ကြပါတယ်။အပြင်က လူတွေရော၊ အတွင်းထဲကလူတွေရော ပြတင်းပေါက်ကိုမှီပြီးတော့ အတွင်းတံခါးထဲမှာရှိတဲ့သူတွေရော၊ ဟိုး မှုကြိုထဲမှာရှိတဲ့သူတွေရော၊ ဒီအနီးအနားပတ်လည်မှာရှိတဲ့သူတွေတိုင်းပဲ သူတို့လက်တွေကိုထောင်ထား ပါတယ်။ သူတို့လက်ခံ ကြပါတယ်။ စာတန်ရှုံးနိမ့်သွားပြီဆိုတာသူတို့လက်ခံပါတယ်။ သခင်ခရစ်တော်ရဲ့ဒဏ်ချက်ရာတွေကသင့်ကိုအနာငြိမ်းစေပါတယ်။ ပပျောက်စေပါတယ်။ သခင်ယေရှုခရစ်တော်ရှိနေတော်မူခြင်း ဆိုတဲ့အချက်ကလည်း သူယနေ့အသက်ရှင်စေတဲ့အကြောင်းကို ဖော်ပြပါတယ်။ ကိုယ်တော်ရှင်ပြုလုပ်ခဲ့တဲ့ ကတိတော်တွေအားလုံးကိုတည်စေပါတယ်။ အာမင်။ ကိုယ်တော်ရှင်ကို ကျွနု်ပ်ယုံ ကြည်ပါတယ်။ သင်လည်းမယုံကြည်ပေးဘူးလား? ပရိသတ်ကလည်းအာမင်လို့ဆိုပါတယ်။

100 ၁၀၀။ ယခုအခါမှာကျွန်တော်တို့မတ်တပ်ရပ်ကြပါစို့။ သခင်ယေရှုခရစ်တော်၏နာမဥ္ဓ အရာခပ်သိမ်းကိုကျွန်တော်တို့လက်ခံပြီး တော့ ပြုလုပ်ခဲ့တဲ့အရာတွေအားလုံးအတွက်ကျေးဇူးတော်ချီးမွမ်းကြပါစို့။ ကိုယ်တော်ကိုကျွနု်ပ်တို့စိတ်နှလုံးအကြွင်းမဲ့ယုံကြည် ကြပါတယ်။ ကျွနု်ပ်တို့အတွင်းမှာရှိတဲ့အားလုံးတို့နဲ့အတူ ကိုယ်တော်ကို ကျွန်တော်တို့ချီးမြှောက်ကြပါတယ်။ ဒီညမိမိတို့ရဲ့အိမ်အ သီးသီးကို ပြန်သွားတဲ့အခါမှာ ဘုရားသခင် သင်တို့နဲ့အတူပါရှိပါ။ဘုရားသခင် သင်တို့ကို သန့်ရှင်းသောဝိညာဉ်တော်ပေးပြီးတော့ မရရှိသေးတဲ့သူတွေအတွက်ရရှိနိုင်ဖို့ဆုတောင်းပေးပါတယ်။

101 ၁၀၁။ လူတိုင်းမိန်းကလေးတိုင်း၊ ယောကျ်ားလေးတိုင်း၊ အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်း ဒီနေရာမှာရောက်ရှိနေတဲ့လူတွေ ယေရှုနာမဥ္ဓ ဗတ္တိဇံမခံရသေးဘူးဆိုရင် အဝတ်အစားလဲဖို့ရှိပါတယ်။ရေကန်လည်း ရှိပါတယ်။ မနက်ဖန်အတွက် မစိုးရိမ်ပါနဲ့။ ဒီနေ့လုပ်စ ရာရှိတာကို လုပ်ပါ။နက်ဖန်ဟာ သိပ်ပြီးနောက်ကျသွား မှာဖြစ်ပါတယ်။ ဒီနေ့အတွက် လုံလောက်ပါတယ်။ဘာကြောင့်လဲဆိုတော့ ဆိုးယုတ်တဲ့ကာလ ဖြစ်လို့ပဲဖြစ်ပါတယ်။ တရားဟောဆရာတွေရပ်နေပါတယ်။အဝတ်အစားတွေလည်းရှိပါတယ်။ စောင့်နေပါ တယ်။ ဘာမှချွင်းချက်မပေးပါနှင့်။ ခင်ဗျားတို့စောင့်နေကြပါသလား?ခင်ဗျားတို့ယုံကြည်ပါ။ ခင်ဗျားတို့ဘယ်လိုပဲ ဗတ္တိဇံခံခံ၊ ရေဖျန်းပဲခံခံ၊ရေလောင်းပဲခံခံ ဘာပဲဖြစ်ဖြစ် အဲဒါအမှားအယွင်းဖြစ်ပါတယ်။ အလင်းတန်းရောက် လာပါပြီ။လာပါ။ ယုံကြည်ပါ။ ဗတ္တိဇံခံပါ။

သန့်ရှင်းသောဝိညာဉ်တော်မရှိတဲ့သူတိုင်းသန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိဖို့ရန် လိုပါတယ်။ ခင်ဗျားတို့တစ်ယောက်စီအားလုံး ဘုရားသခင်တန်ခိုးတော်နဲ့ မေတ္တာတော်နဲ့ပြည့်ဝပါစေ။ကိုယ်တော်ရှင်ကတိ ထား တော်မူပါတယ်။ ကိုယ်တော် ရှင်၌အသစ်တစ်ဖန်ပြန်လည်ပြုပြင်ဖို့ပဲဖြစ်ပါတယ်။ ဘုရားကောင်းချီးပေး ပါစေ။

102 ၁၀၂။ နောက်တနင်္ဂနွေနေ့မနက်တိုင်အောင်(၉) နာရီခွဲအချိန်မှာ သီချင်းဆိုကြပါစို့။ ကျွန်တော်တို့ ဆိုနေကျသီချင်းပဲဖြစ်ပါတယ်။ နှစ်ပေါင်းများစွာဆိုခဲ့တဲ့ သီချင်းပဲဖြစ်ပါတယ်။

မိသားစုဆုတောင်းခြင်းကို မမေ့ပါနဲ့။

သခင်ယေရှု သင့်ကိုထိုနေရာမှာတွေ့လိုပါတယ်။

သင့်ရဲ့ကိစ္စအဝဝကို ကိုယ်တော်ရှင်တာဝန်ယူမှာ ဖြစ်ပါတယ်။

မိသားစုဆုတောင်းခြင်းကို မမေ့ပါနဲ့။

အားလုံးအတူတကွသီ ဆိုကြပါစို့။

မိသားစုဆု တောင်းခြင်းကို မမေ့ပါနဲ့။

ဘုရားသခင်က သင့်ကိုထိုနေရာမှာတွေ့လိုပါတယ်။

သင့်လိုအပ်ချက်တွေအားလုံးကိုကိုယ်တော်ရှင် တာဝန်ယူပါတယ်။

မိသားစုဆုတောင်ဖို့အတွက်ကိုမမေ့ပါနှင့်။

အခုတစ်ဖန် ထပ်၍ကျွန်တော်တို့ဆိုတဲ့အခါမှာ ကိုယ့်ဘေးနားမှာ ရှိတဲ့သူနဲ့ လက်ဆွဲနှုတ်ဆက်ပါ။အတူတကွသီချင်းဆိုပါ။

မိသားစုဆုတောင်းခြင်းကို မမေ့ပါနှင့်။

သခင်ယေရှုက သင့်ကိုထိုနေရာမှာတွေ့လိုပါတယ်။

ကိုယ်တော်ရှင်က သင်နဲ့ပတ်သက်တဲ့အရာတွေအားလုံးကို တာဝန်ယူလိုပါတယ်။

မိသားစုဆု တောင်းခြင်းကို မမေ့ပါနဲ့။

103 ၁၀၃။ ကိုယ်တော်ကိုမချစ်ပေဘူးလား? ကျွန်ုပ်ကိုယ်တော်ကို ချစ်ပါတယ်။ ကျွန်ုပ် ကိုယ်တော့်ကို ချစ်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ကိုယ်တော်ရှင်က ကျွန်ုပ်ကို စ၍ချစ်ပြီးတော့ ကျွန်ုပ်ကယ်တင်ခြင်းကို ဝယ်ယူပေးတဲ့အတွက်ပဲ ဖြစ်ပါတယ်။ အဲဒါဆွဲဆောင် မှုပဲဖြစ်ပါတယ်။ကားတိုင်၊ကရာနီကုန်းရဲ့ဆွဲဆောင်မှုပဲဖြစ်ပါတယ်။ နေဝင်တောင်ရဲ့ဆွဲဆောင်မှုလည်းဖြစ်နိုင်ပါတယ်။သိနတောင် နေဗောတောင်တို့ရဲ့ ဆွဲဆောင်မှုလည်း ဖြစ်ပါတယ်။ တကယ့်တောင်ထိပ်ကကွာခြားနေတဲ့အတွေ့အကြုံလေးကြောင့်ပဲဖြစ်ပါတယ်။ ယခု ဆက်ပြီး တော့သီချင်းဆိုကြပါစို့။

ကိုယ်တော်ကိုကျွန်ုပ်ချစ်ပါတယ်။

ကိုယ်တော်ကို ကျွန်ုပ်ချစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ကိုယ်တော်ရှင်ကျွန်ုပ်ကို စ၍ ချစ်သောကြောင့်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာကျွန်ုပ်တို့ရဲ့ကယ်တင်ခြင်းကို ကားတိုင်ပေါ်မှာ ဝယ်ယူပေးခဲ့ပါတယ်။

ကိုယ်တော်ကို ချစ်သောသူတွေအားလုံးအာမင်လို့ဆိုပါ။ ပရိသတ်ကလည်း အာမင်လို့ပြောပါတယ်။ ပြောတဲ့အတိုင်းပဲ ဖြစ်ပါစေ။ သင့်အတွက် ကိုယ်တော်ရှင်ဘာအမှုပြုသလဲဆိုတာကို စဉ်းစားပါ။ တကယ်ပဲ ဒီနေ့ညမှာအရက်ဆိုင်ဖွင့်ထားတဲ့ခန်းမထဲ မှာ ဘာဖြစ်သလဲဆိုတာကို သင်သိမှာဖြစ်ပါတယ်။ အဲဒါက သချႋင်းကုန်းဖြစ်ပြီးတော့အဲဒီသချႋင်းကုန်းထဲကို သင်ရောက်ရှိခဲ့ပြီးဖြစ် ပါတယ်။ ကျွန်ုပ်ကဲ့သို့ ဖြစ်ပါတယ်။ဘုရားသခင်ကရုဏာတော်ရဲ့ပြင်ပမှာ ရှိနေပါတယ်။ ကိုယ်တော်ရှင် သင့်အတွက် ဘာလုပ်ပေးပါသလဲ? ကိုယ်တော်ရှင်ကိုဆက်ပြီးတော့ ကျွန်တော်တို့ဘယ်လိုချစ်နိုင်ပါသလဲ? ကိုယ်တော်ရှင်ဟာ ပထမဆုံးပဲဖြစ် တယ်ဆိုတာ ကိုဘာမှဘယ်သူမှမပြောနိုင်အောင်လို့ ကွာခြားနေပါတယ်။

104 ၁၀၄။ ကျွန်ုပ်တို့မျက်စိ၊ မျက်လုံးတွေကို မှိတ်ပြီးတော့ ခေါင်းတွေကိုငုံ့ပြီးတော့ကိုယ်တော်ရှင်ထံတော်ပါးကို သီချင်းဆိုကြပါစို့။ ကိုယ်တော်ရှင်ဟာ သီချင်းဆိုတာကိုနှစ်သက်ပါတယ်။ ဓမ္မသီချင်းတွေဆိုတာကို နှစ်သက်ပါတယ်။ ကိုယ်တော်ရှင်ထံတော်ကို သီချင်းဆိုကြပါစို့။

ကိုယ်တော်ကို ကျွန်ုပ်ချစ်တယ်။

ကိုယ်တော်ကို ကျွန်ုပ်ချစ်တယ်။

ကိုယ်တော်ရှင်ကျွန်ုပ်ကိုဦးစွာချစ်သောကြောင့် ကျွန်ုပ်၏ကယ်တင်ခြင်းကို ကားတိုင်ပေါ်မှာ ဝယ်ယူသောကြောင့်ဖြစ်ပါတယ်။

ကျွန်ုပ်တို့ခေါင်းတွေငြိမ့်၊နှလုံးသားတွေနှိမ့်ချပြီး ကိုယ်တော်ရှင် ရှေ့တော်မှောက်မှာ ကျွန်ုပ်တို့မြင်တွေ့ရသမျှအတွက် ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ကျွန်ုပ်တို့ နားကကြားခဲ့ရသမျှအားလုံး ကိုယ်တော်ရှင်နှုတ်ကပတ်တော် ကိုမှတ်တမ်းတင်ထားပါတယ်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်ရှင်ယနေ့ကတိထားတော်မူပါတယ်။ဘုရား ကောင်းချီးပေးပါစေ။

105 ၁၀၅။ ယနေ့ညမှာကျွန်တော်တို့အတွက် ဧည့်သည်တစ်ယောက်ရှိပါတယ်။ ဧည့်သည်ကတော့ ဘရာသာ နက်ကအာဗင်ဆင် ပဲဖြစ်ပါတယ်။ ယခင်က သူပရက်ဘီတေးရီးယန်းအမှုတော်ဆောင်တစ်ယောက်ဖြစ်ပါတယ်။ သူ့အဖေသူ့အစ်ကိုတွေကလည်း အားလုံးပဲ

ပရက်စ်ဘီတေးရီးယန်းအမှုတော်ဆောင်တွေပဲ ဖြစ်ပါတယ်။သူ့ကိုတော့ ကျွန်တော်နားလည်သလောက်ဆိုရင် ယနေ့ဗတ္တိဇံ ခံပါတယ်။ ယေရှုနာမည်ပဲဖြစ်ပါတယ်။ သူက အမှုတော်ဆောင်ဖြစ်ပြီးတော့ တကယ်ကောင်းတဲ့သူတစ်ယောက်ဖြစ်ပါတယ်။ ယခု ကျွန်တော်သူ့ကို မေးခွန်း မေးချင်ပါတယ်။ဘုရားသခင်ရဲ့အစေခံကျွန်အဖြစ် ကျွန်တော်ယုံကြည်ပါတယ်။ ဒီပရိသတ်ပေါ်မှာ ဘုရားသခင်ကောင်းချီးပေးဖို့အတွက် ဆုတောင်းပါတယ်။ ခင်ဗျားတို့ ပြန်သွားတာနဲ့အမျှဘုရားသခင် ကောင်းချီး ခံစားရပါစေ။

ဘရာသာနက်ကက်အာဗင်ဆင် ရှေ့တက်လာပါ။ကျွန်တော်တို့ ခေါင်းငုံ့ပြီးဆုတောင်းကြမှာ ဖြစ်ပါတယ်။ ခင်ဗျား ကို ဘုရားသခင်ကောင်းချီးပေးပါစေ။

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)